www.burmeseclassic.com

အောင်မြင်စာပေ




# စကားပြောတဲ့အသည်းနှလုံး



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း...ဟင့်အင်း...မေမေ အဲ့လိုမလုပ်ပါနဲ့၊ အဲ့လို မလုပ်ပါနဲ့၊ သား တစ်သက်လုံး ကြေကွဲပြီး ကျန်ရစ်ခဲ့ရအောင် မလုပ်ပါနဲ့၊ သား မေမေနဲ့ တမလွန်မှာပဲ အတူနေပါရစေ။

သား ဘဝဟောင်းကို ပြန်မသွားပါရစေနဲ့တော့...

([illegible]ရော်)

www.burmeseclassic.com

www.burmeseclassic.com




သား…မေမေလေ…ဖြစ်နိုင်ရင် မေမေ့နလုံးကို သားကို အစားထိုးပေးချင်လိုက်တာ သား ယုံလား၊ အမေတွေဟာ သူတို့သားသမီးအတွက်ဆို အသက်ကို ပေးဝံ့တယ်…၊

အသက်ကို လဲဝံ့တယ်။

(ဒေါ်ခိုင်ကျော်အောင်)

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် မျက်စိဖွင့်ရင်....
ပြန်တွေ့ကြမယ်လေ...မောင်....
(ယမုန်နာ)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

"မောင်ရေ...ရေချိုးတာ ကြာနေပြီနော်၊ အအေးပတ်မယ် တော်တော့"

ယမုန် ခပ်စူးစူးလေး အော်ပြောလိုက်တယ်။

မောင်ဟာ ယမုန်နဲ့များဆိုရင် ကလေးလေးကျနေတာပဲ...၊ တစ်ဦးတည်းသောသားပီပီ ကလေးဆန်ချင်တယ်။

သူ့မမေနဲ့ဆိုရင်တော့ ဂျစ်ကျတတ်တယ်တဲ့၊ သူ့မမေက နေရာတကာ ဇယားကြီးအတိုင်း လှုပ်ရှားခိုင်းတတ်လို့ သူကလည်း ပြန်အရွဲ့တိုက်တတ်တယ်တဲ့...



www.burmeseclassic.com

www.burmeseclassic.com



(အဲ့ဒီအပြုအမူကြောင့် ယမုန့်ဘဝရဲ့ အရမ်းအရေးကြီးတဲ့ ကိစ္စတစ်ခုဟာ ကံကောင်းစေခဲ့တာပေါ့)။

ဒါပေမယ့် သူဟာ လုပ်ငန်းခွင်မှာဆိုရင်တော့ အင်မတန်တိကျပြတ်သားတဲ့...ပါးနပ်ကျွမ်းကျင်တဲ့...လူကြီးလူကောင်းတစ်ယောက် ပုံစံအပြည့် ဖမ်းတတ်တယ်လေ။

မောင့်ဆီက တုံ့ပြန်သံ မကြားရဘူး။

"ဘုတ်!!...ဘုတ်!!..."

ယမုန် တံခါးကို ခပ်ပြင်းပြင်းလေး ပုတ်လိုက်တယ်။

"မောင်ရေ...ရေချိုးခန်းထဲက ထွက်တော့လေ၊ အအေးမိလိမ့်မယ်ဆို"

နောက်တစ်ခွန်း ထပ်အော်လည်း မောင့်ဆီက ဘာသံမှမကြားရပြန်ဘူး။ ယမုန် နည်းနည်းစိတ်ပူသွားတယ်။

"မောင် ပြောနေတာ မကြားဘူးလားလို့..."

ယမုန် ဒီတစ်ခါတော့ အသံအကျယ်ကြီးနဲ့ အော်လိုက်မိတယ်။

တံခါးကို တအားထုမလို့ လက်ဟန်ပြင်လိုက်စဉ်မှာပဲ တံခါးက ချပ်ခနဲ ညင်သာစွာ ဟသွားခဲ့တယ်။

ဒါပေမယ့် လူကိုမတွေ့ရဘူး။

ကျွန်မရဲ့သွေးနားထင်တွေ တဒိုင်းဒိုင်းနဲ့ ဆောင့်ခုန်သွားတယ်။

မောင်...မောင်..ဘာများဖြစ်နေပြီလဲ။

ကျွန်မ ရေချိုးခန်းထဲ ပြေးဝင်လိုက်တယ်။

မောင့်ကို Bathtub ကြွေဇလားရဲ့အောက်ခြေမှာ ပက်လက်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ တွေ့လိုက်ရတယ်။

"မောင်!...မောင်!"

မောင်က မျက်လွှာပိတ်လျက်သား။

နှုတ်ခမ်းလည်း တင်းတင်းစေ့လျက်သား။

မောင့်နှုတ်ခမ်းတွေ ပြာနှမ်းနေပြီ။

ရေမျက်နှာပြင်ပေါ်ကို ပလုံစီတွေ တက်မလာဘူး။

ဟင့်အင်း...မောင်မသေရဘူး၊ မောင် သေလို့မဖြစ်ဘူး။

မောင်...မောင်ရယ်...ကျွန်မဘက်ကို ငဲ့ပါဦး။

ခုလိုအချိန်မှာ..မောင် သေလို့ မဖြစ်သေးဘူးလေ။

ကျွန်မကို မှောင်မိုက်တဲ့ ချောက်ကမ္ဘာကြီးထဲမှာ တစ်ယောက်တည်း ထားရစ်ခဲ့တော့မလား။

ရေပြင်အောက်ခြေမှာ မလှုပ်မယှက် ငြိမ်သက်နေတဲ့ မောင့်ကိုကြည့်ပြီး...ကျွန်မ ဆောက်တည်ရာမရအောင် တုန်လှုပ်ချောက်ချားနေမိတယ်။

မောင်မရှိတော့ရင် သွားပြီ။

ကျွန်မရဲ့ဘဝတစ်ခုလုံး သွားပြီ။

ကျွန်မ ဘယ်လိုရပ်တည်ရမလဲ မောင်ရဲ့။

ရေထဲမှာ တောင့်တင်းပြီးငြိမ်သက်နေတဲ့ မောင့်ကို...ကျွန်မ တွေတွေကြီး စိုက်ကြည့်နေမိတယ်။

မောင် အသက်မရှိတော့ဘူး။

မောင်နဲ့ကျွန်မ နှစ်ယောက်ထဲ...။

ပတ်ဝန်းကျင်ကလည်း ပကတိ တိတ်ဆိတ်ငြိမ်သက်လွန်းနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ကြွေဇလားထဲမှာ တောင့်တင်းအေးစက်နေမှာဖြစ်တဲ့ မောင့်အသက်မဲ့ ခန္ဓာကိုယ်ကိုကြည့်ပြီး တဖြည်းဖြည်းနဲ့ ယမုန် ကြောက်စိတ်တွေ စိမ့်ဝင်လာမိတယ်။

ယမုန် ကြက်သီးတွေ ဖြန်းခနဲ ထလာတယ်။

ကြောက်စိတ်ကြောင့် ယမုန့်ရင်ထဲ တလှပ်လှပ်ခါလာခဲ့တယ်။

စိုက်ကြည့်နေရင်းကနေ မောင့်မျက်တောင်တွေ တရွရွ လှုပ်လာတယ်လို့ ထင်မိတယ်။

ဟုတ်ရဲ့လား...။

တလှပ်လှပ် ခါနေတဲ့ရင်ဘတ်ကို ဖိပြီး ယမုန် သေချာအောင် ခေါင်းလေး ရှေ့ထုတ်ကြည့်လိုက်တယ်။

ဟင့်အင်း...မဟုတ်ပါဘူး၊ ဘာမျက်တောင်မှ မခတ်ပါဘူး။

ငါ့နှယ်။

ယမုန် ဟင်းခနဲ...သက်ပြင်းချလိုက်တယ်။

အဲ့ဒီအချိန်မှာပဲ မောင့်မျက်လုံးတွေဟာ ဖြုန်းဆို...ဖျတ်ခနဲ ပွင့်လာခဲ့တယ်။

"**အား!!...**"

ယမုန် မျက်လုံးစုံမှိတ်ပြီး အော်လိုက်မိတယ်။

ကြောက်စရာ ကောင်းလိုက်တာ...

လိပ်ပြာလွင့်ထွက်သွားမတတ်ပဲ။

ယမုန် ကြောက်လန့်တကြားနဲ့ ရေချိုးခန်းထဲကနေ ပြည့်ထွက်ပြေးဖို့ ပြင်လိုက်တဲ့အချိန်မှာပဲ...



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲဆို အေးစက်နေတဲ့ လက်ချောင်းတွေက ယမုန်ကို ဆောင့်ဆွဲတာ ခံလိုက်ရတယ်။

"အား!...အား!...လုပ်ကြပါဦး၊ ကယ်ကြပါဦး"

"ဟိတ်...ဘာတွေ လျှောက်အော်နေတာလဲ ကလေးမ"

"အံမယ်လေး!"

သွေးပျက်မတတ် ကြောက်နေမိရင်းကနေ ယမုန် သူ့ကို မရဲတရဲ လှည့်ကြည့်လိုက်မိတယ်။

"ဟား...ဟား...ဟား"

သူက မျက်ခုံးပင့်ပြီး အော်ရယ်နေသေးတယ်။

ဘုရား...ဘုရား...။

ခုထိ ယမုန့်ရင်ထဲ တဒိန်းဒိန်း တုန်နေတုန်းပဲ။

"မောင်"

"ညောင်"

ကြည့်စမ်း...၊ သူကတော့ နောက်နေနိုင်သေးတယ်။

ယမုန် နည်းနည်းလေး မျက်လုံးဝင့်ကြည့်လိုက်တယ်။

"မောင်...မောင် မသေဘူးနော်"

"ရင်ခုန်နေတုန်းပါ ခင်ဗျ၊ မယုံ...စမ်းကြည့်ပါ"

မောင်က ရင်ကော့ပြတယ်။

ယမုန် လက်ချောင်းထိပ်လေးတွေနဲ့ မောင့်ရင်ဘတ်ကို ဖွဖွကလေး စမ်းလိုက်တယ်။

ဟုတ်သားပဲ၊ မောင် တကယ်ပဲ ရင်ခုန်နေတုန်းပဲ။

"ကြည့်စမ်း...ခုနတုန်းကတော့"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်စမ်းကြည့်တာလေ"

ယမုန် နည်းနည်းတင်းသွားတယ်။

"ဒါ စမ်းစရာလား မောင်ရဲ့၊ ယမုန်ကတော့ မောင် သေသွားပြီထင်လို့ စိုးရိမ်လိုက်ရတာ၊ ရှူးတော့မယ် သိလား"

"ကြောက်လိုက်ရတာဆိုတာလည်း ထည့်ပြောဦးလေ"

ယမုန် ရှက်ကိုးရှက်ကန်းနဲ့ မောင့်ကို မျက်စောင်းထိုးထည့်လိုက်တယ်။

မောင်က ယမုန့်ကို အသေအချာ စိုက်ကြည့်တယ်။

ယမုန့်မျက်လုံးတွေထဲကို စူးနစ်နေအောင် စိုက်ကြည့်တာပါ။

မောင့်အကြည့်တွေကြောင့် ယမုန့်ကိုယ်ယမုန် မလုံခြုံတော့သလို ခံစားလိုက်ရတယ်။

မောင့်မျက်လုံးတွေက တစထက်တစ နင့်ဆွေးလာသလိုပဲ၊

"မောင် မရှိတော့ရင်...မင်း ဘယ်လိုကျန်ရစ်ခဲ့မလဲလို့ မောင်သိချင်တယ် ယမုန်"

"မောင်...ဟင့်အင်း"

ကျွန်မ မောင့်ရင်ခွင်ထဲ ဝင်လိုက်ပြီး မောင့်နှုတ်ခမ်းလွှာတွေကို လက်ဝါးနဲ့ တင်းတင်းဖိပိတ်လိုက်တယ်။

မောင်က ကျွန်မလက်ဝါးကို ဖွဖွမွှေးပြီး...အသာဖယ်ရှားလိုက်တယ်။

"မင်း မောင့်ရဲ့အသုံးမကျတော့တဲ့ ခန္ဓာကိုယ်ကို ထားရစ်ခဲ့မှာပေါ့နော်၊ ပြီးတော့...မင်းကို ပျော်ရွှင်အောင်ထားနိုင်မယ့် အခြားတစ်ယောက်နဲ့..."



www.burmeseclassic.com

www.burmeseclassic.com



မောင့်စကားလုံးတွေက ယမုန်နှလုံးသားကို အပ်ဖျားလေးနဲ့ ဖိဖိထိုးနေသလိုပဲ စူးရှနာကျင်စေတယ်။

ယမုန် မောင့်ကို စကားလမ်းကြောင်းလွှဲဖို့ ကြိုးစားလိုက်တယ်။

"ရေနဲ့ပတ်သက်ပြီး ကျွန်မ ကြားဖူးတဲ့သရဲအကြောင်း မောင့်ကို ပြောပြမယ်"

"သရဲအကြောင်း...အဟား...ပုံပြင်လား"

မောင်က ပခုံးတွန့်ပြီး လှောင်သလို ပြန်မေးတယ်။

"မဟုတ်ဘူး...တကယ့်အဖြစ်အပျက်၊ ကျွန်မမေမေရဲ့ တကယ့်အဖြစ်အပျက်၊ မေမေပြောပြတာ...အိုး..သိပ်ကြောက်ဖို့ကောင်းတာပဲမောင်ရယ်"

"ဟုတ်လား...သိပ်ကြောက်ဖို့ကောင်းတယ်ဆို ပြောပြစမ်းပါဦး၊ ကိုယ်လည်း သရဲအကြောင်းဆို အရမ်းစိတ်ဝင်စားတယ်"

"ဒီလို မောင်ရဲ့..."



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

ငွေရောင်တလက်လက် ထနေတဲ့ ရေပြင်ကိုကြည့်ပြီး... သီတာ အံ့သြမှင်သက်နေမိတယ်။

ဒီနေရာကို သူမ ဘာကြောင့် ရောက်လာခဲ့ရတာလဲ။ သူမ အိပ်ယာထဲမှာပဲ ရှိနေရမှာလေ...ခုတော့ ချောင်းစပ်လေးမှာ တစ်ယောက်တည်း ရပ်လို့နေပါလား။

သူမရဲ့အသိစိတ်တွေကို ဖမ်းဆုပ်မရဘူးဖြစ်နေတယ်။

ချောင်းရေပြင်မှာ ညင်သာစွာ လှုပ်ခတ်နေတဲ့ လရိပ်ကို တွေ့လိုက်ရတော့...မိုးကောင်းကင်ကို မော့ကြည့်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အို...ကောင်းကင်မှာ လမင်းဟာ ဝိုင်းစက်လို့ပါလား။

လရဲ့အရောင်ကလည်း လင်းပ ပြာလဲ့လို့နေတယ်။

လပြည့်ညပါလား။

သီတာက ကောင်းကင်က လကိုတစ်လှည့်၊ ရေပြင်က လကို တစ်လှည့်ကြည့်နေမိတယ်။ ကြည့်နေမိရင်းကနေ...

ရေပြင်က လရဲ့အရိပ်ဟာ သိသိသာသာကို လှုပ်ခတ်သွားတယ်။

အမြင်များ မှားသလားလို့ မျက်တောင်တွေကို အကြိမ်ကြိမ် အခါခါ ခတ်ပြီး ကြည့်မိတယ်။

အဲဒီအချိန်မှာပဲ...

ရေထဲမှာ လရဲ့အရိပ်အောက်ကနေ တစ်စုံတစ်ရာဟာ တစ်စ ထက်တစ်စ တိုးထွက်လာတယ်။

ပီပြင်စွာ မြင်လိုက်ရတဲ့အချိန်မှာ...သီတာရဲ့မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရတယ်။

အရုပ်ခေါင်းပြတ်။

မွေးကင်းစ ကလေးငယ်နီးပါးမျှ ရှိတဲ့ အရုပ်ခေါင်းပြတ်။

ဒါ..ဒါ..နေ့လည်ခင်းက သူမကိုယ်တိုင် လာပြီးစွန့်ပစ်ထားတဲ့အရုပ်ပဲ။

အရုပ်အသစ် လိုချင်တိုင်း အရုပ်အဟောင်းကို ခြေတွေလက်တွေ တစ်စစီ ဖြုတ်ပစ်ပြီး ခြံနောက်က ချောင်းမှာ မျှောပစ်တတ်တဲ့ သီတာအကျင့်။

လရိပ်အောက်ကနေ နောက်ထပ် ခြေပြတ်လက်ပြတ်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုချင်းစီ ထွက်လာပြီး...ခေါင်းပြတ်ရဲ့အနားမှာ ဝဲလည်လှည့်နေတယ်။

ဒါ..မဖြစ်နိုင်တာပဲ။

သွေးရိုးသားရိုး မဟုတ်ဘူးလို့ သူမ သိလိုက်တဲ့အချိန်မှာ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားတယ်။

အဲ့ဒီအချိန်မှာပဲ အရုပ်ခေါင်းပြတ်ရဲ့ပါးစပ်ဟာ ပွင့်လာပြီး...

"သီတာ...သီတာ..ငါ့ကို ပြန်တပ်ပေးပါ၊ ငါ့ကို ခြေတွေ လက်တွေ ပြန်တပ်ပေးပါ၊ ငါတောင်းပန်ပါတယ်ဟာ"

အရုပ်ခေါင်းပြတ်ဆီက ကလေးငယ်တစ်ယောက်ရဲ့အသံမျိုး ကြားလိုက်ရတဲ့အခါမှာ..ကြောက်လန့်မိလွန်းလို့ သူမတစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေမိတယ်။

"သီတာရယ်...နင်သိပ်ရက်စက်တာပဲ၊ ငါ့ကို အကောင်းကြီးကနေ ခြေတွေလက်တွေ ဖြုတ်ပစ်တယ်၊ အခုတော့ ငါ..ငါ..ဒုက္ခိတ ဖြစ်ရပြီ"

"ဘာဆိုင်လဲ...နင်..နင်က သက်ရှိမှ မဟုတ်ဘဲ၊ နင်က အရုပ်ပဲ သက်မဲ့ပဲ"

"ငါက အရုပ်ဆိုပေမယ့် ဝိညာဉ်ရှိတယ်"

"ဝိညာဉ်ဟုတ်လား...အံမယ်လေး"

ဝိညာဉ်ဆိုတဲ့စကားလုံး ကြားလိုက်ရတာနဲ့ သီတာဟာ...အိမ်ဘက်ဆီ တဟုန်ထိုး ပြေးလာခဲ့မိတော့တယ်။

နောက်တစ်နေ့မှာ သီတာဟာ အပြင်းဖျားတော့တယ်။

လူကြီးတွေဟာ သီတာ ပြောပြတဲ့အတိုင်း ချောင်းထဲသွား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ တကယ်ပဲ ပေါလောမျောပြီး စုပုံဝဲလည်လှည့်နေတဲ့ အရုပ်ခြေပြတ်ခေါင်းပြတ်တွေ တွေ့ခဲ့ရတယ်။

ဘာပဲဖြစ်ဖြစ် အပြင်းဖျားနေတဲ့ သီတာ့အတွက် စိတ်ရှင်းရအောင် အရုပ်ရဲ့ခေါင်းပြတ်ခြေပြတ်တွေကို ဆယ်ပြီး မီးပုံရှို့တဲ့အခါမှာ ကော်ညှော်နံ့ မထွက်ဘဲ..အသားကို လောင်တဲ့ ညှော်နံ့မျိုးပဲ ရခဲ့ကြသတဲ့။

အဲ့ဒီနေ့ကစပြီး သီတာဟာ အရုပ်တွေနဲ့ မဆော့တော့ဘူး။

နောက်ပြီး...ညအချိန် ယောင်ပြီး လမ်းထလျှောက်တတ်တဲ့အကျင့်ပါ ပျောက်သွားတော့တယ်တဲ့။

"ဟား...ဟား...ဟား..."

ကျွန်မစကားကို ဆုံးအောင် နားထောင်ပြီးတဲ့အချိန်မှာ မောင်က အော်ရယ်တယ်။

"ဟော့...ဘာရယ်စရာပါလဲ မောင်ရဲ့၊ ကျွန်မ ပြောပြနေတာ သရဲအကြောင်းလေ"

"ယမုန်ပြောပြတာက ကိုယ့်အတွက် ရယ်စရာကောင်းနေတာတိုးကွ၊ ကိုယ်က တကယ်မှတ်လို့ နားထောင်နေတာ၊ ယမုန့်မေမေရဲ့ ချာတိတ်ပေါက်စလေးဘဝက အဖြစ်အပျက်ဆိုတော့..ကြောက်စရာမကောင်းတဲ့အပြင် ကိုယ်က ရယ်ချင်လာတာပေါ့"

"အိုး...ရယ်စရာမကောင်းပါဘူး၊ ကျွန်မဖြင့် မေမေပြောပြတုန်းကဆို ကြောက်လွန်းလို့ ကြက်သီးတွေပါ တဖြန်းဖြန်းထတာ"

"ဟုတ်လား...ကိုယ့်အတွက်တော့ ကြောက်စရာမကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



“အို...ကျွန်မ ကြားဖူးတဲ့ သရဲအဖြစ်အပျက်တွေ အများကြီး ရှိသေးတယ်၊ အရမ်းကြောက်စရာကောင်းတဲ့...”

ကျွန်မ ခြေဟန်လက်ဟန်အပြည့်နဲ့ မောင့်ကို စိတ်ပါလက်ပါ ဆက်ပြောဖို့ အရှိန်ယူလိုက်ဆဲမှာပဲ...

“အိုကေ..အိုကေ..နောက်တော့ ကိုယ်တို့အေးအေးဆေးဆေး အချိန်ယူပြီး ပြောကြတာပေါ့၊ ယမုန်ပြောပြမယ့် သရဲပုံပြင်တွေ ကိုယ် စိတ်ဝင်စားပါတယ်၊ လောလောဆယ်တော့ ကိုယ်အချိန်မရှိတော့ဘူး၊ သွားတော့မယ်နော် ယမုန်လေး...ဘိုင့်”

ယမုန့်ကို နှုတ်ဆက်ပြီး..သူ ရှေ့ကနေ ခပ်သွက်သွက် ထွက် သွားတော့..ယမုန် တော်တော်အံ့ဩသွားတယ်။

“ဟော့...မောင်၊ ရှင်ဘယ်လိုလုပ်တာလဲ!”

သူ ယမုန့်ကို လှည့်မကြည့်ဘဲ လက်ပဲပြတယ်။

“ဆောရီး ယမုန်၊ ကိုယ်နောက်ကျနေပြီ”

ကျွန်မ သူ့နောက်ကို ကမန်းကတန်းလိုက်ရင်း...

“ရှင် ကျွန်မနဲ့ မနက်စာ အတူတူ မစားတော့ဘူးပေါ့..ဟုတ် လား!”

“မေမေ မနိုးခင် ကိုယ် အိမ်အမြန်ပြန်ရောက်မှဖြစ်မယ်လေ ယမုန်လေး၊ မင်း နားလည်တယ် မဟုတ်လား”

“နေဦး မောင်...ခဏ...ခဏလေး၊ ကျွန်မက မောင်နဲ့ မောင့် မေမေတို့ ကြားထဲမှာ ဘာလဲ၊ ကျွန်မရဲ့အခန်းကဏ္ဍဟာ ဘာလဲ၊ ကျွန်မက မောင့်အတွက် ဘာမှ အရေးပါ အရာမရောက်တဲ့သူလား!”

မောင့်အပြုအမူတွေက ကျွန်မကို တခါတရံမှာ အရမ်း

www.burmeseclassic.com

www.burmeseclassic.com



နာကျင်စေတယ်။

ကျွန်မမျက်ဝန်းတွေ ပူနွေးစိုစွတ်လာတယ်။

သူ ကျွန်မကို လှည့်ကြည့်တဲ့အချိန်မှာ ကျွန်မမျက်တောင် တပျာကယာ ခတ်ပြီး မျက်နှာလွှဲနေလိုက်တယ်။

သူ သက်ပြင်းရှိုက်ပြီး ကျွန်မပခုံးပေါ် လက်နှစ်ဘက် ဖွဖွတင် တယ်။

"ယမုန်ရယ်...ခုချိန်မှာ ကိုယ့်ကို နားလည်ပေးပါ၊ ခဏလေး ပါ...ခဏလေး သည်းခံပေးပါ၊ ကိုယ်...မေမေနဲ့ ညှိနှိုင်းမှာပါ၊ ယမုန့် ကို ကိုယ်စိတ်ချမ်းသာအောင် ထားမှာပါ၊ နော်...ကလေး၊ ကဲ...ကိုယ်သွား ခယ်နော်"

ပြောပြောဆိုဆို သူ ကမန်းကတန်း ပြေးထွက်သွားတော့ တယ်။

ကျွန်မ သူ့ကျောပြင်ကို ခါးခါးသီးသီး စိုက်ကြည့်ရင်း ကျန်ရစ် ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

သူ အိမ်ပြန်ရောက်တဲ့အချိန်မှာ မေမေက နိုးနှင့်နေပြီ။

ရေချိုးအဝတ်အစားလဲပြီး မနက်စာစားဖို့ ထမင်းဝိုင်းမှာ အသင့်စောင့်နေတယ်။

သူ နည်းနည်းမလုံခြုံသလို ခံစားလိုက်ရတယ်။

မေမေ့ရှေ့မှာ သူ့ကိုယ်သူ အပြစ်ရှိတဲ့ ကလေးငယ်လေးတစ်ယောက်လိုပဲ ရှိုးတိုးရှန့်တန့် ဖြစ်နေမိတယ်။

"ဘယ်က ပြန်လာတာလဲ သား"

"လမ်းလျှောက်ပြီး ပြန်လာတာ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အကြည့်တွေက စူးရှလွန်းတယ်။

သူ မေမေနဲ့ မျက်လုံးချင်းမဆုံမိအောင် သတိထားနေရတယ်။

"မိန်းကလေးအနံ့...မိန်းကလေးအနံ့ ရတယ် သားဆီက"

မေမေက နှာခေါင်း ရှုံ့ပွရှုံ့ပွလုပ်ရင်း ပြောတော့...သူ တော်တော်နေရထိုင်ရ ခက်သွားတယ်။

"မေမေကလဲဗျာ...ပေါက်ကရ"

"မဟုတ်ဘူး...မိန်းကလေးတွေ သုံးလေ့သုံးထရှိတဲ့ အလှပြင်ပစ္စည်းအနံ့မျိုး ရနေတာ"

"ဟာ...မေမေကလဲ၊ မေမေပဲ သုံးထားပြီးတော့..."

မေမေက သူ့ကို ခပ်စူးစူး ပြန်ကြည့်တယ်။

"မေမေသုံးတတ်တဲ့ ပစ္စည်းအနံ့အသက်မျိုး မဟုတ်ဘူးသား"

သူ ခပ်တိုးတိုးလေး ကျစ်ခနဲ စုတ်သပ်လိုက်မိတယ်။

"မေမေ...ကျေးဇူးပြုပြီး ကျွန်တော် အသက်နှစ်ဆယ်ကျော်ပြီဆိုတာ သတိရပေးပါလား"

မေမေက နှုတ်ခမ်းထောင့်စွန်းလေး တွန့်ကွေးလိုက်တယ်ဆိုရုံပြုံးတယ်။

"အိုကေ..အိုကေ..မေမေ့သားလေးကို မေမေက စိတ်ထိခိုက်နာကျင်ရမှာ စိုးရိမ်လွန်းလို့ပါကွယ်"

*( ကျေးဇူးတင်ပါတယ် မေမေ၊ ယမုန်က သားကို အစစအရာရာ စိတ်ချမ်းသာ ပျော်ရွှင်စေသူပါ )*

"ဘာဖြစ်လို့လဲဆိုတော့ သားက စိတ်ထိခိုက်လို့ မဖြစ်ဘူးလေ၊ ပြီးတော့..သားကို မေမေ့လို ဘယ်သူက အရိပ်တကြည့်ကြည့်နဲ့ ပြုစု



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာလဲ၊ သားကို မေမေ ဘယ်လိုမိန်းကလေးမျိုးနဲ့မှ စိတ်မချနိုင်ဘူး"

*(ယမုန်က မေမေ့နီးပါး သားကို ဂရုစိုက်ပါတယ်၊ မေမေ့ထက် သာတာက သူက ဆေးအကြောင်းကို မေမေ့ထက်တောင် နားလည်ပါသေးတယ်)*

"မေမေ...သားတို့ အလုပ်ကိစ္စ ပြောကြရအောင်"

သူ မေမေ့ကို သိသိသာသာပဲ စကားလမ်းကြောင်းလွှဲလိုက်တယ်။

မေမေက ခေါင်းညိတ်ပြီး လက်ခံပါတယ်။

"အိုကေ...နေ့လည်ကျရင် နယ်က ကုန်သည်တွေ လာမယ်၊ အဲ့ဒါ သား..."

"အာ...ဆောရီး မေမေ၊ ဒီနေ့နေ့လည် သားသူငယ်ချင်း တစ်ယောက်နဲ့ ချိန်းထားသေးတယ်၊ ရုံးမှာ အန်ကယ်မောင်မောင်တို့ ရှိမှာပဲ"

"မတွေ့ဘူးလေ သား၊ မင်းသူငယ်ချင်းက ဘာမို့လို့..."

မေမေ့စကားမဆုံးခင် သူ အမြန်ဖြတ်ပြောလိုက်တယ်။

"သီဟကိုပြောတာ မေမေ၊ သူဟာ သား အမြဲတစေ မဖြစ်မနေ တွေ့ရမယ့်သူပဲ၊ သားစိတ်ဓါတ်ကို သူက အမြဲမြှင့်တင်ပေးနေတာ"

မေမေက ဘာမှ မတတ်နိုင်တော့ဘူးဆိုတဲ့သဘော သူ့ကို ပခုံးတွန့်ပြတယ်၊ သူ စားလက်စကို ခပ်မြန်မြန် လက်စသတ်လိုက်ပြီး ကားထဲကနေပဲ မေမေ့ကို ထိုင်စောင့်နေလိုက်တယ်။

ကျွန်တော် မေမေ့ကို သိပ်ချစ်တယ်။

မေမေကလည်း ကျွန်တော့်ကို သိပ်ချစ်မှန်း သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် မေမေဟာ ကျွန်တော့်အပေါ် ဂရုစိုက်မှုတွေ လွန်ကဲနေတယ်လို့ ကျွန်တော်ထင်တယ်။

ကျွန်တော့်ကို ချုပ်ချယ်နေသလိုပဲ။

မေမေနဲ့ မျက်နှာချင်းဆိုင်ရတိုင်း ကျွန်တော် စိတ်ကျဉ်းကျပ်နေတတ်တယ်။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

ကျွန်တော် မသိမသာ ပြုံးလိုက်မိတယ်။

သီဟက ကျွန်တော့်ကို လှော့ပြီးရိုက်နေတယ်။

ကျွန်တော် ပြေးပြေးလွှားလွှားနဲ့ အမောခံ မရိုက်နိုင်ဘူးလို့ ဒီလူတွက်ထားပုံရတယ်။ အမှန်တကယ်လည်း ကျွန်တော် အမောမခံနိုင်ပါဘူး။ ဒါပေမယ့် အဲသလို ပြေးပြေးလွှားလွှား သိပ်မလုပ်ရတော့ လည်း တင်းနစ်ကစားရတာ အဆင်မပြေလှဘူး။

"ဟော့လူ...လာပြီနော်၊ အဲ့ဒါ ယမုန်လေးလို့ သဘောထား လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သီဟပြောတဲ့စကားကို သိပ်မကြိုက်ချင်ဘူး။

ယမုန်ဟာ သူနဲ့ကျွန်တော်ရဲ့ကြားမှာ ဟိုဘက်ဒီဘက် ရိုက်လွှတ်ရမယ့် ဘောလုံးလေးတစ်လုံးမှ မဟုတ်ဘဲ။

"ဘယ့်နှယ်..အသည်းလေးနာမည် ပြောလိုက်မိတာနဲ့ မျက်နှာပျက်သွားရသလား...ဆောရီးပါဗျာ"

ကျွန်တော် သီဟကို အေးဆေးပါဆိုတဲ့သဘော လက်ပြလိုက်တယ်။ ကျွန်တော် လူကြီးဆန်ရမယ်လေ။

တကယ်တော့ ကျွန်တော် ဘာအားကစားမှ ဝါသနာမပါဘူး။

ပြီးတော့ သူနဲ့ကျွန်တော် နှစ်ယောက်စလုံးဟာ အချိန်ဆင်းရဲတဲ့လူတွေ။ ကျွန်တော့်ကျန်းမာရေးအတွက် ဒီတင်းနစ်ရိုက်တာကို သူတမင်အချိန်ပေးပြီး သင်ပေးနေတာ။

သူဟာ ကျွန်တော့်ဘဝအတွက် အစစအရာရာ ဖြည့်ဆည်းပေးတဲ့ သူငယ်ချင်းကောင်း တစ်ယောက်ပဲ။ ဒီလောက် စနောက်တာလေးကိုတော့ ကျွန်တော် ခံနိုင်ရည် ရှိရမှာပေါ့။

"ကဲ...တော်ပါပြီဗျာ၊ ဒီနေ့ တင်းနစ်ရိုက်ရတာ လက်သိပ်မစီးဘူး"

ကျွန်တော် တစ်ဝက်တစ်ပျက်နဲ့ ပွဲသိမ်းလိုက်တယ်။

"အိုကေ...အိုကေ...တစ်ခုခု သွားစားရင်း စကားလေးဘာလေး ပြောကြတာပေါ့"

ကျွန်တော်တို့ canteen ဘက် ထွက်လာခဲ့ကြတယ်။

"ခင်ဗျား အချိန်ရရဲ့လား သီဟ"

"ကျွန်တော် အခု ဂျူတီအော့ဖ်လေ၊ ကျွန်တော်တို့မှာက



www.burmeseclassic.com

www.burmeseclassic.com



အောင့်ဖ်ရှိသေးတယ်ဗျ။ ခင်ဗျားတို့ သူဌေးတွေသာ အနားယူချိန် မရှိတာ"

"အေးဗျာ...ကျွန်တော်လည်း တစ်ခါတစ်လေ ကိုယ့်ဘဝကိုယ် စိတ်ပျက်တယ်"

"ဘယ်လို!...ကိုယ်ပိုင်လုပ်ငန်း အခိုင်အခန့်နဲ့ ငွေကို လေလို သုံးနိုင်တဲ့ သူဌေးသားက ကိုယ့်ဘဝကိုယ် စိတ်ပျက်တယ် ဟုတ်လား။ တော်တော် ရယ်စရာကောင်းတဲ့ပြက်လုံးပဲဗျ"

"ငွေ...အဲ့ဒီငွေတွေက လူတစ်ယောက်ရဲ့ အသက်ရှင်သန်ခြင်းကို တကယ်ပဲ အထောက်အကူ ပြုနိုင်ရဲ့လားဟင် သီဟ...ကျွန်တော် ပြောမယ်..အခု ကျွန်တော့်ရောဂါဟာ ငွေနဲ့ အသက်ဆက်နေရတာ၊ ဒါပေမယ့် တစ်ကယ်တမ်း ကျွန်တော့်ရောဂါဖောက်လာရင်.. အဲ့ဒီငွေက ကျွန်တော့်အသက်ကို ကယ်တင်နိုင်လိမ့်မယ်လို့ ခင်ဗျား အာမခံနိုင်သလား!..."

သီဟက ကျွန်တော့်ကို လက်ကာပြပြီး တားတယ်။

"အိုကေ...ငွေကို မယုံကြည်ပေမယ့် ကျွန်တော့်ရဲ့ ပညာကိုတော့ ခင်ဗျားယုံကြည်သင့်တယ်နော်"

သီဟလေသံက အရွှန်းဖောက် ပြောတဲ့လေသံပါ။

ကျွန်တော် အဲ့ဒီတော့မှ အားတုံ့အားနာ ဖြစ်သွားရတယ်။

"ဆောရီးဗျာ..ခင်ဗျားဟာ ဆရာဝန်တစ်ယောက် ဖြစ်တယ်ဆိုတာ..ကျွန်တော် တစ်ခါတစ်ခါ မေ့မေ့သွားတယ်"

"ကောင်းဗျာ"

ကျွန်တော်နဲ့သီဟ ဘာရယ်မဟုတ်ဘဲ ရယ်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကျွန်တော်တို့ တစ်ခုခု မှာရအောင်၊ ခင်ဗျား ဘာမှာမလဲ စင်ရော်"

"အင်း...ကော်ဖီတစ်ခွက်"

သီဟရဲ့မျက်ခုံးတွေ အပေါ်ကို မြောက်တက်သွားတယ်..၊ နောက်တော့မှ ကျွန်တော့်ကို အလျှော့ပေးသလို ပုံမျိုးနဲ့...

"တစ်ကယ်တော့ ကော်ဖီဟာ ခင်ဗျားအတွက် အဆိပ်ပဲနော်စင်ရော်၊ သို့သော်..ခင်ဗျား သိပ်ဆန္ဒရှိတယ်ဆိုရင်တော့ နွားနို့များများ ရောပြီး သောက်ပေါ့ဗျာနော"

"ကျွန်တော်က...ကော်ဖီဆို ချစ်ကောင်းရဲ့ဘိုးအေအဆင့်လောက်မှ သောက်ချင်တာဗျ"

ကျွန်တော် နည်းနည်းအထွန့်တက်ကြည့်လိုက်တယ်။

ကျွန်တော်က ကော်ဖီဆို အတော့်ကိုခါးမှ ကြိုက်တာ။

သီဟက ပျာပျာသလဲ တားတယ်။

"ဟေ့လူ...ခင်ဗျား နည်းနည်းလွန်ကဲလာပြီနော်၊ ခင်ဗျားဟာ ကျုပ်လူနာဖြစ်တဲ့အတွက် ကျုပ်စကား နားကိုထောင်ရမယ်ဗျာ၊ မဟုတ်ရင်တော့ ကျုပ် လိုင်စင်ပိတ်လိုက်တော့မယ်"

"အာ...မပိတ်ပါနဲ့ဗျာ၊ နို့များတဲ့ အီစိမ့်စိမ့် ကော်ဖီကြီးကိုပဲ ကျွန်တော် ကြိတ်မှိတ်သောက်ပါတော့မယ်"

ကျွန်တော် ရှုံ့မဲ့ပြီး သူ့စကား နားထောင်လိုက်ရတယ်။

သီဟနဲ့ ယမုန်ဟာ ကျွန်တော့်ကို သူတို့စကားနားထောင်ဖို့အတွက် သိမ်မွေ့စွာ ပျော်ရွှင်ဖွယ်ကောင်းစွာ ဆွဲဆောင် စည်းရုံးတတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



*(မေမေ့လို အမေဆိုတဲ့ ဩဇာအာဏာသုံးတဲ့ စေခိုင်းနည်းမျိုးကိုတော့ ကျွန်တော် ဘယ်နည်းနဲ့မှ မနာခံချင်ပါဘူး)*

"ဒါနဲ့..ခင်ဗျားနဲ့ ယမုန်အကြောင်း ဘွားတော်ကို အသိပေးပြီးပြီလား"

"ဟင့်အင်း..."

သီဟကို ကျွန်တော် ခပ်လေးလေး ခေါင်းယမ်းပြလိုက်တယ်။

"ယမုန်ကတော့ အသိပေးစေချင်နေတဲ့ပုံပဲ၊ ခင်ဗျားတို့ တွဲနေတာလဲ ကြာပြီမဟုတ်လား"

"ယမုန် ခင်ဗျားကို အဲ့သလိုပြောသလား..၊ ကျွန်တော့်ကိုတော့ ဘာမှမပြောဘူး"

"ခင်ဗျားကို မပြောရက်လို့ ဖြစ်မှာပေါ့၊ ကျွန်တော့်ကိုတော့ ဖုန်းနဲ့ ရင်ဖွင့်နေတာပဲ"

*(ယမုန်ဟာ တစိမ်းယောကျ်ားတစ်ယောက်ကို ဘာဖြစ်လို့များ ရင်ဖွင့်ရတာလဲ၊ ဒါဟာ ချစ်သူချင်းပဲ ပြောသင့်တဲ့ကိစ္စမျိုး မဟုတ်ဘူးလား...)*

"ကျွန်တော်က ခင်ဗျားတို့နှစ်ယောက်ရဲ့ဇာတ်လမ်းကို အစကနေအဆုံး သိထားလို့ သူ ရင်ဖွင့်တာ ထင်ပါရဲ့၊ ပြီးတော့ ကျွန်တော်က ခင်ဗျားတို့နှစ်ယောက်စလုံးရဲ့သူငယ်ချင်း ဖြစ်နေတယ်လေ"

သီဟက ကျွန်တော့်စိတ်ထဲက စကားလုံးတွေကို ရိပ်မိနေတယ် ထင်ပါရဲ့...ဖြေပြော့ပြောပေးတယ်။

အင်း...ကျွန်တော် သီဟကိုတော့ သဝန်မကြောင်သင့်ဘူး ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ယမုန်ကို ပြောပြလိုက်ပါတယ်၊ ဒီကိစ္စမျိုးက သား နဲ့အမေအတွက် စကားစဖို့ ခက်တယ်လို့၊ ခင်ဗျားအဖေသာ ရှိရင်တော့ အိုကေမယ်ဗျ..နော်..စင်ရော်"

"အင်း...ကျွန်တော် အခုလို ရုံးမှာ အရေးကြီးတဲ့နေ့မျိုးမှာ လစ်နေတာသိရင် နဘန်ကျင်းမလား မသိဘူး"

ကျွန်တော် ရယ်မောကာ ပြောလိုက်တယ်။

ကျွန်တော် မကြာခဏ ဖေဖေ့ကို တမ်းတမိတတ်ပါတယ်... ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေးပါ။

"ဒါပေမယ့် ခင်ဗျားခုလို အောင်မြင်တဲ့လုပ်ငန်းရှင်တစ်ယောက် ဖြစ်နေတာသာ သူ သိခွင့်ရခဲ့ရင် ခင်ဗျားအတွက် သူ ကျေနပ်မှာပါ။ အဖေခြေရာနင်းတဲ့သားဆိုပြီးတော့..."

ကျွန်တော့်ရင်ထဲ နည်းနည်းဆွေးသွားတယ်။

မေမေကတော့ ကျွန်တော့်ရဲ့အောင်မြင်မှုအတွက် တစ်ခါမှ အသိအမှတ် ပြုဖော်မရခဲ့ပါဘူး။

"ကျွန်တော်က ဖေဖေ့ထက် အရစ်ရှည်တယ်ဗျ။ အဲ့ဒီတော့ ဖိနပ်ဆိုဒ် ပိုကြီးမှာ သေချာတယ်"

ကျွန်တော့်ဟာသကို သီဟက ပြုံးရုံပြုံးတယ်။

"ဘာပဲဖြစ်ဖြစ်လေ...ခင်ဗျားအဖေသာရှိရင် ခင်ဗျားနဲ့ ယမုန်ကိစ္စကို ဖွင့်ပြောဖို့ ပိုအဆင်ပြေတာပေါ့၊ သားနဲ့ပတ်သက်တဲ့ ကိစ္စမျိုးတွေမှာ အဖေတွေက အမေတွေထက် ပိုနားလည်မှု ရှိတယ်လေ၊ အမေတွေကတော့ ဘယ်လိုပြောမလဲ၊ သားကို ချစ်တာထက်ပိုပြီး သဝန်တိုတာနဲ့ ချွေးမလောင်းကို မနာလိုတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...အဲ့ဒါကို ကျွန်တော်သိတယ်၊ ကျွန်တော်ကျွတ်တာ အဲ့ဒါပဲ၊ ယမုန်နဲ့ကို မေမေနဲ့ ပေးတွေ့လိုက်တဲ့အချိန်မှာ..."

"ဘွားတော်ကြီး ကောမှာစိုးနေတယ်ပေါ့"

"ဟုတ်တယ်...မေမေ ကောလွှတ်လိုက်ရင် ယမုန် သည်းခံနိုင်မှာ မဟုတ်ဘူး၊ ခုလိုအတိုင်းလေး နေနေတာကမှ မေမေ့အတွက်ရော ကျွန်တော့်အတွက်ရော ကောင်းသေးတယ်"

သီဟက စကားပြောဖို့ ပါးစပ်ပြင်လိုက်တယ်။

သူ ဘာပြောမလဲဆိုတာ ကျွန်တော်ကြိုသိတာမို့ သူ့ထက်ဦးအောင် အမြန်ပြောလိုက်ရတယ်။

"ဒါပေမယ့် ခင်ဗျားသိလား၊ ကျွန်တော့်မှာ လက်ထပ်လက်စွပ်ရော စာချုပ်ရော အဆင်သင့်ရှိတယ်"

သီဟက အံ့ဩသွားသလို မျက်ခုံးပင့်ပြတယ်။

"ဒါနဲ့များဗျာ...ခင်ဗျားဘက်က ရက်သတ်မှတ်လိုက်ရုံပဲဟာ၊ ဘာများ ခက်နေသေးလဲ!"

"အဲ့ဒီလောက် မလွယ်ကူလို့ပေါ့ဗျာ"

ကျွန်တော် ဆက်ပြောဖို့ ရုတ်တရက် ပြောမထွက်ဘူး။

ကျွန်တော် မျက်လုံးအစုံကို အသာမှေးမှိတ်လိုက်ပြီး တစ်ခွန်းချင်း ခပ်ဖြည်းဖြည်း ပြောလိုက်တယ်။

"ကျွန်တော် ယမုန်နဲ့ကို သူများသနားစရာ အထီးကျန်တဲ့မုဆိုးမလေးတစ်ယောက်အဖြစ်နဲ့ မထားခဲ့ချင်ဘူး"

"ခင်ဗျား ကျွန်တော့်ကို မယုံကြည်ဘူးလား စင်ရှေ..."

"ဆောရီး ကိုသီဟ၊ ကျွန်တော် ခွဲစိတ်တာ အောင်မြင်မှုပဲ..



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လက်ထပ်ခွင့်တောင်းမယ် စိတ်ကူးထားတယ်"

"အိုကေ...အဲ့ဒီအခါကျရင် ကိုယ်က မင်းကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်တဲ့ ဆရာဝန်ကြီးအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ စင်ပေါ် တက်ပြီး ဩဘာဖတ်ပေးလိုက်ဦးမှာ"

သီဟက ဘယ်လိုပဲ အားပေးပေမယ့် ဘယ်လိုမှ ဟန်ဆောင် ထိန်းချုပ်လို့မရတော့အောင် ကျွန်တော့်မျက်နှာဟာ အကြီးအကျယ် ပျက်ယွင်းနေမှာ သိနေပါတယ်။

သီဟက ကျွန်တော့်ကို ကြည့်ပြီး မသက်မသာနဲ့ ပြုံးပြတယ်။ ပြီးတော့ ချက်ချင်း ဖေးမဖို့ပြင်တယ်။

"ကဲ...စင်ရော်၊ ကျွန်တော်တို့ စိတ်ညစ်စရာတွေ မပြောကြစို့နဲ့၊ ခင်ဗျားကို ကျွန်တော် ရယ်စရာ အကြောင်းအရာတစ်ခု ပြောပြမယ်"

"ဟုတ်လား...လုပ်ပါဦး၊ ကျွန်တော်လည်း ရယ်ချင်ပါတယ်၊ ဘယ်လိုအကြောင်းအရာမျိုးပါလိမ့်"

"ကျွန်တော်ငယ်ငယ်က သရဲအခြောက်ခံရတဲ့အကြောင်းဗျ၊ ဒါပေမယ့် နည်းနည်းတော့ ဆန်းတယ်"

သရဲအခြောက်ခံရတဲ့အကြောင်းဆိုပါလား။

သူ နည်းနည်းတော့ စိတ်ဝင်စားသွားရသည်။

သီဟက သူစိတ်ဝင်စားနေရဲ့လားလို့ သူ့မျက်နှာကို တစ်ချက် အကဲခတ်ကြည့်ပြီးတော့မှ စတင်ပြောတော့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

မျက်လုံးလေး ပေကလပ် ပေကလပ် လုပ်ပြလိုက်၊ လျှာလေး တစ်လစ်ထုတ်ပြလိုက် လုပ်နေသော..ရုပ်သေးရုပ်လေးကို သူ မျက်တောင်ပင် မခတ်နိုင်ဘဲ စိုက်ကြည့်နေမိသည်။

သူ အရမ်းစိတ်ဝင်စားနေမှန်းသိသဖြင့် ဈေးသည်ကြီးက ကြိုးဆွဲကာ အမျိုးမျိုး လုပ်ပြနေသည်။

"မင်းလိုချင်လို့လား ကလေး!.."

ဈေးသည်ကြီးရဲ့အသံက လိုအပ်တာထက် ပိုကျယ်လောင်နေသည်။ ...အက်ကွဲ၍လည်းနေသည်မို့ ထိတ်ခနဲဖြစ်ကာ...သူ သတိပြန်ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်းဖြစ်သည်။

မော့ကြည့်လိုက်တော့ နီရဲကြွပ်ထနေသော မျက်လုံးကြီးဖြင့် သူ့ကို အေးစက်စက်ကြီး စိုက်ကြည့်နေသော ဈေးသည်ကြီးကို တွေ့လိုက်ရသည်။

သူ ကြက်သီးများ တဖြန်းဖြန်း ထသွားရ၏။

ဈေးသည်ကြီး ကြည့်ရတာ တစ်မျိုးကြီးပဲ။

စုတ်ပြတ်နံ့ချာနေသော အဝတ်အစားများနှင့် မျက်နှာကြီးက သာမန်လူတစ်ယောက်နှင့်မတူ။ နီရဲအက်ကွဲနေသော မျက်လုံးကြီးများက..ကြောက်စရာကောင်းလွန်းလှသည်။

သူ..ထိုလူကြီးရှေ့မှာ ကြာကြာဆက်မနေရဲတော့။

လှည့်ထွက်ဖို့ ပြင်လိုက်လျှင်...

"ဟေ့...မင်းလိုချင်သလားလို့ ငါမေးနေတယ်လေ!"

သူ့ခြေလှမ်းများ တုံ့ခနဲ ရပ်သွားရသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ထိုကြိုးဆွဲ ရုပ်သေးရုပ်ကလေးကို သူ သိပ်ကိုလိုချင်ပါသည်။

သို့သော်...

ဈေးသည်ကြီးကို သူကြောက်သည်။

"ဟို...လိုတော့ လိုချင်ပါတယ်၊ ဒါပေမယ့်..."

သူ ထစ်ငေါ့နေမိသည်။

ထိုနေရာက သူ အမြန်ဆုံးလှည့်ထွက်သွားချင်နေသော်လည်း သူ့ခြေထောက်များက လုံးဝလှုပ်ရှားရွေ့လျား၍မရတော့။

သူ တော်တော်ကြီး တုန်လှုပ်ချောက်ချားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ ပိုက်ဆံလည်း ပါလာတယ် မဟုတ်လား၊ မပါလည်း ကိစ္စမရှိပါဘူး၊ ငါ မင်းကို အလကား ပေးမှာပါ"

"ဟို..ဟို..ကျွန်တော် ကြိုးဆွဲတတ်မှာ မဟုတ်ဘူး"

သူ အရမ်းလိုချင်ပေမယ့် အကြောက်အကန် ငြင်းနေမိသည်။

"ဟား...ဟား...ဟား"

အက်ကွဲသောရယ်သံကြီး ထွက်လာသည်။

ရယ်လိုက်သောအခါ ထိုလူကြီးရဲ့ကျယ်ပြန့်လှသော ပါးစပ်ကြီးထဲမှ..ကျိုးတို့ကျဲတဲနိုင်လှသော်လည်း ချွန်မြပြောင်လက်နေသော သွားစွယ်ကြီးများကို မြင်လိုက်ရလျှင် သူ့ရင်ထဲ စိမ့်သွားရသည်။

"ဒီမှာ...မင်းကြိုးမဆွဲတတ်လည်း ကိစ္စမရှိဘူး၊ နံရံမှာသာ ချိတ်ထားလိုက်၊ သူ့အလိုအလျောက် ကပြလိမ့်မယ်၊ ရော့...ယူသွား"

လူကြီးက ထိုအရုပ်လေးကို ဖြုတ်ကာ လှမ်းပေးသည်။

စိတ်ထဲက ဘယ်လိုမှ မယူဘူးဟု ငြင်းဆန်သော်လည်း အရုပ်ကလေးက သူ့လက်ထဲရောက်နေပြီ။

ထူးဆန်းသည်မှာ အရုပ်ကလေး လက်ထဲရောက်လာသည်နှင့် သူ့ခြေထောက်များမှာ ချက်ချင်းရွေ့လို့ရသွားသည်။

ဘာပဲဖြစ်ဖြစ် သူလိုချင်ခဲ့သောအရုပ်ကလေး လက်ထဲရောက်လာပြီမို့ သူ့စိတ်ထဲ ပျော်သွားမိသည်။

နှစ်လှမ်းသုံးလှမ်းမျှရောက်လျှင် သူ သတိတရနှင့် ပြန်လှည့်ကြည့်သောအခါ အရုပ်သည်ကြီးမှာ ပွဲဈေးထဲမရှိတော့။

သူ အိမ်ကို ဝမ်းသာအားရ ပြန်လာခဲ့သည်။

စိတ်ထင်၍ပဲလားမသိ၊ အရုပ်ကလေး ကိုင်ထားသော သူ့



www.burmeseclassic.com

www.burmeseclassic.com



လက်မှာ တစ်စုံတစ်ခု စီး၍လာသလို လေးသထက် ပိုလေး၍လာခဲ့သည်။

တကယ်ဆို ဒီစက္ကူရုပ်ကလေးဟာ ပေါ့ပေါ့ကလေးပဲ ဖြစ်ရမှာလေ။

သူ့စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားခဲ့ပေမယ့် အိမ်ရောက်တော့ မေ့မေ့ပျောက်ပျောက်ဖြစ်ကာ သူ့အိပ်ရာဘေးက နံရံမှာ ဆွဲချိတ်ထားလိုက်သည်။

ထို့နောက်...

သူ မှေးခနဲ အိပ်ပျော်သွားခဲ့တယ် ထင်သည်။

အိပ်မက်ထဲမှာ အရုပ်က အကြီးကြီးဖြစ်ကာ သူ့လည်ပင်းကို အသားကုန် လာညှစ်လေတော့သည်။

အရုပ်လက်များကို သူ အတင်းဆွဲဖယ်သည်။

မရ။ လေကို ဖမ်းဆုပ်ရသလို ဘာကိုမှ ထိတွေ့လို့မရဖြစ်နေသည်။

သူ အသက်ရှူရလည်း ကျပ်လာသည်။

မခံစားနိုင်တော့သည့်အဆုံးတွင် သူ အားကုန်ရုန်းကန်ကာ အော်ဟစ်လိုက်မိသည်။

"**အား!!...**"

"သီဟ...သီဟ...ဘာဖြစ်လဲ သား!၊ ထ..ထ.."

ဖေဖေ့အသံက ဟိုးအဝေးကြီးက လွင့်မျောလာသလိုလို။

ကိုယ်ကို အတင်းဆွဲကိုင်လှုပ်နှိုးတာ ခံလိုက်ရတာကြောင့် သူ ပြန်နိုးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ..သားကြောက်တယ်၊ သားကြောက်တယ်"

သူ ဖေဖေ့ကို ကြိုးဖက်ထားမိသည်။

"မကြောက်နဲ့တော့သား ဖေဖေ ရှိတယ်၊ သား အိပ်မက်ဆိုးတွေ မက်နေတာပါ။ ဘာတွေမက်လဲ ဖေဖေ့ကို ပြောပြပါဦး.."

"သား...သားရဲ့အိပ်မက်ထဲမှာ ဟိုအရုပ်က သားကို လည်ပင်းညှစ်တယ်၊ သား ဘယ်လိုမှ ရုန်းလို့မရဘူး"

"အရုပ်ဟုတ်လား...ဘယ်အရုပ်လဲ သားရဲ့!"

ဖေဖေက မေးလျှင် သူက နံရံဆီ မော့ကာ လက်ညှိုးထိုးပြမလို့ ပြင်ဆဲ သူ့လက်ညှိုးက လေထဲတွင် ရပ်တန့်သွားရသည်။

"ဟင်!!.."

"အို!.."

ဖေဖေနှင့်မေမေဆီမှ အာမေဋိတ်သံ သံပြိုင်ထွက်ပေါ်လာသည်။

သူတို့အားလုံး မြင်လိုက်ရသည်မှာ...

နံရံပေါ်မှ အရုပ်မှာ ဘယ်သူမှ ကြိုးမဆွဲရပါဘဲ သူ့အလိုအလျောက် လှုပ်ရှားသက်ဝင်ကာ မျက်လုံးကို ပုတ်ခတ်ပုတ်ခတ် လုပ်ပြလိုက်၊ လျှာထုတ်ပြလိုက်၊ လက်တွေခြေတွေ မြှောက်ပြလိုက်နှင့် အမျိုးစုံလုပ်ပြနေသည်။

သူတို့အားလုံး အံ့သြထိတ်လန့် မှင်သက်ကာနေဆဲ ဈေးသည်လူကြီး၏စကားများက သူ့နားထဲ ပြန်ကြားယောင်လာခဲ့မိသည်။

*"ဒီမှာ...မင်းကြိုးမဆွဲတတ်လည်း ကိစ္စမရှိဘူး၊ ဒီမှာသာ ချိတ်ထားလိုက်၊ သူ့အလိုအလျောက် လုပ်ပြလိမ့်မယ်"*



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို...ဒီအရုပ်က မကောင်းဆိုးဝါး ပူးဝင်နေတဲ့အရုပ်ပဲ"

မေမေက အလန့်တကြား ထပြောသည်။

မေမေ့စကားဆုံးလျှင် အရုပ်၏မျက်လုံးများမှာ ကြောက်မက်ဖွယ် စိမ်းခနဲ ထတောက်သည်။

"အား.."

သူကြောက်လွန်း၍ မျက်စိစုံမှိတ်ကာ အော်လိုက်မိသည်။

"မကြောက်နဲ့ သား"

ဖေဖေက သူ့ကို အားပေးရင်း အရုပ်ကို ဝါးလုံးဖြင့် ထိုးကာ အိမ်ပြင်ဆီ တရှိန်ထိုး လွှင့်ပစ်လိုက်သည်။

"အား...ဟား..."

ဝမ်းခေါင်းသံကြီးဖြင့် အော်သံမှာ ညအမှောင်ထုကို ဖုံးလွှမ်းသွားခဲ့သည်။

"ကဲ...မရယ်ရဘူးလားဟင် စင်ရော်!၊ ကျွန်တော်ငယ်ငယ်က သရဲအခြောက်ခံခဲ့ရတဲ့ အဖြစ်အပျက်ကလေ"

သီဟက သူ့ဘာသာပြောပြီး တဟားဟား ရယ်နေလေသည်။

သူကတော့ မရယ်ဖြစ်။

သီဟနှင့် ယမုန်ဟာ ဘာကြောင့်များ သရဲပုံပြင် ပြောရတာ ဝါသနာတူလွန်းရပါလိမ့်။

"ကဲ...ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်ကို တင်းနစ်ရိုက် သင်ပေးတဲ့အတွက်ရော၊ ကော်ဖီတိုက်တဲ့အတွက်ရော၊ သရဲပုံပြင် ပြောပြတဲ့အတွက်ရော၊ ရှုံးပြန်လိုက်ဦးမယ်ဗျာ ညှို့သည်တွေ နယ်က လာတာဆိုတော့ နှုတ်ဆက်မှကောင်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ကော်ဖီကို အပြီးသတ် မော့ချလိုက်ပြီး သီဟကို တစ်ခါထဲ လက်ပြနှုတ်ဆက်လိုက်တယ်။

အောင်မြင်တဲ့ လုပ်ငန်းရှင်တစ်ယောက်ရဲ့သားအဖြစ် သူ့ဘဝဟာ အမြဲလို ဇယားကွက်ထဲမှာ စိတ်ကျဉ်းကျပ်နေခဲ့ရတာပါ။

သူ့ဘဝမှာ အကောင်းဆုံးသောထွက်ပေါက်နဲ့ ဖြေဆေးက ယမုန်နဲ့ သီဟပဲ ဖြစ်ပါတယ်။

လောလောဆယ်တော့ သူ့တာဝန်ဝတ္တရားအရ လိုက်လံဟန်ဆောင်ပြီး ပြုံးပြနှုတ်ဆက်ဖို့ ရုံးကိုပြန်ရဦးမယ်။

မေမေ့ကိုလည်း ဒီလောက်ဂျစ်ကျလိုက်ရရင် ကျေနပ်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

"ဟိုင်း...ကိုကျော်တင်၊ အလုပ်တွေ အဆင်ပြေတယ်နော်"

သူ ဘာမှမဖြစ်တဲ့ပုံစံမျိုးနဲ့ ညှော်သည်တွေကို လိုက်လိုက်လှဲလှဲ နှုတ်ဆက်လိုက်တယ်။

သူ့ကို မြင်တော့ မေမေ့မျက်နှာ မသိမသာကလေး ပျက်သွားတယ်။

ခဏပဲ၊ မေမေ ချက်ချင်း ဟန်ဆောင်လိုက်နိုင်တယ်။

ဘယ်သူမှ မရိပ်မိလိုက်ပေမယ့် သူကတော့ အနီးဆုံး အတူနေတဲ့ သားအမိချင်းမို့ သိလိုက်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်ဗျာ...ဒါထက် ခင်ဗျားရော နေကောင်းရဲ့လား ကိုစင်ရော်"

"ကောင်းပါ့ဗျာ...အခုပဲ တင်းနစ်ရိုက်ပြီး ပြန်လာတာ"

မေမေက စူးခနဲ တစ်ချက်ကြည့်တယ်။

သူ့ ကပျာကယာ စကားဖြည့်ပြောလိုက်ရတယ်။

"အဲ...ခင်ဗျားတို့ မရောက်လာသေးဘူး ထင်တာနဲ့ ခဏဝင် လိုက်တာ၊ အမောခံနိုင်အောင်လို့လေ"

"ကောင်းတယ်...ကောင်းတယ်၊ ဒါနဲ့ ခင်ဗျား ခွဲစိတ်ဖို့ရော စီစဉ်ပြီးပြီလား"

"အားလုံး ရယ်ဒီပဲ"

မေမေ မျက်လုံးနည်းနည်းပြူးသွားတာ သတိထားလိုက်မိ တယ်၊ ကျွန်တော့်အစီအစဉ်တွေကို မေမေ ဘာမှမသိရဘူးလေ။

"အေးဗျာ...ခင်ဗျားကျန်းမာရေး ကောင်းပါစေ၊ ခွဲစိတ်မှုလည်း အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်၊ ကျွန်တော်တို့ရဲ့ အသက်အ ငယ်ဆုံး လုပ်ငန်းရှင်လေးကို အမြဲကျန်းမာပျော်ရွှင်နေတာပဲ မြင်ချင် ပါတယ်"

"ဟာ...အခုလဲ ကျွန်တော် နေကောင်းပါတယ်ဗျာ၊ ခင်ဗျား နဲ့ကျွန်တော် အချိန်မရွေး အပြေးပြိုင်လို့ ရသေးတယ်ဗျနော်၊ ကျွန်တော့် ရဲ့နှလုံးက အားနည်းပေမယ့် စိတ်ဓါတ်ကတော့ ခိုင်မာပါတယ်ဗျာ"

ကျွန်တော့်စကားက အမှန်အကန်ပဲလား၊ ကိုယ့်ကိုယ်ကိုအား အားပေးနေတာလား မသိနိုင်တော့ဘူး။

ဒါပေမယ့်..မေမေ ပြုံးလိုက်တဲ့အပြုံးကတော့ နည်းနည်းထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားသွားတယ်။

ကျွန်တော့်စကားအတွက် သိပ်ကိုကျေနပ်တဲ့အပြုံးမျိုး။

အဲ့ဒီခွဲစိတ်ဖို့ကိစ္စဟာ ကျွန်တော့်ခေါင်းထဲ ကျွန်တော့်အတွေး ထဲ ရောက်လာတိုင်း..ကျွန်တော် သိပ်ကို ထိတ်လန့်တုန်လှုပ်ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကံကြမ္မာကို ယုံပြီးတော့ ကျွန်တော့်ရဲ့ အသက်ကို အလောင်းအစား လုပ်ရမှာမို့လို့ပါ။

ကျွန်တော့်ကို ခွဲစိတ်မယ့် နာရီအပိုင်းအခြားကလေးဟာ.. ကျွန်တော့်ဘဝအတွက် အရမ်းကို အရေးကြီးတဲ့ ဆုံးဖြတ်ချက်ပါ။

အောင်မြင်ခဲ့ရင် ကျွန်တော်ဟာ ကျန်းမာပျော်ရွှင်တဲ့ ဘဝ တစ်ခုကို လူ့သက်တမ်းစေ့ နေခွင့်ရမယ်။

တကယ်လို့သာ...

ကံကြမ္မာဟာ ကျွန်တော့်ဘက်မှာ မရှိခဲ့ရင်...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

"တကယ်တမ်း ခွဲစိတ်ရတော့မယ်ဆိုတော့ ကျွန်တော် ခံနိုင်ရည်ရှိပါ့မလားလို့ တွေးနေမိတယ်ဗျာ"

"ဘာခက်တာလိုက်လို့...ခင်ဗျား ခံနိုင်ရည်ရှိအောင် ကျွန်တော် ရီဟာဗယ် လုပ်ပေးမှာပေါ့"

"ရီဟာဗယ် လုပ်ပေးမယ် ဟုတ်လား!"

"ကျွန်တော်ဟာ အထူးကုဆရာဝန်တစ်ယောက်ဆိုတာ ခင်ဗျား မမေ့နဲ့လေ စင်ရော်၊ အထူးသဖြင့် ခင်ဗျားက ကျွန်တော့်ရဲ့ သူငယ်ချင်း ဆိုတော့..ခင်ဗျားအတွက် အစစအရာရာ သက်တောင့်သက်သာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျွန်တော် ပြင်ဆင်ပေးမှာပေါ့၊ ခင်ဗျားကို ကွင်းမစိမ်းအောင် ကျွန်တော် ကြိုတင်လေ့ကျင့်ပေးမယ်..ဟုတ်ပြီလား"

"ဘယ်တော့လဲ ကိုသီဟ"

"အခုပဲလေ...ခင်ဗျား အခု အဲ့ဒီအတွက် စိုးရိမ်စိတ် သိပ်များနေတယ် မဟုတ်လား၊ အဲ့ဒီစိုးရိမ်စိတ်တွေ ပြေလျော့သွားအောင် ကျွန်တော် ကူညီပေးမှာပေါ့၊ အခုပဲ ခင်ဗျား ကျွန်တော့်ဆီ လာခဲ့ပေတော့ စင်ရော်ရေ"

သီဟက ခပ်နောက်နောက် ပြောရင်း ဖုန်းချလိုက်တယ်။

ကျွန်တော့်ကို ခွဲစိတ်မှုအတွက် ရီဟာဇယ် လုပ်ပေးမယ်တဲ့၊

ဒါဆို ကျွန်တော့်ကို ဘယ်လို ခွဲစိတ်ကြမလဲဆိုတာ ကျွန်တော် ကြိုတင်သိခွင့်ရတော့မှာပေါ့။

ကျွန်တော် ရင်ခုန်လှုပ်ရှားစွာနဲ့ သီဟ ရှိရာဆီ အပြေးနှင်ခဲ့မိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

"ပထမဆုံး လုပ်ရမှာက ခင်ဗျားရဲ့ခေတ်ရှေ့လွန်နေတဲ့ အကောင်းစား အဝတ်အစားတွေကို ဟောဒီက ခွဲစိတ်ဝတ်စုံနဲ့ လဲဖို့ပဲ"

သူ သီဟလက်ထဲက ခွဲခန်းဝတ်စုံကို ကြည့်ပြီး ယားကျိကျိဖြစ်မိတယ်။ စိတ်ထဲလည်း မလုံခြုံသလိုပဲ။

"ဒီအဝတ်အစားအတိုင်းပဲ ရီဟာဇယ် လုပ်ကြည့်လို့ မဖြစ်ဘူးလား သီဟရာ!"

"ခင်ဗျားဟာ လူနာဆိုတဲ့စိတ် မွေးရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်စကီးပဲ"

သူ ပခုံးတွန့်ပြလိုက်ရင်း မအီမသာနဲ့ ခွဲခန်းဝတ်စုံကို လဲလိုက်ရတယ်။

လဲပြီးတယ်ဆိုရင်ပဲ သီဟပြောသလိုပဲ သူ့ကိုယ်သူ ခွဲခန်းဝင်ရတော့မယ့် တကယ့်လူနာတစ်ယောက်လို ခံစားလိုက်ရတယ်။

အမှန်အတိုင်း ဝန်ခံရရင်..တုန်လှုပ်ထိတ်လန့်မိတာတော့ အမှန်ပါ။

"ဘယ်လိုလဲ...လန့်နေပြီလား!"

ကျွန်တော် ခေါင်းခါပြလိုက်တယ်။

ဒါပေမယ့် ကျွန်တော့်ရင်ထဲ တလှုပ်လှုပ် ခါလာတယ်။

"ကဲ..လာ..ကုတင်ပေါ်လှဲ"

ကျွန်တော် ကုတင်ရှိရာဆီ ဖြည်းညင်းစွာ သွားလိုက်တယ်၊ ဒူးတွေ ချောင်ချင်နေသလိုပဲ။

ကုတင်ပေါ် အသာလှဲချလိုက်တယ်။

သီဟက ကျွန်တော့်မျက်နှာကို ငုံ့မိုးကြည့်တယ်။

မီးရောင်အောက်မှာ သီဟရဲ့မျက်နှာက ဖါထိန်နေတယ်။

လိုအပ်တာထက်ပိုပြီး ငြိမ်သက်နေတဲ့ သီဟရဲ့မျက်နှာဟာ အေးခဲခဲကြီး ဖြစ်သလိုပဲ။

ဖါထိန်အေးခဲနေတဲ့ သီဟမျက်နှာကို ကြည့်ရင်းကြည့်ရင်း သူ့ရင်ထဲ ထိတ်လာသလို ခံစားလိုက်ရတယ်။

"မင်း ဘယ်လိုခံစားရလဲ!"

သီဟက တစ်လုံးချင်း မေးပေမယ့် သီဟဆီက ထွက်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသံက ရုတ်တရက်မို့ သူ ဆတ်ခနဲ တုန်တက်သွားရတယ်။

ခင်ဗျားမျက်နှာကြီးကို ကြည့်ပြီး ကျွန်တော် ထိတ်လန့်နေမိတယ်။

အဲ့ဒီလို သူ အမှန်အတိုင်း ဝန်ခံလိုက်ရမလား။

ဒါပေမယ့် တကယ်တမ်း သူ ပြောမိတာက…

"အဆင်ပြေပါတယ်"

သီဟက ခေါင်းတစ်ချက် ငြိမ့်ပြတယ်။

သူ ခေါင်းငြိမ့်လိုက်ပုံက တစုံတစ်ခုကို ရက်စက်ဖို့အတွက် အချက်ပေးလိုက်သလိုပဲ။

ကျွန်တော် ဘာလို့များ သူ့အပေါ် ကြောက်လန့်နေမိပါလိမ့်။

"ဒီမှာ ဒါကို ကြည့်စမ်း"

သူ ရုတ်တရက် ခွဲစိတ်ခန်းသုံး ဓါးတစ်ချောင်းကို ကျွန်တော့်မျက်နှာရှေ့ ကပ်ပြတယ်။

"အား…"

ကျွန်တော် ကပျာကယာ မျက်လုံးမှိတ်လိုက်မိတယ်။

ဒီဓါးက…ဒီဓါးက…။

"ကိုင်ကြည့်…"

ကျွန်တော် ခေါင်းယမ်းလိုက်မိတော့မလို ဖြစ်သွားပြီးမှ စိတ်အားတင်းပြီး ဓါးကို ကိုင်ကြည့်လိုက်တယ်။

မဟုတ်ဘူး၊ ထိကြည့်လိုက်တာပါ။

ထိတယ်ဆိုရုံလေး ထိကြည့်လိုက်တာပါ။

ဒါပေမယ့် အေးစက်စက်ဓါးရဲ့အထိအတွေ့က ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းတစ်လျှောက်ကနေ သွေးကြောတွေထဲကို ကျဉ်တက်သွားစေတယ်။

သီဟက ဓါးကို လှည့်ပြတယ်။

"ဒါက ခွဲစိတ်ဓါး၊ တစ်လက်မရဲ့တစ်ရာပုံတစ်ပုံပဲ ထူတယ်"

သီဟရဲ့အသံကလည်း ဓါးသွားတမျှ အေးစက်နေတယ်၊ အသံက တိုမျှင်တော့ ပိုပြီးခြောက်ခြားစရာ ကောင်းနေတယ်။

"ဒီပစ္စည်းက ခင်ဗျားရဲ့ရင်ဘတ်ကို ဆုတ်ဖြဲပစ်လိမ့်မယ်..၊ ခင်ဗျားစိတ်ကူးနဲ့ မှန်းကြည့်စမ်း စင်ရော်..၊ ဘယ်လိုခံစားရမလဲဆိုတာ..."

"ရှစ်ထိ..."

သူ့ရင်ထဲ ထိတ်လန့်စိတ်နဲ့ တလှပ်လှပ် တုန်ခါနေတယ်။

ခင်ဗျားတို့ရော ခံစားကြဖူးလား။

မြုန်းစားဒိုင်းစားကြီး ကြောက်စရာကောင်းတာကို ကြုံတွေ့လိုက်ရတာထက် ဘယ်တော့ ဘာများဖြစ်မလဲဆိုတာ တထိတ်ထိတ်နဲ့ ချောက်ချားထိတ်လန့်ရတဲ့အဖြစ်က ပိုဆိုးဝါးတယ်။

"ခင်ဗျားရဲ့ရင်ဘတ်ကို ခွဲပြီး နှလုံးကို အစားထိုးဖို့အတွက် ထုတ်ယူချိန်မှာ ခင်ဗျားဟာ ဟောဒီခွဲစိတ်ကုတင်ပေါ်မှာပဲ သေချင်လည်း သေသွားနိုင်တယ်၊ ဒါမှမဟုတ် ခွဲစိတ်မှု အောင်မြင်တယ်ဆိုရင်တော့ ခင်ဗျားဟာ လူ့သက်တမ်းစေ့ပေါ့ဗျာ၊ သိပ်လှပတဲ့ ချစ်ဇနီးလေးနဲ့ သိပ်ချစ်စရာကောင်းတဲ့ ချစ်သမီးလေးနဲ့ ဘဝကို ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပြီပေါ့"

"အိုကေ...ဒါကြောင့် ကျွန်တော့်ရဲ့အချစ်ကို အချိန်နဲ့အမျှ



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားရမယ်၊ မြှင့်တင်ပြီး ချစ်သထက် ပိုချစ်ရမယ်"

သူ တမင်ကို အာရုံပြောင်းလွဲပြီး ပေါ့ပေါ့ပါးပါး ဟန်ဆောင်ပြီး ပြောလိုက်တယ်။

"ဒါ ဟာသမဟုတ်ဘူး စင်ရော်"

သီဟလေသံက နည်းနည်းတင်းမာသွားသလိုပဲ။

သူ ဆရာဝန်တစ်ယောက်ဖြစ်ရဲ့နဲ့ လူနာကို သက်တောင့်သက်သာဖြစ်အောင် ဘာကြောင့်မပြောနိုင်ရတာပါလိမ့်။

ဘာလို့ ပိုပြီးကြောက်ရွံ့ချောက်ချားအောင် ဖန်တီးနေတာလဲ။

"ခင်ဗျားကို ဒီခွဲစိတ်မှုအတွက် အဆင်သင့်ဖြစ်စေချင်တယ်၊ အစစအရာရာ ပြင်ဆင်ထားနိုင်စေချင်တယ်၊ ပြီးရင် ခင်ဗျားရဲ့ဘဝကို ပျော်ပျော်နေပစ်လိုက်စမ်းပါ၊ ဘွားတော်ကြီးကို သတ္တိရှိရှိနဲ့ ဖွင့်ပြောလိုက်၊ ယမုန့်ကို အမြန်ဆုံး လက်ထပ်လိုက်၊ ဘဝဆိုတာ တိုတိုလေးပါဗျာ၊ အချိန်သိပ်မရှိတော့ဘူး၊ ကျွန်တော်ပြောတာ ခင်ဗျားသဘောပေါက်ရဲ့လား!"

ကျွန်တော် ခေါင်းမညိတ်မိသလို ခေါင်းလည်း မခါမိဘူး၊ သူ့စကားတွေဟာ မီးစတစ်ဖက် ရေတစ်မှုတ် ဖြစ်နေသလိုပဲ။

ကျွန်တော် ရင်ဘတ်ပေါ်တင်ထားတဲ့ လက်နှစ်ဘက်ကို ပူးယှက်ပြီး မသိမသာ ဘုရားရှိခိုးနေမိတယ်။

ကျွန်တော့်မျက်နှာပေါ် စီးမိုးထားတဲ့ ဝါထိန်အေးခဲနေတဲ့ သူ့မျက်နှာကြီးက တစ်စထက်တစ်စ ပိုကြောက်စရာကောင်းလာတယ်။

အဲ့ဒီအချိန်မှာပဲ...

ပြောင်လက်နေတဲ့...သူ့ရဲ့ဓားဟာ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ဝကို ရုတ်တရက်...

"**အား!!...**"

ကျွန်တော် အသံနက်ကြီးနဲ့ မျက်စိစုံမှိတ်အော်ပြီး ကုတင်ပေါ်က ကုန်းထလိုက်မိတယ်။

ဒါပေမယ့် ကျွန်တော့်ကိုယ်ဟာ ကြွမလာခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

"ဟား...ဟား...ဟား"

သီဟာက ကုတင်တိုင်မှာ တွဲချည်ထားတဲ့ ကျွန်တော့်ဝတ်ထားသော ခွဲခန်းအင်္ကျီကြိုးစကို ဆွဲဖြုတ်ပေးရင်း ရယ်နေတယ်။

"ခင်ဗျားဗျာ...အတော်ဆိုးတယ်"

ကျွန်တော် သူ့ကို တော်တော်စိတ်ဆိုးသွားတယ်။

ကျွန်တော့်ရင်ဝကို ခါးနဲ့စိုက်ချလိုက်သလိုလုပ်တော့ ကျွန်တော် အရမ်းကို တုန်လှုပ်ထိတ်လန့်သွားရတယ်။

တကယ်ဆို ဒီလိုအပြုအမူမျိုးနဲ့ မစနောက်သင့်ကြောင်း...



www.burmeseclassic.com

www.burmeseclassic.com



သူနားလည်သင့်တာပေါ့။

ကျွန်တော် စိတ်ဆိုးမာန်ဆိုးနဲ့ အဝတ်အစား မြန်မြန်လဲပြီး ခွဲစိတ်ခန်းထဲက ထွက်လာခဲ့တယ်။

"ဟေး...သူငွေးလေး၊ မောင်ရင့်ပိုက်ဆံအိတ်လေးလှလို့ ကိုယ်သူထား လိုက်တယ်နော်"

သီဟတပည့်တစ်ယောက်က လှမ်းအော်ပြောတယ်။

ဘယ်လောက် အောက်တန်းကျလိုက်သလဲ။

သူ လှည့်မကြည့်ဘဲ လက်နောက်ပြန်ပြလိုက်တယ်။

အဲ့ဒီအချိန်မှာပဲ ဖုန်းမြည်သံ ထွက်ပေါ်လာခဲ့တယ်၊ သူ သိပ်စိတ်မကြည်တော့...။ ဆောင့်အင့်အင့်နဲ့ ပြန်ထူးလိုက်တယ်။

"ဟဲလို..."

"အိုး..ဘယ်လိုကြီး ဖြစ်နေတာလဲ မောင့်အသံကြီးကလဲ!"

သူ မျက်လုံးပိတ်ပြီး သက်ပြင်းရှိုက်လိုက်မိတယ်။

"ဆောရီး ယမုန်ရယ်၊ ကိုယ် စိတ်ရှုပ်စရာတွေ ကြုံနေလို့"

ယမုန်က သူ ဘာကြောင့် စိတ်ရှုပ်နေသလဲလို့ မမေးပါဘူး။

"ဟိုတစ်နေ့က..မောင် ကျွန်မနဲ့အတူ မနက်စာ မစားတဲ့အတွက် ကျွန်မကို ခုထိ မချော့ရသေးဘူးနော်"

သူ ပိုပြီးစိတ်ရှုပ်သွားမိတယ်။

အဲ့ဒီကိစ္စဟာ ယမုန့်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေပါသလား!။ သူ ယမုန့်ကို ဘာမှပြန်မပြောချင်တော့ဘူး။

ခပ်မဆိတ်ပဲ နေလိုက်တယ်။

"မောင်..ပြော..ကျွန်မကို ဘယ်လိုပြန်ချော့မှာလဲ..ပြော၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အခု ဆေးရုံအဝင်ဝမှာ ရှိတယ်”

သူ ဆေးရုံအဝင်ဝဆီ မျက်လုံးဝေ့ဝဲလိုက်တော့ ပျားရည်ရောင်ဝတ်စုံလေးနဲ့ သိပ်လှနေတဲ့ ယမုန်ကို တွေ့လိုက်ရတယ်။

သွယ်နွဲ့တဲ့ ယမုန်ဘော်ဒီရှိတ်နဲ့ ပိုးပျော့ဝတ်စုံလေးဟာ အံဝင်ခွင်ကျ ရှိနေလိုက်တာ ဖယောင်းရုပ်တုလေးတစ်ရုပ်လိုပါ။

“မင်း သိပ်လှတာပဲ ယမုန်”

“အဟင်း...တကယ်လား!”

သူ တကယ်ပဲ ယမုန့်အလှကြောင့် စိတ်တွေ ပြန်ကြည်စင်နူးညံ့သွားရတယ်။

ယမုန့်အလှကို လိုက်လိုက်လှဲလှဲ ချီးမွမ်းလိုက်မိတော့ ယမုန်က နှစ်နှစ်မြှေ့မြှေ့လေး ရယ်တယ်။

ယမုန့်ရယ်သံလေးက ချိုမြလိုက်တာ။

“ဒါဆို သိပ်လှနေတဲ့ ယမုန်နဲ့ မောင်တူတူလျှောက်မလည်ချင်ဘူးလားဟင်”

သူ အသက်ရှူကျပ်သွားမိတယ်။

ယမုန်က မိန်းကလေးပီပီ ဈေးဝယ်ထွက်တာမျိုး၊ ကော်ဖီဆိုင်အကြာကြီး ထိုင်ချင်တာမျိုး၊ လျှောက်လည်ပတ်ချင်တာမျိုး၊ အဲ့သလိုမလိုအပ်တဲ့ကိစ္စတွေနဲ့ အချိန်ကို ဖြုန်းချင်တယ်။

ကျွန်တော့်မှာက အဲ့သလို အချိန်ကို မဖြုန်းနိုင်ဘူး။

အခု ကျွန်တော် ရုံးက လစ်လာတာမို့...ရုံးကို ချက်ချင်းပြန်ဝင်ရမယ်။ မေမေနဲ့ ဘယ်လိုပဲ ပဋိပက္ခတွေ ရှိပေမယ့်..အရေးကြီး လုပ်ငန်းကိစ္စတွေအားလုံးကို မေမေတစ်ယောက်ထဲ ဒိုင်ခံဖြေရှင်းနိုင်းရ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင်တော့ မေမေ့အပေါ် ကျွန်တော် မရက်စက်ချင်ပါဘူး။

ကျွန်တော် မထင်မရှား မြင်နေရတဲ့ ယမုန့်ကို လှမ်းကြည့်ပြီး ဘာပြန်ပြောရမလဲ ဖြစ်နေဆဲမှာပဲ၊ ယမုန့်နောက်ဘက်နားကျကျဆီမှာ ထိုးရပ်လိုက်တဲ့ မေမေ့ကားကို လှမ်းမြင်လိုက်ရတယ်။

မေမေဟာ ကျွန်တော့်ရဲ့ခြေလှမ်းတွေအားလုံးကို ကြိုမြင်နေတော့တာပါပဲလား။

"မောင်...ယမုန်ပြောတာ ကြားတယ်မဟုတ်လား!၊ ပြန်ပြောလေကွာ"

"အင်း...ဟင်း"

"ယမုန်နဲ့တူတူ လျှောက်လည်မယ်မို့လားလို့!"

ယမုန့်အသံလေးက စိတ်မရှည်သံ စွက်နေပါပြီ။

"ဆောရီး ယမုန်ရယ်"

ယမုန်ဟာ ကျွန်တော်နဲ့ အတော့်ကို နီးကပ်နေပါပြီ။

တကယ်ဆို ဖုန်းတွေပိတ်ပြီး လူချင်းတိုက်ရိုက်ပြောရင်တောင် ကြားလောက်တဲ့ အကွာအဝေးကို ရောက်နေပါပြီ။

"ကိုယ် မအားဘူး ယမုန်ရယ်"

"ဘာ!!..."

ယမုန့် "ဘာ" သံက မာဆတ်နေတယ်။

"ရှင့်ဘဝမှာ ကျွန်မက ဘာလဲ စင်ရော်၊ ကျွန်မကို အချိန်မပေးနိုင်ဘဲနဲ့ ရှင် ဘာလို့ ချစ်ခွင့်လာပန်သေးလဲ၊ ကျွန်မနဲ့ရှင်နဲ့ ချစ်သူတွေဘဝဟာ ဘာအဓိပ္ပါယ်ရှိလဲ"

ယမုန် နာနာကျည်းကျည်းနဲ့ ပြောနေချိန်မှာ ဘူဟာ ယမုန့်



www.burmeseclassic.com

www.burmeseclassic.com



နံဘေးက ဖြတ်ကျော်ခဲ့ပါတယ်။

ယမုန်က ဖုန်းကိုဖယ်လိုက်ပြီး သူ့ကို စူးစူးကုပ်ကုပ် စိုက်ကြည့်နေတာကို မျက်လုံးထောင့်က လှမ်းမြင်နေရတယ်။

"ဟိတ်…ရှင် ဘာလို့ ကျွန်မကို လှည့်မကြည့်တာလဲ!"

ယမုန်က လှမ်းအော်တယ်။

အဲ့ဒီအချိန် ကျွန်တော် မေမေ့ကားနား ရောက်နေပြီ။

မေမေက ကျွန်တော့်ကို အလစ်မပေးတဲ့ မျက်လုံးမျိုးနဲ့ မော့ကြည့်နေတယ်။

မေမေ့ဘေးမှာ အမျိုးသားကြီးတစ်ယောက်ကို တွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲ ဗလောင်ဆူသွားတယ်။

ကျွန်တော် မေမေတို့ကို လှည့်မကြည့်ဘဲ ရှေ့ခန်းတံခါးကို ခပ်ဆောင့်ဆောင့် ဖွင့်လိုက်တယ်။

"အင်း…ဒါပဲနော်၊ ကိုယ် ဖုန်းပြန်ခေါ်လိုက်မယ် သိလား"

သူ ဖုန်းကို ပိတ်ပစ်လိုက်တယ်။

ယမုန် အတော့်ကို ဒေါသထွက်ပြီးကျန်ခဲ့မှာ သူသိတယ်။

သူ ဟင်းခနဲ သက်ပြင်းချလိုက်တယ်။

ယမုန့်ကို ခက်ခက်ခဲခဲ ပြန်ချော့ရတော့မယ်ဆိုတာ သူ ကြိုသိနေတယ်။

နောက်ကို မသိမသာ ကြည့်လိုက်တော့…သူ့ကို ပြုံးပြီး စိုက်ကြည့်နေတဲ့ မေမေနဲ့ အကြည့်ချင်း ဆုံသွားတယ်။

သူ သိသိသာသာပဲ မေမေနဲ့ အကြည့်လွှဲလိုက်တယ်။

"သား မေမေ့ကို လှည့်ပြီးထွက်သွားမယ်လို့ ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက စကားစတယ်။

ကျွန်တော် မေမေ့ကို အဲဒီလောက်တော့ မလုပ်ရဲပါဘူး။

"သားရေ...ဒေါက်တာဦးထင်အောင်ကို မှတ်မိလား"

ဒေါက်တာဦးထင်အောင်။

ဒီနာမည်ကို သူကြားခဲ့ဖူးသလိုပဲ။

အသေအချာ စဉ်းစားမှ သူ မှတ်မိတော့တယ်။

"ဖေဖေ ဆုံးခါနီးတုန်းက လာကုပေးတဲ့ ဆရာဝန်၊ ဆောရီး ကျွန်တော်ပြောတာ လောသွားတယ်၊ ဖေဖေ အသည်းအသန်ဖြစ်တုန်းက လာကြည့်ပေးတဲ့ ဆရာဝန်ပဲ"

"ဟယ်လို စင်ရော်"

ဒေါက်တာဦးထင်အောင်ဆိုတဲ့ ဘိုးတော်က ကျွန်တော့်ကို နောက်ကြည့်မှန်ထဲကနေတဆင့် အပြုံးနဲ့ နှုတ်ဆက်တယ်။

တကယ်တော့ ကျွန်တော် ပြန်လှည့်ကြည့် နှုတ်ဆက်သင့်ပေမယ့် မှန်ထဲကနေပဲ မခိုးမခန့် ပြန်ပြုံးပြလိုက်ပြီး လက်တစ်ဖက် မြှောက်ပြလိုက်တယ်။

"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်လ်"

ကျွန်တော့်အပြုံးကြောင့် မေမေ မျက်နှာပျက်သွားတာ မြင်လိုက်ရတယ်။

ဒီလူကြီးနဲ့ ကျွန်တော့်ကို...မေမေ ဘာကြောင့်တွေ့ပေးလဲ ဆိုတာ ကျွန်တော်ကြိုသိနေပါပြီ။

"သားကို ခွဲစိတ်ပေးဖို့ ဒေါက်တာထင်အောင်ဆီမှာ မေမေ အပ်ပြီးသွားပြီ...သား။ ဒေါက်တာကလည်း လိုလိုလားလားပဲ လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သားအတွက် မေမေခုမှ ရင်အေးရတော့တယ် သိလားသား!"

မေမေပြောနေတာ အားတက်သရော တက်တက်ကြွကြွ ရှိလှတယ်။

"မေမေ အဲ့ဒါ စည်းဖောက်တာပဲ၊ ကျွန်တော်က ကာယကံရှင်လေ မေမေရဲ့၊ ကျွန်တော်နဲ့ အရင်ညှိသင့်တာပေါ့၊ ခုတော့ မေမေက အကွက်တွေ ကျော်နေတာပဲ"

"ဟဲ့...သား!"

မေမေ ကျွန်တော့်ကို အလန့်တကြား ဟန့်တယ်။

ဟိုလူကြီးကိုလည်း အားနာသွားပုံပဲ။

ကျွန်တော် ပြောလက်စနဲ့ ဆက်ပြောလိုက်တယ်။

"ကျွန်တော် ဒေါက်တာသီဟနဲ့ အားလုံးစီစဉ်ပြီးပြီ မေမေ၊ ခုပဲ ရီဟာဖယ်လုပ်ပြီး ပြန်ထွက်လာတာ"

မေမေက ကျွန်တော့်ကို လက်လှမ်းကာပြတယ်။

"မေမေ သိတယ် သား၊ သိလို့ မေမေ ဒီအထိ လိုက်လာတာပေါ့၊ ဒေါက်တာဦးထင်အောင်ဟာ ခွဲစိတ်လောကမှာ အကျော်ကြားဆုံး ဆရာဝန်ကြီးပဲ၊ ဖေဖေတို့ မေမေတို့နဲ့ ခင်မင်ရင်းနှီးရှိလို့သာ..သား ဒေါက်တာနဲ့ လွယ်လင့်တကူ ခွဲစိတ်ခွင့်ရတယ်ဆိုတာ နားလည်တယ် မဟုတ်လား"

"ဟုတ်ကဲ့...ဒါပေမယ့် ကျွန်တော်ပြောထားတဲ့အတိုင်းပဲ ကျွန်တော် ဒေါက်တာသီဟနဲ့ပဲ..."

ကျွန်တော် စကားဆုံးအောင် မပြောလိုက်ရဘူး။

ကျွန်တော့်စကားကို အရေးလုပ် နားထောင်ချင်ပုံရ မလိုတဲ့ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့ ဒေါက်တာကြီးဟာ မေမေ့ဘက်လှည့်ပြီး စကားတွေပြောနေတယ်။

"စင်ရော်ဟာ နှလုံးအလှူရှင်ကို စောင့်နေရတာ တစ်နှစ်ကျော်တောင် ရှိနေပြီနော် နိုင်၊ အိုနက်ဂတစ် သွေးအမျိုးအစားဟာ အရမ်းရှားတယ်လေ၊ ဒါကြောင့် ကြာနေတာပါ၊ အဲ့ဒီတော့ ကိုယ်တို့ နည်းနည်းတော့ စိတ်ရှည်ကြရမယ်၊ သွေးအမျိုးအစားချင်းတူတဲ့..နှလုံးအလှူရှင်ရပြီဆိုတာနဲ့..."

ကျွန်တော် လုံးဝစိတ်မရှည်တော့ဘူး။

ဒါတွေဟာ ကျွန်တော်သိပြီးသားတွေပါ။

ကျွန်တော် သူ့အသံကို လွှမ်းသွားအောင် ခပ်ကျယ်ကျယ်အော်ပြောလိုက်တယ်။

"တဆိတ်လောက်...ကျွန်တော်ပြောတာကို ခင်ဗျားမကြားဘူးထင်တယ်"

"သူ့လိုမျိုး ရောဂါလက္ခဏာ၊ ခွဲလို့မရတဲ့ မွေးရာပါနှလုံးရောဂါသည်တွေဟာ..."

ကျွန်တော့်စကားကို လုံးဝအရေးမစိုက်ဘဲ မေမေနဲ့ အဲ့ဒီဘဲကြီးဟာ စကားတွေ ဆက်ပြောနေကြတယ်။

ကျွန်တော် တော်တော့်ကို တင်းသွားတယ်။

ကျွန်တော်ဟာ စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးကိုတောင် ဦးဆောင်လုပ်ကိုင်နေသူပါ။ သူတို့ ကျွန်တော့်ကို ကလေးလို မဆက်ဆံသင့်ဘူး။

"ဟေး" ခနဲ ကျွန်တော် တစ်ချက်အော်ထည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီတော့မှ မေမေနဲ့ ငနဲကြီး ကျွန်တော့်ကို လှည့်ကြည့်ကြတယ်။

"ဒေါက်တာ…ကျွန်တော် ဒီမှာ ထိုင်နေပါတယ်၊ ဒေါက်တာ ကျွန်တော့်အကြောင်း ပြောချင်တယ်ဆိုရင် ကျွန်တော်နဲ့ တိုက်ရိုက် ပြောလို့ရပါတယ်"

ကျွန်တော့်စကားဆုံးတော့ မေမေ မျက်လုံးဝိုင်းသွားတယ်။

"စင်ရော်…ဘယ်လိုပြောလိုက်တာလဲ!"

လို့ ဟန့်တယ်။

ဘိုးတော်က ကျွန်တော့်မေမေကို…ကျွန်တော့်ရဲ့ရိုင်းပျမှုကို ဖွေ မယူတဲ့သဘော ပြုံးပြီးလက်ကာပြတယ်။

"ရတယ် ခိုင်၊ ကျွန်တော် သူ့ကို ရှင်းပြလိုက်ပါ့မယ်"

ဘိုးတော်က ကျွန်တော့်ကို သိပ်ကို ဆရာဝန်ပီသတဲ့အပြုံး မျိုးနဲ့ ဆွဲဆောင်ပြီး ပြုံးပြတယ်။ ဒါဟာ သူ့ရဲ့ဆွဲဆောင်မှုမှန်း သိထား တော့ ကျွန်တော် အချဉ်တောင် ပေါက်သွားမိတယ်။

"မင်းနဲ့ ဒေါက်တာသီဟနဲ့က သူငယ်ချင်းတွေမှန်း ကိုယ်သိ ထားတယ် စင်ရော်၊ ပြီးတော့ မင်း ပထမဆုံး နှလုံးရောဂါ ဖောက်တုန်း က သူကပဲ ကုပေးခဲ့တာဆိုတော့…မင်းအသက်ကို ကယ်တင်ပေးခဲ့သူ အဖြစ်…မင်း သူ့ကို ယုံကြည်မှု ရှိတယ်မဟုတ်လား၊ မင်းရဲ့ဆေးမှတ် တမ်းတွေကို ကိုယ်ဖတ်ပြီးပါပြီ၊ ဒါပေမယ့် မင်းမိဘတွေနဲ့ ကိုယ်နဲ့က မိတ်ဆွေတွေ ဖြစ်ခဲ့ကြတာ မင်းအသက်နီးပါးပဲ၊ နှလုံးအစားထိုး ခွဲစိတ် မှုဟာ သိပ်ကို နူးညံ့လက်ဝင်တဲ့ ခွဲစိတ်မှုပဲ၊ ကျွမ်းကျင်မှုနဲ့အတွေ့ အကြုံ ပေါ်မှာ မူတည်တယ်၊ ကိုယ် မင်းလိုမျိုး လူနာတွေကို ခွဲစိတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ list ရှိတယ်၊ မင်းစိတ်ဝင်စားတယ်ဆိုရင် ဖတ်ကြည့်လို့ရတယ်"

"သားက ခွဲစိတ်ချင်တယ်ဆိုရင် အကောင်းဆုံး ခွဲစိတ်ဆရာဝန်ကို ရှာရမယ်လေ၊ မဟုတ်ဘူးလား စင်ရော်!"

ငနဲကြီးစကားဆုံးတော့ မေမေက ဝင်ပြောတယ်။

ကျွန်တော် ဒီလူကြီးနဲ့ လုံးဝ ခွဲစိတ်မှု မလုပ်နိုင်ဘူးလို့...ပြောလိုက်ချင်တယ်။ အဲ့သလို ပြတ်ပြတ်သားသား ပြောလိုက်ရင်...ကျွန်တော်နဲ့မေမေဟာ ပြဿနာကောင်းကောင်းတက်ရတော့မှာပါ။

ဒီလူကြီး မေမေ့ကို ကြည့်တဲ့အကြည့်ကိုလည်း မကြိုက်ဘူး။

ပြီးတော့ မေမေ့ကို ခိုင်လို့ တစ်လုံးထဲ အဖျားဆွတ်ခေါ်တာကိုလည်း မကြိုက်ဘူး။ ဒါ ဖေဖေတစ်ယောက်ထဲ ခေါ်ခွင့်ရှိတဲ့နာမည်ပဲ။

မေမေ့ကို အားလုံးက ဒေါ်ခိုင်ကျော်အောင်လို့ပဲ...နာမည်အပြည့်အစုံ ခေါ်ကြတာ။

သူ့ "ကျစ်"ခနဲ ခပ်ကြိတ်ကြိတ် စုတ်သပ်လိုက်ပြီး...

"ကျွန်တော်တို့ ကွန်တိန်နာကိစ္စ ပြောရအောင် မေမေ"

လို့ စကားလမ်းကြောင်း လွှဲလိုက်တယ်။

မေမေက ကျွန်တော့်ကို စိတ်ပျက်လက်ပျက်ကြည့်ပြီး သက်ပြင်းချတယ်။

ဘိုးတော်ကြီးကတော့ ဟောလိဝုဒ် မင်းသားတစ်ယောက်လို ဂိုက်များများနဲ့ ပခုံးတွန့်ပြတယ်။ လုံးဝကြည့်မကောင်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

"ကဲ...သား၊ မေမေတို့ ကွန်တိန်နာကိစ္စ ပြောကြရအောင်"

သူနဲ့ မေမေဟာ ညစာစားပြီးရင် အတွင်းဧည့်ခန်းထဲမှာ ထိုင်ပြီး အလုပ်ကိစ္စ စကားစမြည် ပြောတတ်ကြတယ်။ ရှေ့ဆက်လုပ်ရမယ့် အလုပ်အကြောင်း ဆွေးနွေးကြတယ်၊ လုပ်ပြီးခဲ့တဲ့ အလုပ်ကိစ္စတွေရဲ့ အကျိုးအမြတ်ကို ပြန်သုံးသပ်ကြတယ်။

မေမေက နေ့လည်က ကားပေါ်မှာ သူပြောခဲ့တဲ့စကားကို ပြန်ကောက်တယ်။

"ခုချိန်က ကျွန်တော်တို့ ကွန်တိန်နာကိစ္စ ပြောရမယ့်အချိန်မှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာဘဲ မေမေရာ"

မေမေက သူ့ဆီက အကြည့်လွှဲ မျက်လုံးမှိတ်ပြီး သက်ပြင်းချတယ်။

ဒါပေမယ့် မေမေဟာ ကျွန်တော့်ကို အလျှော့ပေးတဲ့ပုံစံနဲ့ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

"အိုကေ...ခုချိန်မှာ သားက ဘာပြောချင်သလဲ!"

"ဒေါက်တာထင်အောင်ဆိုတဲ့ အဘိုးကြီးအကြောင်း"

ကျွန်တော့်အသံက နည်းနည်းဆတ်ပြီး မျက်နှာကလည်း မှုန်ကုပ်ကုပ် ဖြစ်သွားမယ်ထင်တယ်။

မေမေက "အိုး"ခနဲ ထအော်ပြီး တစ်ချက်ရယ်တယ်။

ပြီးတော့မှ မှုန်တေတေ ကျွန်တော့်မျက်နှာကို ကြည့်ပြီး...ကိုယ်ရှိန်ပြန်သတ်လိုက်တယ်။

"ဘာလို့ ရယ်တာလဲ မေမေ"

"ဒေါက်တာထင်အောင်ကို အဘိုးကြီးဆိုလို့ပါ၊ သူက မေမေနဲ့ ရွယ်တူပဲလေ သားရဲ့၊ ဒါဆို မေမေလဲ အဘွားကြီးဖြစ်နေပြီပေါ့"

"ဘာဆိုင်လို့လဲ...သူ အဘိုးကြီးဖြစ်တိုင်း မေမေက ဘာလို့ အဘွားကြီး ဖြစ်ရမှာလဲ၊ မေမေက သိပ်လှနေတုန်းဟာကို"

တကယ်လည်း မေမေဟာ အသက်အရွယ်ထက် နုပျိုသော အလှဖြင့် ကျက်သရေရှိရှိ လှပနေဆဲ ဖြစ်ပါသည်။

မေမေ့အလှမှာ တော်ဝင်သောအလှလိုမျိုးမို့ ရွယ်တူပုဂ္ဂိုလ်ကြီးများ မျက်စိကျဆဲ ရှိတာကို သူသိပါသည်။

"သူ မေမေ့ကို နိုင်လို့ခေါ်တာ ကျွန်တော်မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေ မျက်လုံးဝိုင်းသွားတယ်။

"သား မေမေ့ကို သဝန်တိုနေတာလား"

"အဲ့ဒါ ဖေဖေတစ်ယောက်ထဲ ခေါ်သင့်တာ မဟုတ်ဘူးလား"

"မေမေတို့က ငယ်ငယ်ကတည်းက ရင်းနှီးခဲ့ကြတာလေ သားရဲ့၊ သူ နှုတ်ကျိုး..."

"သားတစ်ယောက်ရဲ့အရှေ့မှာတော့ သူ့ရဲ့ကျိုးနေတဲ့နှုတ်ကို ထိန်းသင့်တာပေါ့ မေမေ"

"အိုကေ...သားမကြိုက်ရင် သူ နောက်ကို မေမေ့ကို..ခေါ်ခိုင်ကျော်အောင်လို့ပဲ ခေါ်စေရမယ်၊ သားရှေ့မှာရော သားရဲ့ နောက်ကွယ်မှာရော"

"Thank you ပါ မေမေ"

မေမေဟာ မိန်းကလေးပေမယ့် လေးစားစရာ အကောင်းဆုံးအချက်က စကားတည်တတ်တယ်။

"နောက်ပြီး အဲ့ဒီဒေါက်တာကြီး မေမေ့ကို ကြည့်တဲ့အကြည့်တွေက"

"ဟိုး...ဟိုး"

မေမေက သူ့ကို စကားအဆက်မခံဘဲ လက်ကာပြီးတားတယ်။

"မေမေဟာ စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးစီးလုပ်ကိုင်နေတဲ့ မိန်းမတစ်ယောက်မို့ အသိုင်းအဝိုင်းက ကျယ်ပြန့်တယ်၊ ဒါကို သား သိတယ်မဟုတ်လား"

မေမေ့မျက်လုံးတွေ စူးရှနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေဟာ သုံးဆယ်ကျော်နဲ့ မုဆိုးမ ဖြစ်ခဲ့တဲ့သူပါ သားရဲ့၊ မေမေသာ နောက်အိမ်ထောင်ပြုချင်ရင် အဲ့ဒီအရွယ်ကတည်းက ပြုမှာပေါ့၊ မြေးချီရမယ့်အရွယ်ကျမှ မေမေ့ကို ကလေးကလား စကားတွေနဲ့ စိတ်ကျဉ်းကျပ်အောင် မလုပ်စမ်းပါနဲ့ကွယ်"

ဟုတ်သားပဲ။

မေမေဟာ ကျွန်တော် လူမမယ်အရွယ်ကတည်းက သားအမိနှစ်ယောက်ထဲနဲ့ ဘဝကို ရဲရဲရင့်ရင့် ဖြတ်သန်းခဲ့တာပဲ။

မေမေ့စကားလုံးတွေကြောင့် မေမေ့ကို ရစ်ချင်နေတဲ့...ကျွန်တော့်ရဲ့စိတ်တွေ ပေါ့ပါးပြီး ငြိမ်သက်သွားတယ်။

မေမေက ကျွန်တော့်ကို စိုက်ကြည့်နေပြန်တယ်။

ခုနက စူးရှနေတဲ့ မေမေ့မျက်လုံးတွေဟာ တဖြည်းဖြည်းနဲ့ မှုန်မှိုင်းသွားပြန်တယ်။

"တကယ်တော့ မေမေဟာ ကျန်ရစ်ခဲ့မယ့်သူပါ သားရယ်၊ မေမေ သိနှင့်ပြီးသားပါ၊ အချိန်တန်တော့ သားက မေမေ့ရင်ခွင်ထဲက ထွက်ခွာသွားမယ့်သူပါ၊ မေမေတစ်ယောက်ထဲပဲ ကျန်ရစ်ခဲ့မယ့်သူပါ"

မေမေ ဒီလိုပြောတော့လည်း ကျွန်တော့်ရင်ထဲ တစ်မျိုးပဲ။

ကျွန်တော် ယမုန့်ကို သိပ်ချစ်ပါတယ်။

ဒါပေမယ့် မေမေ့ကို ခွဲထားရစ်ခဲ့ဖို့လည်း စိတ်က မပြတ်သားမတင်းမာနိုင်ပြန်ဘူး။

ကျွန်တော်တို့ နှလုံးအစားထိုးမယ့်ကိစ္စ ပြောတုန်းက...ကျွန်တော့်နှာအကြောင်း စကားလွှဲခဲ့ပြီး အခု မေမေက ကွန်တိန်နာအကြောင်း စကားစလာတော့...ခွဲစိတ်ဖို့ကို စကားပြန်လွှဲမိခဲ့ပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သီဟနဲ့ပဲ ခွဲချင်တယ် မေမေ၊ သီဟက ကျွန်တော် အဲဒီနေ့ကျရင် သက်တောင့်သက်သာဖြစ်အောင် ရီဟာဇယ်တောင် လုပ်ပေးပြီးပြီ"

သီဟရဲ့ဝါထိန်အေးခဲနေတဲ့ မျက်နှာကြီးကို မြင်ယောင်နေမိတဲ့အကြောင်းကိုတော့ ကျွန်တော် ထည့်မပြောလိုက်ဘူး။

"သီဟဟာ ကျွန်တော့်အပေါ် သိပ်ကောင်းတဲ့ သူငယ်ချင်းပါ မေမေ၊ ပထမတစ်ကြိမ် ကျွန်တော် နှလုံးရောဂါ ဖောက်တုန်းက သူပဲ ကယ်ခဲ့တာ မေမေအသိပဲ၊ သူဟာ အသက်ငယ်ပေမယ့် အရည်အချင်း ရှိပါတယ်၊ လူနာတစ်ယောက်ဟာ..သူ့ကို ကုသပေးမယ့် ဆရာဝန်အပေါ် ယုံကြည်မှုရှိမှ ဆေးလိုက်တော့မှာပေါ့ မေမေ"

"ဒါပေမယ့် သူ့မှာ နှလုံးအစားထိုးဖူးတဲ့ အတွေ့အကြုံ မရှိဘူးလေ သားရယ်၊ ဒါဟာ လွယ်လွယ်ကလေး ခွဲစိတ်လို့ရတဲ့ ကေ့စ်တစ်ခု မဟုတ်ဘူး၊ ပြီးတော့ သားရဲ့..."

မေမေက စကားကိုဆုံးအောင် မပြောရဲတော့သလို ရပ်လိုက်တော့ သူက ဆက်ဖြည့်ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့...သားရဲ့အသက်နဲ့ ရင်းရမှာ သိပါတယ်"

"သား ဆုံးဖြတ်ချက်ချတာ သိပ်ကလေးဆန်လွန်းမနေဘူးလား"

"သားအသက်နဲ့ ဆိုင်တဲ့ကိစ္စကို သားကိုယ်တိုင် ဆုံးဖြတ်ချက် မရှိရတော့ဘူးလား မေမေ"

"ဘယ်လိုပြောလိုက်တာလဲ သား၊၊ သားဟာ မေမေ့ဝမ်းနဲ့ လွယ်မွေးခဲ့တာပါ၊ သားအသက်ဟာ မေမေ့အသက်ထက်ပိုအရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

မေမေ သူ့စကားကြောင့် စိတ်ထိခိုက်တုန်လှုပ်သွားရပုံရတော့ သူ စိတ်မကောင်း ဖြစ်သွားရတယ်။

သူ တောင်းပန်လိုက်သင့်ပေမယ့် တိတ်ဆိတ်နေဖြစ်တယ်။

မေမေက သူ့ကို မှုန်ရီဝေနေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်ရင်း နေရာကအသာထတယ်။

"ကဲ...မေမေ အိပ်သင့်ပြီ၊ ဒီနေ့ မေမေ စိတ်အရမ်းပင်ပန်းရတယ်၊ သား သိပ်ညဥ့်မနက်နဲ့နော်"

မေမေ ကျွန်တော့်နဖူးပြင်ကို ဖွဖွလေးမွှေးပြီး နှုတ်ဆက်တော့ ကျွန်တော့်ရင်ထဲ အေးသွားတယ်။

မေမေ့ကို ကျွန်တော် သိပ်ချစ်ပါတယ်။

မေမေ ကျွန်တော့်ကို သိပ်ချစ်မှန်းလည်း သိပါတယ်။

ဒါပေမယ့် မေမေ ကျွန်တော့်ကို နေရာတကာ ကလေးတစ်ယောက်လို ဖယားကွက်ချပေးတာကို ကျွန်တော် မကြိုက်ဘူး။

အဲ့ဒါက ကျွန်တော်နဲ့ မေမေရဲ့ကြားက ပဋိပက္ခပဲ။

"ချပ်"ခနဲ မေမေ့အခန်းဆီက တံခါးပိတ်သံ ကြားရတော့မှ ကျွန်တော် အနွေးထည်အကျီထဲက ကတ္တီပါဗူးကလေး ထုတ်ယူလိုက်တယ်။

ဖြည်းဖြည်းလေး ဖွင့်လိုက်တယ်။

အခန်းတစ်ခုလုံး လင်းလက်သွားသလိုပဲ။

တစ်ပွင့်တည်းသောစိန်ကို ပလက်တီနမ်နဲ့ ကွပ်ထားတဲ့...လက်စွပ်ကလေး။



www.burmeseclassic.com

www.burmeseclassic.com



ယမုန်ကို လက်ထပ်ခွင့်တောင်းမယ့် လက်စွပ်ကလေးပါ။

သူ့လက်သန်းမှာ စွပ်ချလိုက်တော့ အံဝင်ခွင်ကျပဲ။

ဒါဆို ယမုန့်လက်သူကြွယ်မှာလည်း အံဝင်ခွင်ကျပဲ ရှိလိမ့်မယ်။

ဒီလက်စွပ်လေးဟာ ယမုန့်ရဲ့သွယ်လျောင်းနုဖတ်နေတဲ့-လက်သူကြွယ်ကလေးနဲ့ အရမ်းလိုက်ဖက်မှာ ဖြစ်သလို ဒီလက်စွပ်ကလေးကို မြင်ရင်…ယမုန် သိပ်ဝမ်းသာပျော်ရွှင်သွားမှာ သေချာပါတယ်။

ယမုန်ကတော့ သူ့ကိုပစ်ထားတယ်ဆိုပြီး…ကျွန်တော့်ကို အတော်တင်းနေမှာ သေချာတယ်။ ကြီးမားကျယ်ပြန့်သလောက် ရှုပ်ထွေးလှတဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို ဦးဆောင်နေရတဲ့ စီးပွားရေးသမားတစ်ယောက်ရဲ့ဘဝ…မုဆိုးမ မိခင်ရဲ့ တစ်ဦးတည်းသောသားတစ်ယောက် ဖြစ်ရတဲ့ဘဝရဲ့ အခက်အခဲတွေကို…ယမုန် တစ်ကယ်တော့ စာနာနားလည်ပေးဖို့ မလွယ်ပါဘူး။

ဒီလက်စွပ်ကလေးကို မြင်ရင်တော့ ယမုန့်အပေါ် သူ ဘယ်လောက် ချစ်မြတ်နိုးတာ ဘယ်လောက်တန်ဖိုးထားသလဲဆိုတာ ယမုန် သိနားလည်လောက်ပါရဲ့။

မနက်ဖြန် ယမုန်နဲ့တွေ့ဖို့ ဘယ်လိုလစ်ရမလဲဆိုတာ သူ ဉာဏ်ထုတ်နေမိတယ်။

"နက်ဖြန် အိတ်စပို့ကိစ္စတွေနဲ့ ရုံးမှာ အရမ်းအလုပ်ရှုပ်လိမ့်မယ်"

ယမုန့်ကိုလည်း သူ အရမ်းတွေ့ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းမောကိုချပြီး အိပ်ယာထဲ ခြေပစ်လက်ပစ် ဝင်ခဲ့လိုက်တယ်။

ဒါပေမယ့် သူ တော်တော်နဲ့ အိပ်မပျော်နိုင်ခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

သူ ထင်ထားတဲ့အတိုင်းပဲ..ဒီနေ့လည်း ဘယ်လိုပဲ ညက် ထုတ်ပေမယ့် အလုပ်တွေက ထောင့်စေ့အောင် ပြေးလွှားနေခဲ့ရတာမို့ သူ ယမုန်နဲ့ မတွေ့ဖြစ်ပြန်ဘူး။

သူနဲ့မေမေ ညစာတောင် အတော်ညဉ့်နက်မှ စားခဲ့ရတယ်။

ညစာစားပြီးတော့ သူနဲ့မေမေ ဧည့်ခန်းထဲကို စကားစမြည် ပြောဖို့ ထိုင်လိုက်ကြတယ်။

အပြင်မှာ မိုးကလည်း သည်းနေတော့ မိုးအေးလေအေးနဲ့ ညက အရမ်းအေးချမ်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရော မေမေရော ဒီနေ့တစ်နေ့လုံး အရမ်းကို အလုပ်များခဲ့ကြပေမယ့် မိုးကြောင့် စိတ်ကြည်လင်လန်းဆန်းနေခဲ့ကြတယ်။

"ကော်ဖီသောက်မလား မေမေ၊ မိုးအေးအေးလေးနဲ့ ကော်ဖီနဲ့ မလိုက်ဘူးလား၊ ကျွန်တော် ဖျော်ပေးမယ်လေ"

ကျွန်တော် သိပ်သဘောကောင်းပြလိုက်တော့ မေမေက မျက်စောင်းဝင့်တယ်။

"သား သောက်ချင်လို့ မဟုတ်လား"

"အဟဲ...နို့များများနဲ့ပဲ သောက်မှာပေါ့ မေမေရယ်"

"မွန်မွန့်ကို ဖျော်ခိုင်းလိုက်လေ"

မွန်မွန့်ကို ခေါ်ဖို့ သူ ပါးစပ်ပြင်လိုက်ချိန်မှာပဲ...

"ဟော့...မတ်ခွက်ကြီးနဲ့ မသောက်ရဘူးနော် သားလေး"

မေမေက လက်ညှိုးထောင်ပြီး တားတယ်။

သူ မေမေ့ကို "အိုခေ" ခန့် အော်ပြီး ရွှတ်ခနဲ မွှေးလိုက်မိတယ်။

ဘာဖြစ်လို့ မွှေးလိုက်မိမှန်း မသိဘူး။

သူ့မျက်စိထဲ မေမေဟာ ဒီည သိပ်ချစ်စရာကောင်းနေတယ်။

သနပ်ခါး ပါးပါးလေး လူးပြီး ဆံပင်တွေကို ထိပ်မှာဖြစ်သလို ထုံးထားတဲ့ မေမေ့ကို ကြည့်ရတာ ဘွားအိုပေါက်စလေးလိုပဲ...၊ သိပ်ချစ်စရာကောင်းနေတယ်။

မေမေလည်း ကျွန်တော် မွှေးလိုက်တာကို အတော်ကြည်နူးသွားပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်လုံးတွေထဲမှာ အရည်ကြည်တွေ လဲ့နေတယ်၊

"ကျေးဇူးတင်ပါတယ် သားရယ်၊ မေမေ့အပေါ် ခုလို နွေးနွေးထွေးထွေး ဆက်ဆံတဲ့အတွက်"

မေမေ့အသံက ခံစားချက်တွေနဲ့ လှိုက်ခါနေတယ်။

သူ အတော်စိတ်မကောင်း ဖြစ်သွားရတယ်။

မေမေနဲ့သူ ဘာကြောင့်များ နားလည်မှုတွေ လွဲခဲ့ရတာလဲ၊

"မေမေလေ...ဘဝမှာ ဘာမှမလိုအပ်ဘူး သိလား၊ သားရှိနေရင်..မေမေ့ဘဝမှာ သားတစ်ယောက်ထဲ ရှိနေရင်..မေမေ့နံဘေးမှာ သားတစ်ယောက်ထဲ ရှိနေရင်..မေမေ အားလုံးပြည့်စုံပြီ""

သူ မေမေ့ဆီက မသိမသာ အကြည့်လွှဲလိုက်မိတယ်။

ပြီးတော့ သူ့အင်္ကျီအိတ်ထဲက ဘူးကလေးကို လက်နဲ့ ခပ်ဖိဖိစမ်းကြည့်လိုက်မိတယ်။

သူဟာ မေမေ့နံဘေးနားက ခွဲထုတ်ဖို့..မေမေ့ဘဝထဲက ထွက်ခွာသွားဖို့ ကြိုးစားနေခဲ့မိပြီလား။

အဲ့ဒီအတွက် မေမေ့ကို သူ ဘယ်လိုပြင်ဆင်ထားပေးရမလဲ၊

ဘယ်လို ကြိုတင်နှစ်သိမ့်ပေးထားသင့်သလဲ။

သူ မေမေ့ကို ညင်သာစွာ စကားစလိုက်တယ်။

"မေမေရယ်...ဘယ်နည်းနဲ့မဆို တစ်ချိန်ချိန်မှာတော့ ခွဲကြရမှာပဲ မဟုတ်လား၊ တကယ်လို့များ ကျွန်တော် ခွဲစိတ်တဲ့ကိစ္စ မအောင်မြင်ခဲ့ရင်..."

"အိုး...ဟင့်အင်း...ဟင့်အင်း"

မေမေဟာ အလန့်တကြား တားတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်လုံးတွေဟာ သူ့စကားကို အတော်ကြောက်လန့်နေတဲ့ပုံပဲ။

"သားခွဲစိတ်မယ့်ကိစ္စဟာ ဘာလို့မအောင်မြင်ရမှာလဲ၊ အောင်မြင်အောင်ကို မေမေကြိုးစားမှာပေါ့၊ ဒါကြောင့် ဒေါက်တာထင်အောင်နဲ့ သားကေ့စ်ကို အပ်ရတာ"

"မေမေ..."

မေမေက သူ့ကို လက်ကာပြတယ်။

"သား...မေမေလေ ဖြစ်နိုင်ရင် မေမေ့နှလုံးကို သားကို အစားထိုးပေးချင်လိုက်တာ၊ သားယုံလား...အမေတွေဟာ သူတို့သားသမီးအတွက်ဆို အသက်ကို ပေးဝံ့တယ်၊ အသက်ကို လဲဝံ့တယ်"

မေမေ့မျက်နှာဟာ မိခင်တစ်ယောက်ရဲ့ သတ္တိအပြည့်နဲ့ ရဲရင့်စိမ်းလက်နေတယ်။

တလောကလုံးကို စိမ်ခေါ်နေသလိုပဲ။

သား ယုံပါတယ် မေမေရယ်။

တကယ့်ကို ယုံကြည်ပါတယ်။

သူ ငြိမ်သက်နေမိတယ်။

တစ်ကမ္ဘာလုံးပါ တိတ်ဆိတ်ငြိမ်သက်နေသလိုပဲ။

အဲ့ဒီအချိန်မှာပဲ မေမေနဲ့ သူ့အကြားက ကံကြမ္မာဟာ လျှောင်လှုပ်သွားစေတဲ့ ဖြစ်ရပ်တစ်ခု မွေးဖွားလာခဲ့တယ်။

"ညှော်သည်ရောက်နေတယ် ကြီးကြီး...၊ ကြီးကြီးနဲ့ တွေ့ပါရစေတဲ့"

"ဝေ...ဒီအချိန်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



မွန်မွန် လာပြောတော့..မေမေ အတော်အံ့အားသင့်သွားပုံရ တယ်။

"ခေါ်ခဲ့..ခေါ်ခဲ့၊ ဒီကိုပဲ ခေါ်လိုက်၊ ဘယ်သူများပါလိမ့်"

မေမေရော ကျွန်တော်ရော...ကျွန်တော်တို့သားအမိနှစ်ယောက် ရဲ့ သီးသန့်ဧည့်ခန်းထဲကို ရောက်လာမယ့်ဧည့်သည်ကို စောင့်နေမိ ကြတယ်။

တကယ်တမ်း ရောက်လာတဲ့အခါမှာ...

ကျွန်တော်ဟာ ဘာသံမှကို မထွက်နိုင်ဘဲ အသက်မဲ့ ရုပ်တု တစ်ခုလို ကြောင်အမ်းထုံသက်သွားမိတော့တယ်။

"အို..မိုးရေတွေ စိုရွှဲလို့ပါလား၊ ဘာကိစ္စများပါလိမ့်ကွယ်"

မေမေဟာ တစ်ခါမှ မမြင်ဖူးတဲ့ ဧည့်သည်တစ်ယောက်ကို အစိုးမရတဲ့မျက်နှာနဲ့ စူးစမ်းသလို အသေအချာ စုန်ဆန်ကြည့်တယ်။

ယမုန်ဟာ တစ်ကိုယ်လုံး မိုးရေတွေနဲ့ ရွှဲရွှဲစိုနေတယ်။

မွေးပွကော်ဖော်ပေါ်..ယမုန့်ကိုယ်ပေါ်က မိုးရေစက်တွေ တ တောက်တောက် ကျနေတယ်။

ယမုန့်မျက်ဝန်းတွေဟာ မိုးရေတွေနဲ့ ရောယှက်နေတာလား မျက်ရည်လား ခွဲခြားလို့ မရအောင် မျက်ကြောတွေနီရဲပြီး မှုန်သီဝေဝါး နေတယ်။

မျက်ဝန်းထဲက အရည်တွေဟာ ရွှန်းစို ပြည့်လျှံပြီး ပါးပြင်ပေါ် လျှံမကျအောင် အတော်ထိန်းချုပ်ထားပုံရတယ်။

"သမီးက ဘယ်သူများပါလိမ့်ကွယ်..."

မေမေဟာ ယမုန့်ကို စူးစူးစိုက်စိုက် အကဲခတ်ရင်းက မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ကျွန်မဘယ်သူဆိုတာ အရေးမကြီးပါဘူး အန်တီ"

ယမုန်အသံက မဆိုသလောက် မာနေတယ်။

ဒါပေမယ့်..ယမုန် သိပ်ကို ဝမ်းနည်းကြေကွဲပြီး ပေါက်ကွဲဖို့ အသင့်ဖြစ်နေတယ်ဆိုတာ သူတစ်ယောက်ပဲ နားလည်တယ်။

"ဪ...ဪ...ဒါဆို ဘာကများ အရေးကြီးပါလိမ့်"

ယမုန်ဟာ မေမေ့ကို ဘာလို့လာစိန်ခေါ်ပါလိမ့်။

မေမေဟာ ဘယ်လောက်ထက်မြက်ပါးနပ်တယ်ဆိုတာ... မသိဘူးတဲ့လား။

ကျော်ကြားတဲ့ မေမေ့ဂုဏ်သတင်းတွေကို ယမုန် မကြားခဲ့ဖူးဘူးလား။

"အန်တီ့သားရဲ့နက်ကတိုင် ကျန်ခဲ့လို့ ကျွန်မ လာပေးတာပါ"

"**ဘယ်လို !!...**"

မေမေ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားတယ်။

မေမေဟာ ယမုန်နဲ့ ကျွန်တော့်ကို တလှည့်စီ ကြည့်နေတယ်။ နားလည်ရခက်တဲ့ မျက်လုံးတွေနဲ့ပါ။

"စင်ရော်...သူ...သူ ဘာအဓိပ္ပါယ်နဲ့ပြော"

မေမေဟာ ကျွန်တော့်ကို မေးရင်းကနေ..အဖြေရဲ့ အရင်းအမြစ်ကို ဖမ်းဆုပ်မိသွားပုံနဲ့ တစ်ဝက်တစ်ပျက် ရပ်လိုက်တယ်။

မေမေဟာ လုံးဝကို ထင်မှတ်မထားချိန်မှာ အငိုက်မိခံလိုက်ရတဲ့ပုံမျိုး ပြတင်းပေါက်ဘောင်ကို လက်ထောက်မှီရပ်ပြီး ငြိမ်သက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားရတယ်ဆိုရင်တော့ တောင်းပန်ပါတယ်၊ သွားလိုက်ပါဦးမယ်...ဂွတ်ဒ်နိုက်ပါ"

ယမုန်ဟာ အေးစက်စက် ပြောပြီး ချာခနဲ လှည့်ထွက်သွားတယ်။ ယမုန့်ခြေသံဟာ လိုအပ်တာထက် ပိုပြင်းထန်နေတယ်။

မိုးရေထဲကလာတဲ့ မိန်းကလေးဟာ..မိုးရေထဲကို ပြန်တိုးဝင်သွားတယ်။

"သူ သွားပြီလားသား"

ကျွန်တော် မေမေ့ကို ပြန်မဖြေမိဘူး။

ဒါပေမယ့် မေမေက ဆက်ပြောပါတယ်။

"သူနဲ့သား ဘယ်လိုပတ်သက်ခဲ့သလဲဆိုတာ မေမေ မမေးတော့ဘူး စင်ရော်၊ ဒီမိန်းကလေးရဲ့အကြောင်း...သား ဘယ်လောက်သိသလဲလို့ပဲ မေမေ မေးမယ်"

မေမေက ယမုန်ရဲ့ကိုယ်ရေးရာဇဝင်ကို မေးမြန်းချေပြီ။

ကျွန်တော် ဘာမှပြန်မပြောနိုင်။

ယမုန့်ကို ယမုန်နာဆိုတဲ့ နာမည်တစ်ခုက လွဲပြီး ကျွန်တော် ဘာမှ မသိပါဘူး။

အပြင်ဘက်မှာ ဝင်းခနဲ လျှပ်ရောင်တစ်ချက် လက်သွားတာ ကျွန်တော် သတိပြုလိုက်မိတယ်။

ယမုန့်မှာ ထီးပါလာပုံ မရဘူး။

ယမုန် တစ်ယောက်ထဲ။

ကျွန်တော်ဟာ ဘာမှ စဉ်းစားမနေနိုင်တော့ဘူး၊ နံရံထောင့်မှာ ချိတ်ထားတဲ့ ထီးတစ်ချောင်း ကမန်းကတန်း ယူပြီး ယမုန့်နောက် ပြေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတော့တယ်။

“စင်ရော်...သား နေဦးလေ”

မေမေ့ရဲ့ စိုးရိမ်တကြီး တားမြစ်သံ ကြားလိုက်မိပေမယ့်... ကျွန်တော့်ခြေထောက်တွေဟာ နောက်ပြန်မဆုတ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

"ယမုန်...ယမုန်"

သူ အသံကုန်အော်ပြီး..ယမုန့်နောက်ကို ခွန်အားရှိသမျှ အမြန်ဆုံး ခြေလှမ်းတွေနဲ့ ပြေးလိုက်တယ်။

ယမုန်က အတော်လှမ်းလှမ်း ရောက်နေပြီ။

မိုးရေထဲမှာ ယမုန့်ခြေလှမ်းတွေဟာ ယိုင်နဲ့အားပျော့နေတယ်။ သူ ယမုန့်ကို မီတာနဲ့ ထီးမိုးပေးထားလိုက်တယ်။

"ယမုန်"

ယမုန် ခြေလှမ်းတွေကိုရပ်ပစ်ပြီး သူ့ကို ဆတ်ခနဲလှည့်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ယမုန့်မျက်လုံးထဲမှာ မျက်ရည်တွေပြည့်လျှံနေတယ်။

နာကျည်းနေတဲ့..နာကျင်နေတဲ့..ပြီးတော့ ဝမ်းနည်းဆွေးလျ နေတဲ့ အရိပ်မျိုးစုံကို ယမုန့်မျက်ဝန်းထဲမှာ တွေ့နေရတယ်။

"ယမုန်ရယ်"

သူ လက်တစ်ဖက်ထဲနဲ့ ယမုန့်ပခုံးကို ပိုက်ပွေ့လိုက်တယ်။

"ဟင့်အင်း...ဖယ်"

ယမုန်က ရုန်းဖယ်တယ်။

သူ အသာအယာပဲ လွှတ်ပေးလိုက်ပါတယ်။

ယမုန် ခုချိန်မှာ ထပ်ပြီးစိတ်မချမ်းမသာ မဖြစ်စေချင်ဘူး။

"ကျွန်မ တောင်းပန်ပါတယ်၊ ပြန်ပါရစေတော့၊ ကျွန်မ သိပ်ကို ပင်ပန်းနေပါပြီ"

ယမုန့်နှုတ်ခမ်းလေးတွေ ပြာနှမ်းတုန်ခိုက်နေတာ မြင်ရတော့ သူ အရမ်းသနားသွားမိတယ်။

"ကိုယ်တို့ အေးအေးဆေးဆေး စကားပြောကြရအောင် ယမုန်"

"ကျွန်မ နားချင်နေပြီ၊ ပြန်ပါရစေတော့"

"အိုကေ...ပြန်ရမှာပါ၊ ကိုယ်ကိုယ်တိုင် ယမုန့်ကို ပြန်လိုက်ပို့ ပေးမှာပါ၊ ဒါပေမယ့် ခုလောလောဆယ်တော့ ယမုန်နဲ့ကိုယ် စကား ပြောမှုဖြစ်မယ်၊ ပြဿနာတစ်ခုဟာ ဒီလိုဖြေရှင်းရုံနဲ့ မပြီးဘူး၊ ယမုန် ပြော...ယမုန့်ရင်ထဲ ဘယ်လိုခံစားနေရသလဲ!...ကိုယ့်ကိုပြော၊ ယမုန် ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပါ"

သူ ယမုန့်ကို ကလေးတစ်ယောက်လို ကျောပြင်ကို နှစ်သိမ့်ညှိ ပွေ့ပြီး ရင်ဖွင့်ခွင့် ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီတော့မှ ယမုန်ဟာ သူ့ရင်ခွင်ထဲမှာ သနားစရာကောင်း လောက်အောင် သည်းသည်းထန်ထန် ငိုကြွေးရှာတော့တယ်။

ပြီးတော့ ရှိုက်သံတွေ ဗလုံးဗထွေးနဲ့လည်း သူ့ကို ရန်တွေ့တော့တယ်။

"ရှင် သိပ်လွန်တယ်၊ ဘာဖြစ်လို့ ကျွန်မနဲ့ ချစ်သူတွေ ဖြစ်နေကြတာ လူသိမခံရဲတာလဲ!၊ ကျွန်မက အခြေမဲ့ အနေမဲ့မို့လား!၊ ကျွန်မမှာ ရှင်တို့လို ငွေကြေးစည်းစိမ် မရှိလို့လား!၊ ဂုဏ်ဒြပ်အသိုင်းအဝိုင်း မရှိလို့လား!"

သူ တုန်ခါနေတဲ့ ယမုန့်ပခုံးသားလေးကို လက်တစ်ဘက်ထဲနဲ့ ထိန်းကိုင်ပြီး..ယမုန်ပြောသမျှကို ငြိမ်သက်တိတ်ဆိတ်ပြီး ခံယူနေလိုက်တယ်။

ယမုန် ကြည့်ရတာ ယုန်ကလေးတစ်ကောင် ဒေါသထွက်နေသလိုပဲ၊ ဖြူစင်လိုက်တာ။

"ကျွန်မမှာ ရှင့်ကို ချစ်တဲ့အချစ်ကလွဲပြီး ကျန်တာ ဘာမှပေးဆပ်စရာ မရှိပါဘူး၊ ဒါပေမယ့် အဲ့ဒီအချစ်ကို ရှင်က တန်ဖိုးမထားဘူး။ ရှင်တို့လို ဟိုက်ကလပ်စ်(high class)တွေမှာ အချစ်ထက် တန်ဖိုးထားစရာတွေ အများသားမဟုတ်လား!"

သူ ယမုန့်စကားကြောင့် ခါးခါးသီးသီး ပြုံးလိုက်မိတယ်။

"ကိုယ်တို့ အိမ်ထဲဝင်ပြီး နွေးနွေးထွေးထွေး စကားပြောရအောင် ယမုန်၊ မင်း သိပ်ချမ်းနေပြီ"

ယမုန့်မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားတယ်။

ဒါဟာ ကိုယ့်ရဲ့စိန်ခေါ်မှုတစ်ရပ်ပါ ယမုန်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကိုယ် ဘယ်လောက်ချစ်သလဲဆိုတာ မကြာခင် အချိန် အတောအတွင်းမှာ မင်း အံ့သြဘနန်းနဲ့ သိသွားစေရမယ်။

"ရှင့်အမေ..."

သူ အသာအယာ ခေါင်းငြိမ့်ပြလိုက်တယ်။

"ကိုယ် ယမုန့်ကို မေမေနဲ့ မိတ်ဆက်ပေးမယ်"

"အိုး...တကယ်"

ယမုန့်မျက်လုံးလေးတွေ မျက်ရည်တစိုစိုနဲ့ပဲ ရွှန်းလက်သွားပြန်ပါပြီ။ ချက်ချင်းပျော်ရွှင်သွားပြီးမှ ယမုန့်မျက်နှာဟာ စိုးရိမ်တကြီး အသွင်ပြောင်းလဲသွားပြန်တယ်။

"ခုနက ယမုန့်အပြုအမူက ရိုင်းသလိုဖြစ်ခဲ့တော့...မောင့် မေမေ"

သူ ယမုန့်ကို ညင်ညင်သာသာ ပြုံးပြီး ဖြည်းဖြည်းချင်း ခေါင်း ယမ်းပြလိုက်တယ်။

"မေမေဟာ ထက်မြက်ပေမယ့် မစွာတတ်ဘူး၊ ပြီးတော့ ပြတ်သားပေမယ့် ရန်မတွေ့တတ်ဘူး ယမုန်၊ မေမေ့အတွက် ကိုယ်တာဝန် ယူပါတယ်"

သူ ယမုန့်လက်ကိုင်ပြီး နောက်ကြောင်းပြန်လှည့်လာခဲ့တယ်။ ဒါဟာ စစ်အေးတိုက်ပွဲတစ်ခုကို တိုက်ပွဲဝင်ဖို့ သူ ပြင်ဆင်လိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

သူ ထင်ထားတဲ့အတိုင်းပဲ မေမေဟာ သူတို့ ပြန်လာခဲ့ကြမှာကို သေချာတဲ့အနေအထားမျိုးနဲ့ တည်တည်ငြိမ်ငြိမ်ပဲ စောင့်ကြိုနေတယ်။

"မေမေ...သူ့နာမည် ယမုန်နာပါ"

သူ မိတ်ဆက်ပေးလိုက်တော့ မေမေက အပြုံးအရယ်ကင်းတဲ့ ပကတိမျက်နှာနဲ့ပဲ အသိအမှတ်ပြုရုံ ခေါင်းညိတ်ပြတယ်။

ယမုန်ကတော့ မေမေ့ကို ရှိန့်တွန့်တွန့် ဖြစ်နေတဲ့ပုံပဲ။

"ဘာဖြစ်လို့...မေမေ့ကို ခုမှမိတ်ဆက်ပေးရသလဲဆိုင်ရော်!"



www.burmeseclassic.com

www.burmeseclassic.com



"ဟို…မေမေ ကျွန်တော်"

"မိန်းကလေးက နက်ကတိုင် ပြန်လာပေးမှ မြင်ဖူးရတဲ့အတွက် မေမေ စိတ်မကောင်းဘူး"

ယမုန်က အပြစ်ရှိတဲ့သူတစ်ယောက်လို မျက်လွှာချထားတယ်။

အခုတော့ မေမေနဲ့ ယမုန်ရဲ့အနေအထားက ပြောင်းပြန်ပြန်ဖြစ်သွားပါပြီ။

"ဒါနဲ့ မင်းတို့တွေ့ကြတာ ဘယ်လောက်ကြာပြီလဲ!"

"ခြောက်လလောက် ရှိမယ်ထင်ပါရဲ့ မေမေ"

မေမေ့မျက်ခုံးတွေ ကုပ်ချိုးကျသွားတယ်။

နောက်မှ မေမေ နှုတ်ခမ်းမဲ့ကွေးရှုံ့ပြုံးတယ်။

"ခြောက်လလုံးလုံး မင်း ခြေသံလုံအောင် ပုန်းနိုင်ခဲ့တယ်နော်၊ မေမေက မင်းနောက်လိုက်လုပ်ဖို့ပဲ ကောင်းတော့တယ်၊ မဟုတ်ဘူးလား စင်ရော်!"

မေမေက စကားအများကြီး မပြောဘူး။

ဒါပေမယ့် ပြောသမျှ စကားလုံးတိုင်းက မေမေ မသိအောင် ခိုးကြောင်ခိုးဝှက် လုပ်ခဲ့မိတဲ့ ကျွန်တော့်အတွက် မျက်နှာအထားရ အတော်ခက်စေတဲ့ စကားလုံးချည်းပဲ။

ကျွန်တော့်မှာ မေမေ့ကို တောင်းပန်ရုံအပြင် တခြားနည်းလမ်းမရှိတော့ပါဘူး။

"ဆောရီး မေမေ၊ ကျွန်တော် တောင်းပန်ပါတယ်၊ အခု ကျွန်တော် တစ်ခါထဲ မေမေ့ကို အသိပေးပါပြီ၊ ကျွန်တော်တို့နှစ်ယောက်ကို မေမေ ဘယ်လိုသဘောထားသလဲဆိုတာလဲ သိချင်ပါတယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ယမုန်နဲ့ကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပါပြီ"

"ဘာ!!..."

မေမေ အော်လိုက်ချိန်မှာ ယမုန့်မျက်လုံးတွေဟာ ကြည်နူးစိတ်နဲ့ ရွှန်းတောက်သွားခဲ့တယ်။

"သားအသက် နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်လေ သား"

မေမေ တော်တော်ကြီး တုန်လှုပ်နေတဲ့ပုံပါပဲ။

မေမေ့မျက်နှာဟာ သိသိသာသာ ပျက်ယွင်းနေတယ်။

"မေမေရော အိမ်ထောင်ပြုတော့ အသက် ဘယ်နနှစ်ရှိပြီလဲ"

မေမေ ကျစ်ခနဲ စုတ်သတ်လိုက်တယ်။

"မေမေက သားဖေဖေကို ချစ်လို့လက်ထပ်ခဲ့တာ၊ ယောကျ်ား တစ်ယောက်ကို ငွေကြေးစည်းစိမ်ကြည့်ပြီး လက်ထပ်ခဲ့တာ မဟုတ်ဘူး သား၊ အားကိုးမှီခိုဖို့ လက်ထပ်ခဲ့တာလဲ မဟုတ်ဘူး၊ မေမေဟာ မင်း ဖေဖေနဲ့ ဒိုးတူပေါင်ဖက် ရုန်းကန်နိုင်ခဲ့တယ်၊ မင်း မေမေ့ကို ချေပဖို့ မကြိုးစားနဲ့ သား၊ မေမေပြောနေတာ မင်းအတွက်ပဲ၊ မင်း လူတွေကို သိပ်ယုံလွယ်တာပဲကိုး"

မေမေ့စကားလုံးတွေဟာ သိပ်ပညာသားပါလွန်းနေတယ်။

မေမေ့စကားအဆုံးမှာ ယမုန်ဟာ ချာခနဲ လှည့်ထွက်သွားတော့တယ်။

မေမေကတော့ သူ့ဘက်က သဘောထားကို အတိအလင်း ကြေညာလိုက်ပြီ။

သူ ဘာလုပ်ရမှာလဲ။

ယမုန့်ကျောပြင်ကိုတစ်လှည့်..မေမေ့မျက်နှာကို တစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး သူ တွေဝေနေမိတယ်။

နောက်တော့ သူဟာ ဖွတ်နစ်ပြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။

မေမေ့မျက်နှာကို လှည့်မကြည့်ဘဲ သူ စကားတစ်ခွန်း ပြောလိုက်တယ်။

"ကျွန်တော် သွားတော့မယ် မေမေ"

အတော်ကြာတဲ့အထိ မေမေ့ဆီက ဘာစကားတစ်လုံးမှ ထွက်မလာဘူး။

သူ လေးကန်တဲ့ ခြေထောက်တွေနဲ့ အိမ်တံခါးဝဆီ ရောက်တော့မှ အေးခဲနာကျင်နေတဲ့ စကားတစ်ခွန်းကို ကြားလိုက်ရတယ်။

"မင်း မေမေ့ရင်ခွင်ထဲက ထွက်သွားရင် တစ်နေ့ နောင်တရလိမ့်မယ်"

သူ အံကိုတင်းတင်းကြိတ်ပြီး မေမေ့ကို လှည့်မကြည့်မိအောင် ကြိုးစားထားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

"ယမုန်.."

သူ အားကုန်တစ်ချက်အော်ခေါ်လိုက်ပြီး..နေရာမှာတင် ခွေ ညွတ်ကျသွားတယ်။

သူ့နှလုံးက ဒီလောက် စိတ်လှုပ်ရှားပင်ပန်းလို့ မရဘူးလေ။

သူ့ဘယ်ဘက်ရင်အုံတစ်ခုလုံး အောင့်တက်နေတယ်။

အသက်ရှူရကျပ်လိုက်တာ။

သူ နှုတ်ခမ်းလွှာတွေ ဖွင့်ပြီး..ခဲခဲယဉ်းယဉ်း အသက်ရှူနေ ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်ခမ်းတွေ ခြောက်သွေ့အက်ကွဲနေသလို ခံစားရတယ်။

"မောင်..."

ယမုန့ စိုးရိမ်တကြီး ခေါ်လိုက်သံကြားရတယ်။

သူ အားယူပြီး မျက်လုံးဖွင့်ကြည့်လိုက်တဲ့အချိန်မှာ ယမုန့ကို ဝေဝေဝါးဝါး မြင်လိုက်ရတယ်။

ယမုန်ဟာ ပုဝါဖြူလေးတစ်စလို သူ့ဆီ တလွင့်လွင့်ပြေးလာနေတယ်။

"မောင်...မောင်ရယ်၊ မောင် သိပ်စိတ်ပင်ပန်းသွားပြီ၊ မောင် ဘာမှမဖြစ်စေရဘူး...သိလား၊ ယမုန့်မှာ ဆေးပါပါတယ်၊ မောင် ပါးစပ်တ..."

သူ အသာ ပါးစပ်ဟပေးလိုက်တယ်။

ယမုန် ဆေးပြားလေးတစ်ပြား သူ့ပါးစပ်ထဲ ထည့်ပေးတယ်။

ယမုန်ဟာ အဲ့လိုပဲ သူ့အတွက် အရေးကြီးတဲ့ဆေးတွေကို အမြဲတမ်း ဆောင်ပေးထားတတ်တယ်၊ ပြီးတော့ သူ ဘယ်အချိန်မှာ ဘာဆေးသောက်ရမလဲဆိုတာကိုလဲ သိတတ်တယ်။

ဆေးဆိုင်ဖွင့်ဖို့ ရည်ရွယ်ပြီး...ယမုန် သူနာပြုအကူသင်တန်း တက်ဖူးတယ်လို့ သူ့ကိုပြောဖူးတယ်။

"ယမုန် တောင်းပန်ပါတယ် မောင်ရယ်၊ မောင့်မေမေဆီက ယမုန့်ကို အသိအမှတ်ပြုရုံ လက်ခံစေချင်ရုံပါ၊ ယမုန် ဒီလောက်အထိ ရည်ရွယ်ခဲ့ပါဘူး၊ ယမုန်ကြောင့်...ယမုန်ကြောင့်"

ယမုန် သူ့ပခုံးစွန်းမှာ မျက်နှာအပ်ပြီး ငိုပြန်ပါတယ်။

ယမုန်လေး သူ့ကြောင့် ခဏခဏ ငိုခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးပြားလေးရဲ့အာနိသင် သူ့နှလုံးသားဆီရောက်သွားတော့ သူ့ရင်ဘတ်ထဲက အောင့်နေတာ ဖြည်းဖြည်းချင်း သက်သာလျော့ပါး သွားခဲ့တယ်။

အသက်ရှူလို့လည်း ပြန်ကောင်းမွန် အဆင်ပြေလာတယ်။

သူ ယမုန်ရဲ့ကြေကွဲရှိုက်ငင်နေတဲ့...အငိုမျက်နှာလေးကို တဖြည်းဖြည်း ကြည်ကြည်လင်လင် မြင်လာရပြီ။

"ယမုန်..."

သူ အကျီအိတ်ထဲက ဘူးလေးကို စမ်းပြီး ခပ်မြန်မြန် ဆွဲထုတ်လိုက်တယ်။

ဘူးလေးကို ဖွင့်လိုက်တဲ့အချိန်မှာ နားမလည်စိတ်နဲ့ ရှုန်းစိုသွားတဲ့ ယမုန့်မျက်လုံးလေးတွေကို တွေ့လိုက်ရတယ်။

"ကိုယ့်ကို လက်ထပ်ပါ"

"မောင်...အို...မောင်...မောင်ရယ်"

ယမုန် သိပ်ကို ကြည်နူးသွားမှန်း သိသာပါတယ်။

ကျွန်တော့်ရင်ခွင်မှာ မျက်နှာအပ်ပြီး ငြိမ်သက်နေတယ်။

ဒါပေမယ့် ယမုန့်ကျောပြင်လေးက..သိမ့်ခနဲ..သိမ့်ခနဲ ခါနေတယ်။

ယမုန် ကြိတ်ပြီးရှိုက်ငင်နေသလား။

သူ ထပ်ပြီးစကားဆက်လိုက်တယ်။

"ဒီည ချက်ချင်း"

"အို်း...မောင်"

ယမုန် ထိတ်လန့်တကြားနဲ့ ရင်ခွင်ထဲက ရုန်းထပြီး သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်။

"ယုံပြီလားဟင်!...ကိုယ် ယမုန့်ကို သိပ်ချစ်တယ်"

"ယုံပါပြီ မောင်ရယ်၊ ယမုန် ယုံပါပြီ"

ယမုန်လေး ငိုပြန်ပြီ။

ယမုန့်မျက်ရည်တွေ သူ့ပါးပြင်ပေါ် နွေးခနဲ စီးဆင်းသွားတယ်။

ဒါဟာ ယမုန့်အတွက် နောက်ဆုံးအကြိမ်အဖြစ် ငိုကြွေးခြင်းဖြစ်ရစေမယ်လို့ သူ တိတ်တဆိတ် ကတိပြုလိုက်တယ်။

ရှေ့လျှောက် ယမုန်လေး စိတ်ချမ်းသာရစေမယ်..၊ အမြဲလိုရယ်မောပျော်ရွှင်ရစေမယ်။

ညတွင်းချင်းပဲ သူတို့နှစ်ယောက် အသိတရားသူကြီး တစ်ဦးရဲ့အိမ်ကို သွားကြတယ်။

ငယ်စဉ်ကတည်းက ဖတဆိုးတစ်ဦးဖြစ်သော သူ့ကို သနားစိတ်နှင့် ချစ်ရှာသော တရားသူကြီးဘဘက သူ့အလိုကို အမြဲလိုက်မြပင်။

ခုတစ်ခါတော့ မေမေနှင့် ပဋိပက္ခဖြစ်ရမယ့်အရေးမို့...

"ခက်လိုက်တာ စင်ရော်ရယ်"

လို့ ညည်းရှာသည်။

ဘဘရဲ့ပျော့ကွက်ကို သိထားသောသူက..တစ်ခွန်းထဲနှင့် အကျပ်ကိုင်လိုက်ပါသည်။

"ကျွန်တော် ယမုန်နဲ့ လက်မထပ်ရဘူးဆိုရင် ခွဲစိတ်မယ့် အစီအစဉ်ကိုလည်း ဖျက်လိုက်တော့မယ် ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သားအရင်းတစ်ယောက်လို ချစ်ရှာလွန်းသော ဘဘမှာ သူ့စကားကြောင့် ငိုင်တွေသွားတော့တယ်။

နောက်ဆုံးတော့...

"ကဲ...မောင်မင်းရဲ့ခေတ်ပဲကွာ၊ လုပ်ထားဦးပေါ့"

ဆိုသော စကားတစ်ခွန်းနှင့် သူ့ဆန္ဒပြည့်ဝခဲ့ရတယ်။

သူ သီဟနှင့် ဇင်အောင်ဆိုသော သူငယ်ချင်းနှစ်ယောက်ကိုပါ ဖုန်းနှင့်လှမ်းခေါ်ကာ..သက်သေနေရာမှ လက်မှတ်ရေးထိုးစေခဲ့ပြီး...

ထိုညက လူငါးယောက်သာပါသော သူ့ရဲ့မင်္ဂလာညစာစားပွဲကို မြန်မာအဆန်ဆုံး စားသောက်ဆိုင်တစ်ဆိုင်မှာ ငြိမ်သက်လှပစွာ ကျင်းပခဲ့ပါတယ်။

ဒီနေ့ဟာ သူ့ဘဝအတွက် အပျော်ရွှင်ရဆုံး ဖြစ်မယ့်နေ့လို့ ထင်ခဲ့မိပေမယ့် တကယ်တမ်းမှာ သူ ပျော်ရွှင်နိုင်ဖို့အတွက်..မေမေ ဒီည ဘယ်လိုများ နေရစ်ရှာမလဲလို့ မတွေးမိအောင် သူ ကြိုးစားခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ကျွန်တော်ဟာ မွေးဖွားကတည်းက ကံကောင်းချင်လျှင်သော်လည်းကောင်း၊ ကံဆိုးချင်လျှင်သော်လည်းကောင်း ဆက်တိုက်ဆိုသလို ကြုံတွေ့တတ်ရသူပါ။

ကျွန်တော် မနေ့ညက လက်ထပ်ခဲ့တယ်။

ဒီနေ့မနက်မှာ အိပ်ရာထဲကတောင် မထသေးခင် သီဟဆီက ဖုန်းဝင်လာခဲ့ပါတယ်။

"ဟဲလို"

လို့ သူ ဖုန်းထူးလိုက်တာနဲ့ တပြိုင်နက်...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ဝွတ်မောနင်းလို့ ကျွန်တော် နှုတ်မဆက်အား တော့ဘူးဗျာ၊ ခင်ဗျား ခုချက်ချင်း ကျွန်တော့်ဆီ လာခဲ့တော့"

သီဟရဲ့အသံက အရမ်းအလုပ်များနေတဲ့လေသံပါ။

သူ ထိတ်ထိတ်ပျာပျာနဲ့ ကပျာကယာ ထထိုင်လိုက်မိတယ်။

ယမုန်လည်း နိုးသွားပြီး မျက်လုံးအဝိုင်းသားလေးနဲ့ ယောင်ယမ်းပြီး လိုက်ထရှာတယ်။

"ဘာ...ဘာဖြစ်လို့လဲ...ဟင်!"

သူ ယမုန့်ကို လက်လှမ်းပြလိုက်တယ်။

"ကျွန်တော် ဘာမှ မစားရသေးဘူး"

"ခင်ဗျား ဘာမှ မစားရသေးတာ အကောင်းဆုံးပဲ၊ ဒါကြောင့် ကျွန်တော် ခင်ဗျား အိပ်ယာက မနိုးခင် ကြိုဆက်လိုက်တာ"

သူ လုပ်ခနဲ ရင်ခုန်သွားတယ်။

အရမ်းကြီး စိတ်မလှုပ်ရှားရအောင် မျက်လုံးခဏမှိတ်ပြီး ဘုရားအာရုံ ပြုလိုက်ရတယ်။

"ဒါ...ဒါဆို ကျွန်တော့်အတွက်..."

သူ တကယ်တော့ စကားပြည့်စုံအောင် မမေးရဲဘူး။

သူ အသက်ရှုတောင် အောင့်ထားလိုက်မိသလားပဲ။

"ခင်ဗျားနဲ့ သွေးအမျိုးအစားတူတဲ့ နလုံးကို ရပြီ၊ အဲ့ဒါ ခင်ဗျား ခုချက်ချင်း"

"အိုကေ...အိုကေ...ကိုသီဟ၊ ကျွန်တော် အခုပဲ ခင်ဗျားဆီ ထွက်လာခဲ့မယ်"

သူ အိပ်ယာထဲက ဝုန်းခနဲ ထလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ယမုန်က သူ့နောက် ပြေးလိုက်လာတယ်။

"မောင်...မောင် ခွဲစိတ်ရတော့မယ်ပေါ့၊ ဟုတ်လား!"

"ဟုတ်တယ် ယမုန်"

ယမုန့်မျက်နှာပေါ်မှာ စိုးရိမ်ခြင်းတွေ ဝမ်းသာခြင်းတွေ အရိပ်မျိုးစုံ ရောယှက်ဖြတ်ပြေးနေတယ်။

သူ ယမုန့်ပခုံးလေးကို အသာပွေ့ပြီး နှစ်သိမ့်နေတယ်။

"ယမုန်လေး အရမ်းစိုးရိမ်နေသလား!"

"ယမုန်...ယမုန်"

"ကိုယ်ဘာမှမဖြစ်ဘူး...မစိုးရိမ်နဲ့နော်၊ ကိုယ် အခု ဆေးရုံသွားမယ်၊ နာရီအနည်းငယ်ကြာရင် ခွဲစိတ်ခန်းထဲဝင်မယ်၊ နောက်ထပ် နာရီအနည်းငယ်ကြာရင် ကိုယ်တို့ ကြည်နူးစွာ ပြန်ဆုံတွေ့ကြမယ်နော်... အိုကေ"

ယမုန် သူ့ကို ကြိုးစားပြီး ပြုံးပြရှာတယ်။

ဒါပေမယ့် ယမုန့်အပြုံးလေးဟာ မပီပြင်ရှာပါဘူး။

ယမုန့်မျက်ဝန်းထဲမှာ သူ ဘာသာပြန်လို့ မရတဲ့ အရိပ်တစ်ခု ဖြတ်ပြေးသွားတာ တွေ့လိုက်ရတယ်။

ယမုန် သက်ပြင်းဖွဖွ ချတယ်။

"ယမုန် လိုက်ခဲ့မယ်နော် မောင်"

"လိုက်ရမှာပေါ့...ကိုယ် ခွဲခန်းထဲက ထွက်ထွက်ချင်း ပထမဆုံး မြင်ချင်တာ ယမုန့်မျက်နှာပဲ"

*(မေမေ့မျက်နှာကိုလည်း မြင်ချင်ပါသေးတယ်လို့တော့ သူ့စိတ်ထဲကပဲ ဆက်ပြောလိုက်မိတယ်။)*

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ယမုန် ဖြစ်နိုင်ရင် ခွဲခန်းထဲတောင် လိုက်ဝင်ပြီး မောင့်ကို အားပေးချင်တယ်...သိလား!"

"ယမုန်လေးရယ်..."

သူ ယမုန့်ကို ရင်ခွင်ထဲ ခပ်တင်းတင်း ဆွဲပွေ့လိုက်မိတယ်။

ယမုန် သူ့အပေါ် သိပ်ချစ်မြတ်နိုးတယ်ဆိုတာ သူသိပါတယ်။

ဒါပေမယ့်..ကံကြမ္မာနဲ့အသက် လောင်းကြေးထပ်ထားတဲ့ ခွဲစိတ်မှုမှာ သူ့ကို ဘယ်သူမှ အားပေးနစ်သိမ့်လို့ မရနိုင်ဘူးဆိုတာ သူ သိပြီးသားလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၆)

ကျွန်တော် ခွဲစိတ်ခန်းထဲဝင်ဖို့..တုန်လှုပ်မှုများစွာနဲ့ စောင့်နေမိပါတယ်။

ကျွန်တော် ကိုယ့်လက်ချောင်းတွေကို ကိုယ့်ဘာသာ ပြန်ဆုပ်ကိုင်နေမိတယ်။ ကျွန်တော့်အပြုအမူဟာ...ကိုယ့်ကိုယ်ကို ပြန်အားပေးတဲ့ ခပ်ကြောင်ကြောင် အပြုအမူများ ဖြစ်နေမလားပဲ။

"သားလေး..."

ကျွန်တော် ဆတ်ခနဲ တောင့်မတ်သွားမိတယ်။

လုံးဝ ထင်မှတ်မထားတဲ့အချိန်မှာ ကြားလိုက်ရတဲ့ ခေါ်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်...ကျွန်တော် ကိုယ့်နားကိုယ် လုံးဝ မယုံနိုင်အောင် ဖြစ်သွားရတယ်။

ကျွန်တော် လှည့်ကြည့်လိုက်တော့ ကျွန်တော့်ဆီ စိုးရိမ်တကြီး ခပ်သွက်သွက် လျှောက်လာနေတဲ့ မေမေ့ကို တွေ့လိုက်ရတယ်။

"သား...သားလေး"

မေမေက ကျွန်တော့်ကို လူရှင်းတဲ့နေရာဆီ ဆွဲခေါ်သွားတယ်။

"မေမေ ဘယ်လိုလုပ် သိတာလဲ!"

မေမေက ကျွန်တော်မေးတာကို ပြန်မဖြေဘူး။

သူ ပြောချင်တဲ့ စကားတွေကိုပဲ အရေးတကြီး ပြောနေတယ်။

"သား...မေမေ တောင်းပန်ပါတယ် သားရယ်၊ သား ခွဲစိတ်မယ့်ကိစ္စကိုတော့ မေမေ စီစဉ်ပေးပါရစေ၊ မေမေ့အစီအစဉ်ကို လက်ခံပေးပါ"

"ဝမ်းနည်းပါတယ် မေမေ၊ ကျွန်တော့်သွေးနဲ့ အမျိုးအစားတူတဲ့ နှလုံးရဖို့ အခွင့်အရေးက သိပ်ကို ရှားပါးလို့ပါ"

"အဲ့ဒီအတွက် မပူပါနဲ့ သားရယ်၊ အချိန်ခဏလေးသာ စောင့်ပါ၊ ဒေါက်တာထင်အောင် အားလုံးစီစဉ်ပေးပါလိမ့်မယ်"

"ကျွန်တော် အဲ့ဒီအဘိုးကြီးနဲ့ မပတ်သက်ချင်ဘူးလို့ ပြောပြီးသားပဲ မေမေ၊ အဲ့ဒီအဘိုးကြီး ခွဲစိတ်ပေးမှ ကျွန်တော် အသက်ရှင်ရမယ်ဆိုရင် နေပါစေတော့၊ ကျွန်တော် သေလိုက်တော့မယ်"

ကျွန်တော် လှည့်ထွက်လာခဲ့တယ်။

"သားရယ်...ဒီတစ်ခါတော့ မေမေ့စကား နားထောင်ပါ နော်၊ သား ဖြစ်ချင်တာတွေအားလုံးကို မေမေလိုက်လျောပါ့မယ်၊ သားဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံး ပြည့်ဝရပါစေ့မယ်"

မေမေက ကျွန်တော့်ကို နို့နံ့မစင်သေးတဲ့ ချာတိတ်ကလေး တစ်ယောက်လို ချော့နေရှာတာမို့ ကျွန်တော် ပြုံးလိုက်မိတယ်။

"အိမ်ထောင်တစ်ခုတောင် ထူထောင်ခဲ့ပြီးပြီပဲ မေမေရယ်၊ ကျွန်တော် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ပါပြီ"

စိတ်ချပါ မေမေ။ ကျွန်တော်ဟာ မေမေ့ရင်ခွင်ထဲက ထွက် လာခဲ့ပေမယ့်...နောင်တရတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး။

"သား လက်ထပ်ပြီးပြီပေါ့"

မေမေ့အသံက အတော်တုန်လှုပ်နေတယ်။

ဘာပဲဖြစ်ဖြစ် သူကျေနပ်သွားတယ်။

ကျွန်တော်ဟာ မေမေ့လောင်းရိပ်အောက်မှာ ဖယားကွက်ထဲ ကအတိုင်း ရှင်သန်နေထိုင်ရတဲ့ဘဝက လွတ်မြောက်ခဲ့ပြီ။

မေမေ့ ဦးဆောင်မှုမရှိလည်းဘဲ ကျွန်တော် ဆက်လက်ရပ် တည်နိုင်ပါတယ်ဆိုတာ ပြနိုင်ခဲ့ပြီ။ ဒါပေမယ့်...

အမှန်အတိုင်း ဝန်ခံရရင် မေမေ့ရဲ့နင့်ဆွေးရီဝေနေတဲ့ မျက် လုံးတွေကို ဥပေက္ခာပြုနိုင်ဖို့ သူ အတော်လေး ကြိုးစားရတာပါ။

သူ...ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်လွန်းတဲ့ ခြေလှမ်းတစ် ဖက်၊ မေမေ့အတွက် ဆွေးမြေ့နာကျင်နေတဲ့ ခြေလှမ်းတစ်ဖက်နဲ့...လေး ကန်စွာပဲ မေမေ့အနားက ထွက်လာခဲ့တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)

သူ ခွဲခန်းဝတ်စုံ လဲပြီးခဲ့ပြီ။ ခွဲခန်းဆီ သူ့ကို ခေါ်ဆောင်မယ့် တွန်းလှည်းပေါ် လည်း..အသင့်လဲလျောင်းလို့ နေခဲ့ပြီ။

"ယမုန်..."

သူ တိုးတိုးလေး ခေါ်လိုက်တယ်။

ယမုန်က သူ့ကို ငုံ့ကြည့်တယ်။

ယမုန့်မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေ..ရစ်ဝဲပြည့်လျှံနေတယ်။ ယမုန် သူ့အတွက် အရမ်းကို စိတ်ပူနေရှာမှာ စိုးရိမ်နေရှာမှာပေါ့။

ယမုန့်နှုတ်ခမ်းလေးတွေ တရွရွ လှုပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယမုန် သူ့ကို အားပေးစကားဆိုဖို့ ကြိုးစားနေရှာတာပါ။

ဒါပေမယ့် သနားစရာ ယမုန်ကလေး...သူ့ကို ဘာစကားမှ မပြောနိုင်ဘဲ လက်ဖဝါးကိုသာ အားပေးတဲ့သဘော တင်းတင်းဆုပ်ရှာတယ်။

ယမုန့်နှလုံးသားကို နားလည်နေတဲ့သူကပဲ ယမုန့်ကို ပြန်ပြီး အားပေးနှစ်သိမ့်ရပါတယ်။

ယမုန် ပြုံးသွားနိုင်အောင် သူ အစ္စန်းစကားလေးနဲ့ စ,လိုက်တယ်။

"ကိုယ့်နှလုံးသားအသစ်က နှလုံးသားအဟောင်းလိုမျိုး ယမုန့်ကို ချစ်မယ်ထင်လားဟင်...ကလေး!""

ယမုန့်မျက်လုံးလေးတွေ ပထမတော့ ဘာမှနားမလည်သလို ဝိုင်းစက်သွားတယ်။

နောက်မှ သူစတာ သဘောပေါက်ပြီး ယမုန် ပြုံးလိုက်တယ်။

သူ့ကို ဆေးရုံဝန်ထမ်းက တွန်းလှည်း စရွှေ့တဲ့အခါမှာ ယမုန့် လက်ကလေးကို မလွှတ်ချင်ဘဲ သူ လွှတ်ပေးလိုက်ရတယ်။

"ခွဲခန်းက ထွက်လာရင် ပြန်တွေ့မယ်နော် ချစ်လေး"

တွန်းလှည်းက စတင်ရွေ့နေပြီ။

သူ ယမုန့်ကို စကားပြောလို့ မဝသေးဘူး။

"နောက်တစ်ကြိမ် မျက်စိဖွင့်ရင် ပြန်တွေ့ကြမယ်လေ မောင်"

ယမုန်ကလည်း တိုးဖျော့ဖျော့အသံလေးနဲ့ လှမ်းပြောရှာတယ်။

ယမုန့်အသံလေးမှာ ရှိုက်ငင်သံသဲ့သဲ့ စွက်နေတယ်။

သေချာပါတယ်၊ ယမုန်လေး...မျက်ရည်ကျနေရှာရောတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်။ သူကတော့...ခွဲစိတ်ခန်း ဝင်ခဲ့ပါပြီ။

သီဟက ရီဟာဇယ်မှာ ကြိုတင်ပြင်ဆင်ထားခဲ့တဲ့အတိုင်းပဲ.. သူ့ကို လုပ်ပေးစရာရှိတာတွေကို အေးအေးဆေးဆေး လုပ်ပေးသွားခဲ့ပါတယ်။

ရီဟာဇယ် ပြင်ဆင်ပြီးသားမို့ ခွဲစိတ်ခန်းဟာ သူ့အတွက် စိမ်းမနေတော့ပေမယ့်လည်း ခွဲစိတ်ဖို့ရာကိုတော့ သူ တုန်လှုပ်ချောက်ချားနေမိဆဲပင်။

"စင်ရော်...ဘာမှ ဝါရီဝင်မနေနဲ့နော်၊ ကျွန်တော့်ကို ကူမယ့် ဒေါက်တာအောင်လင်း အရေးပေါ်ခရီးထွက်သွားရလို့..ဒေါက်တာဟိန်းထက်ကိုပဲ ချောဆွဲထားရတယ်၊ ဒါပေမယ့် သူ့ကိုလည်း ကျွန်တော့်နည်းတူ ယုံကြည်ပါ၊ သူဟာလည်း သိပ်ကိုကျွမ်းကျင်တဲ့ မေ့ဆေးဆရာဝန်တစ်ယောက်ပါ"

သီဟ မိတ်ဆက်ပေးတဲ့ ဒေါက်တာဟိန်းထက်ဆိုတဲ့ ဆရာဝန်ကို သူ တစ်ချက်ကြည့်လိုက်တယ်။

သူ့ကို လက်လှမ်းပြတယ်။

အဲ့ဒီဆရာဝန်ရဲ့မျက်လုံးတွေဟာ အနည်းငယ် နီရဲနေသလိုပါ။

"ကျွန်တော်က operation တွေဆက်တိုက်ဝင်နေရတော့ ပင်ပန်းပြီး နည်းနည်းစိတ်လှုပ်ရှားနေတယ်၊ ဒါကြောင့် အရေးကြီးတဲ့ ခွဲစိတ်မှုအတွက် စိတ်တည်ငြိမ်အောင် နည်းနည်းမော့ထားရတယ်"

သူ နည်းနည်းစိတ်ပျက်သွားရတယ်။

"ကျွန်တဲ့ နှစ်ယောက်ကတော့ ကျွန်တော့်အကူတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သီဟအကူနှစ်ယောက်မှ အမျိုးသမီးတစ်ဦးကို မသိသော်လည်း ကျန်အမျိုးသားမှာ သူ့ပိုက်ဆံအိတ်ကို ယူထားလိုက်သူဖြစ်နေ၍ စိတ်ကသိကအောက်လည်း ဖြစ်သွားရတယ်။ ခဏချင်းပဲ သူ အဲ့ဒါကို မေ့ပစ်နိုင်အောင် ကြိုးစားလိုက်ပြီး ဘုရားအာရုံပြုလိုက်တယ်။

သီဟရဲ့ အစီအစဉ်တကျ စကားပြောနေသံကို ကြားနေရတယ်။

"ကဲ...အောက်ဆီဂျင် စပေးတော့မယ်နော် စင်ရော်"

သူ့မျက်နှာမှာ အောက်ဆီဂျင်ပေးတဲ့ ကိရိယာကြီး လာရှုပ်တော့တယ်။ ပြီးတော့ လက်မှာ ပိုက်တွေ။

"မေ့ဆေးထိုးဖူးတယ် မဟုတ်လား!"

ပြောနေရင်းကပဲ..သီဟ သူ့ကို မေ့ဆေးထိုးပေးလိုက်တာ သိလိုက်တယ်။

"ကဲ...ခင်ဗျားကို သတိဘယ်လောက်ကောင်းလဲ စမ်းကြည့်ရအောင်၊ တစ်ဆယ်ကနေ တစ်ကို ပြောင်းပြန်ရေကြည့်ပါဦး"

သူ တစ်ချက်ပြုံးလိုက်ပြီး သီဟရဲ့စကားကို အသာတကြည်ပဲ နာခံလိုက်ပါတယ်။

"တစ်ဆယ်..ကိုး...ရှစ်...ခုနစ်..ခြောက်....."

အဲ့ဒီနောက်တော့ ကျန်တဲ့ဂဏန်းတွေကို သူ ဆက်ရေကြည့်မိသလား မရေမိတော့ဘူးလား မသိတော့ပါဘူး။

သီဟရဲ့စကားသံတွေကိုတော့ ဆက်ကြားနေရသလိုပဲ။

သူ့အသံက ဟိုးအဝေးဆီက သဲ့သဲ့ကလေး လွင့်လာသလိုပဲ။

"စင်ရော်...ခင်ဗျားကိုယ် ခင်ဗျား လွှင့်မျောလိုက်စမ်း..ဟိုး အဝေးကြီးကို လွင့်မျောလိုက်စမ်း၊ ကျွန်တော်ပြောတာ ကြားတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား...ဟိုးအဝေးကြီးကို"

သီဟရဲ့စကားအတိုင်း သူ့ စိတ်တွေကို အားပါးတရ ဖြေလျှော့ပေးလိုက်တယ်။

သူဟာ ဟိုးအဝေးကြီးကို လေဟာနယ်ထဲ တလွင့်လွင့် မျောလို့ သွားတော့တယ်။

နွေဦးရာသီ...။

သဲမွမွ ကမ်းခြေတစ်ခု...။

အမှတ်မထင် ငြိသွားတဲ့ စွန်နစ်ကောင်...။

သူ စွန်နစ်ကောင်ပူးကြီးကို ဝမ်းသာအားရ သယ်ပြေးနေတုန်း အနောက်ကနေ အငြိုးတကြီးနဲ့ သူ့ကိုပစ်တွန်းတာ ခံလိုက်ရတယ်။

လက်တုံ့ပြန်ဖို့ သူလှည့်ကြည့်လိုက်တော့ ပခုံးကြိုးတစ်ချောင်းထဲ အဖြူရောင် ဂါဝန်ပွပွလေး ဝတ်ထားတဲ့ မျက်နှာသုန်သုန်မှုန်မှုန်နဲ့ ကောင်မလေးတစ်ယောက်။

"ရှင် ကျွန်မစွန်ကို တမင်ဖြတ်ပစ်လိုက်တာ မဟုတ်လား!"

"မဟုတ်ရတာဗျာ...မတော်တဆ ငြိရင်းကနေ..."

"ဘာမတော်တဆမှ မဟုတ်ဘူး၊ ရှင် တမင်ဖြတ်တာ၊ တော်တော်မုန်းဖို့ကောင်းတဲ့လူ"

တော်တော်မုန်းဖို့ကောင်းတဲ့လူလို့ သူ့ကို ရက်ရက်စက်စက် ပြောခဲ့တဲ့ ကောင်မလေးက ခုတော့လည်း သူ့အတွက် ငိုကြွေးရှိုက်ငင်လို့ပါလား။

သူကတော့ ယမုန်နဲ့ကို မြင်မြင်ချင်း စွာတာတာ ဘုတ်ဆတ်ဆတ် ပုံကလေးကိုပဲ ချစ်မိသွားရတာ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေဟာ ယမုံနဲ့ ပထမဆုံးအကြိမ် ဆုံတွေ့တဲ့ နေ့ရက်တလေးဆီ ရောက်သွားရာကနေ...ရုတ်တရက် မေမေနဲ့ယမုန် ခွဲစိတ်ခန်း အပြင်ဘက်မှာ ဆက်ဆံရေးမှ အဆင်ပြေပါ့မလားလို့ တွေးမိသွားပြန်ရော...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

ဒေါ်ခိုင်ကျော်အောင် ယမုန်နာဆိုတဲ့ မိန်းကလေးနဲ့ မျက်နှာချင်း မဆိုင်မိအောင် အတတ်နိုင်ဆုံး ကြိုးစားနေမိတယ်။

မိန်းကလေးက သူ့ကို..မသိမသာ ခိုးခိုးအကဲခတ်နေတာ သိတယ်။ ချဉ်းကပ် အရောဝင်ဖို့ ကြိုးစားနေတာလည်း..အကဲခတ်မိတယ်

အပြင်မှာ မိန်းကလေးနဲ့သူ နှစ်ယောက်ထဲ။

ပြီးတော့ မိန်းကလေးဟာ သူ့ရဲ့ချွေးမ တော်စပ်နေပြီး ... အထားဟာ သူ့အတွက် အတော်လေး စိတ်ကသိကအောက် ဖြစ်စရာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကြီး ထိုင်နေတာထက်စာရင် တစ်ခုခု ထလုပ်လိုက်တာကမှ စိတ်ကျဉ်းကျပ်မှုကို လျော့ပါးစေမယ်ထင်တယ်။

ဒေါက်တာထင်အောင်ဆီ ဖုန်းဆက်ဖို့ စိတ်ကူးလိုက်တယ်။

ဘက်ထရီ ဒေါင်းခါနီးနေပြီဖြစ်သည့် ဟမ်းဖုန်းနှင့် မပြောချင်တော့၍ ဆေးရုံက အများသုံးဖုန်းနဲ့ပဲ လှမ်းခေါ်ရန်ပြင်လိုက်သည်။

အရေးထဲ (၅)ဂဏန်းခလုတ်ဟာ သိပ်နှိပ်လို့မကောင်းဘူး။ နဲနဲ ထစ်နေတယ်။

သူ ကျစ်ခနဲ စုတ်သပ်လိုက်မိတယ်။

"(၅)ကို နှိပ်ရင် သုံးခါဆက်တိုက်လောက်နှိပ် အန်တီ၊ အဲ့ဒီခလုတ်က နည်းနည်းကပ်နေတယ်"

"ကျေးဇူးတင်ပါတယ်"

သူမ လှည့်မကြည့်ဘဲ မတတ်သာလို့ ပြန်ပြောလိုက်ရတယ်။

"ကျွန်မ ဖုန်းခေါ်ပေးရမလား!"

"ရပါတယ်...အကူအညီ မလိုပါဘူး"

သူမ စကားပြောတာ နည်းနည်းများ ရိုင်းသွားမလားဘဲ။

ဒါပေမယ့် စဉ်းစားစရာက ဒီဆေးရုံကဖုန်း နံပါတ်(၅)ခလုတ် ကပ်နေတာ အဲ့ဒီမိန်းကလေး ဘာကြောင့် သိနေရတာလဲ။

ဖုန်းတောင် မခေါ်ဖြစ်တော့အောင် စိတ်တွေထွေပြားသွား၍ ပြန်ထိုင်နေလိုက်သည်။

ကိုယ်စောင့်နတ်က နှိုးဆော်လို့ပဲလား၊ မိခင်တစ်ယောက်ရဲ့ မေတ္တာအသိတရားကြောင့်ပဲလား မသိဘူး၊ သားလေးရဲ့ခွဲစိတ်မှုဟာ မရိုးသားသလို သူမ ခံစားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သားလေးဟာ ဘာကြောင့် သူမ စကားကို နားမထောင်ရတာ ပါလိမ့်။

ဘာပဲဖြစ်ဖြစ်...

သားလေးဟာ အန္တရာယ် တစ်စုံတစ်ခု ကျရောက်ခဲ့ရင် ကယ်တင်ခွင့်ရသူဟာ သူမသာ ဖြစ်ရပါစေလို့ ဆုတောင်းမိပါရဲ့...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၉)

ဘုရားရေ...

သူ့နှလုံးသားက ဆတ်ခနဲ တုန်လှုပ်သွားတယ်။

သိပ်ကို ဆန်းကြယ်တဲ့ တုန်လှုပ်မှုပါ။

ဒါဟာ တစ်စုံတစ်ရာနဲ့ ထိတွေ့မိလို့ မဟုတ်ဘူး။

အလွန်ကို အားကြီးတဲ့ စိတ်ဓါတ်အင်အားရဲ့ စွမ်းဆောင်ချက်ကြောင့် တုန်လှုပ်မှုပါ။

ဒါဟာ ဘယ်သူ့ရဲ့ စေ့ဆော်မှုပါလိမ့်။

သူ့နှလုံးသားဟာ ခပ်တိုးတိုး မြည်ဟည်းလာတယ်။

မေမေ...။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဘာကို စိုးရိမ်နေပါလိမ့်။

သူ့ရဲ့ ခွဲစိတ်မှုဟာ မရိုးသားဘူးတဲ့လား။

သူဟာ အသုံးချခံ လူသားတစ်ယောက်လား။

သူ့စိတ်တွေဟာ ဦးတည်ချက် မရှိဘဲ..နောက်တစ်နေရာကို ရွှေ့လျားကူးပြောင်းသွားပြန်တယ်။

ယမုန်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၀)

ယမုန်လည်း စိတ်တွေ လေးလံကျဉ်းကျပ်နေမိတယ်။

ဘွားတော်ကြီးဟာ ယမုန်ကို ခုထိ ချွေးမအဖြစ် အသိအမှတ်ပြုချင်ပုံ လုံးဝမရဘူး။

ယမုန် စကားစကြည့်ချင်ပါတယ်။ ဒါပေမယ့် အဘွားကြီးက ယမုန့်အပေါ်..လုံးဝ တင်းမာ ခက်ထန်နေတယ်။

အဘွားကြီးမျက်နှာက စင်ရော့်အတွက် အတော်စိုးရိမ်နေပုံပေါ်တယ်။ ပြီးတော့ ဘွားတော်ကြီးဟာ တစ်စုံတစ်ရာကို ကြံသိနေသလိုပါ။ ယမုန် နောက်ကျော်မလုံသလို ခံစားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်..."

ဆေးရုံက ဝန်ထမ်းလေးကောင်လေးတစ်ယောက်က ယမုန့်ကို လာနှုတ်ဆက်ဖို့ ကြိုးစားတယ်။

"မြင်ဖူးသလိုပဲနော်..."

ယမုန် စိတ်ညစ်သွားတယ်။

"ဟင့်အင်း...ကျွန်မ ရှင့်ကို မသိဘူး"

"မဟုတ်ဘူး...ကျွန်တော် ခင်ဗျားကို သေသေချာချာကို သိနေတာ"

အမျိုးသားလေးက စဉ်းစားသလို လုပ်နေတယ်။

သူ ယမုန့်ကို မှတ်မိသွားရင် သေပြီပဲ။

ယမုန် အကျပ်ရိုက်သွားရတယ်။

ဘာလုပ်ရပါ့။

အကြံကုန် ဂဠုန်ဆားချက်...။

ယမုန် သူ့ကို လက်သူကြွယ် ထောင်ပြလိုက်တယ်။

ကျေးဇူးပြုပြီး ကျွန်မနဲ့ ဝေးဝေးနေပါ။ ကျွန်မဟာ လက်ထပ်ပြီးသား အမျိုးသမီးတစ်ယောက် ဆိုတဲ့သဘောပေါ့။

အမျိုးသားလေးဟာ နည်းနည်းရှက်သွားတဲ့ပုံပါ။

ရှုံးတို့ရှန်းတန့်နဲ့...

"ဆောရီးပါ..."

လို့ လက်ပြပြီး ချက်ချင်း ထလစ်သွားတော့တယ်။

ယမုန် မျက်လုံးစွေပြီး အဘွားကြီးကို မသိမသာ ချောင်းလိုက်တယ်။ အဘွားကြီးကလည်း မျက်လုံးထောင့်ကပ်ပြီး လက်စွပ်ကိုချက်ခ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။

ဒီလောက်တန်ဖိုးကြီးတဲ့ လက်စွပ်နဲ့ သူ့သားက ယမုန့်ကို လက်ထပ်ခွင့်တောင်းတာကို အတော်ဖြုန်နေပုံရတယ်။

ပြီးတော့ ခုလောက်ဆို ယမုန်နဲ့သူ့သားက လက်ထပ်ပြီးပြီဆိုတာလဲ သိလောက်ရောပေါ့။

စိတ်ထဲမှာ ကြိတ်ပြီးကြေကွဲနေလောက်ရောပေါ့။

ယမုန်ဟာ အဘွားကြီး အသည်းယားအောင် လက်စွပ်ကို မလိုအပ်ဘဲ အိုဗာအိုက်တင်တွေနဲ့ လှည့်ပတ်ကစားနေလိုက်တယ်။

အဘွားကြီး မျက်မှောင်ကုတ်ပြီး ဟန်တောင် မဆောင်နိုင်ဘဲ ချာခနဲ မျက်နှာလွှဲသွားတော့ ပြုံးဖြစ်တယ်။

ခုချိန်မှာ စင်ရော်တစ်ယောက် ခွဲခန်းထဲမှာ ဘယ်လိုများ နေရှာမှာပါလိမ့်။

ယမုန်ဟာ ခွဲခန်းထဲ ကိုယ်တိုင်ဝင်လိုက်သွားချင်ပေမယ့်... ဒေါက်တာအောင်လင်း ခရီးလွန်နေလို့ အစားထိုး ခေါ်လိုက်ရတဲ့... ဒေါက်တာဟိန်းထက်နဲ့က မျက်နှာစိမ်းနေတာမို့ မဝင်နိုင်ဘူး ဖြစ်နေရတယ်။

ခွဲခန်းထဲက အခြေအနေကိုလည်း ယမုန့်စိတ်ထဲ တထင့်ထင့်ဖြစ်နေမိတယ်။ အဆင်မှ ပြေပါ့မလား။

အောင်မြင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၁)

ခွဲစိတ်ခန်းထဲမှာ စင်ရော်စိတ်တွေ ယောက်ယက်ခတ်နေမိတယ်။

သူဟာ လူသေတစ်ယောက်လို..မလှုပ်ရှားနိုင်တာကလွဲလို့၊ မနိုးထနိုင်တာကလွဲလို့ သူ့ကိုယ်သူ ပြန်ပြီးသိမြင်နေမိတယ်။

အားလုံးကို သူ ကြားနေရတယ်၊ မြင်နေရတယ်။

သိနေတယ်၊ ခံစားချက်တွေလည်း ရှိနေတယ်။

သူ့ရင်ကို ခွဲနေတာလည်း သိနေတယ်။

အဲ့ဒီအသိကြောင့်လား မသိဘူး။ သူ မဆိုစလောက်လေး.. နာကျင်နေမိတယ်။ အဲ့ဒီနာကျင်မှုကို သိနေတဲ့အသိက သူ့ကို အသက်ရှု



www.burmeseclassic.com

www.burmeseclassic.com



ကျပ်စေတယ်။

"အား...နံရိုးတစ်ချောင်း ကျိုးသွားပြီ"

သူ လန့်ခနဲ ဖြစ်သွားရတယ်။

သူ့နံရိုးတစ်ချောင်း ကျိုးသွားရပြီတဲ့၊ ဘယ်လောက် အသုံးမကျတဲ့ ဆရာဝန်လဲ။

"ဆောရီးကွာ စင်ရော်၊ ငါ လက်ဆနည်းနည်းပြင်းသွားလို့ပါ။ စိတ်မဆိုးဘူး မဟုတ်လား!"

ခွေးကောင် သီဟ။

ဒါ အလျော်ပေးလို့ရတဲ့ကိစ္စ မဟုတ်ဘူးကွ။

နံရိုးတစ်ချောင်း ကျိုးတာ ပေါ့ပေါ့တန်တန် သဘောထားစရာလား။

သူ သီဟကို အတော်လေး ခါးသွားမိတယ်။

ဆရာဝန်နဲ့ နာစ့်တွေဟာ..ကတ်ကြေးတွေ ဓါးတွေနဲ့ သူ့ရင်ဘတ်ကို တစ်စစီ မွှမ်းနေ ဆုတ်ဖြဲနေသလိုပဲ။

သူ နာကျင်မှုကို သိနေတယ်။

သူ့ကိုယ်သူ သိပ်သွေးပျက်မသွားရအောင် ပြန်လှည့်စား...အားပေးနေမိတယ်။

"အ...နာတယ်၊ အင်း...စစ်ခနဲပါပဲ၊ ခြင်ကိုက်သလောက်လေးပဲ၊ အား...နှလုံးသားကြီးကို ခွဲထုတ်နေပြီ၊ အားလားလား... နာ...နာတယ်၊ အင်း...ခုနက နာသလောက်ပါပဲ၊ သိပ်အနာကြီး မဟုတ်ပါဘူး၊ ငါ ခံနိုင်ရည် ရှိရမှာပေါ့၊ မကြာခင်မှာ ငါ့အတွက် ဘာမှအသုံးမကျတဲ့ ဒီအစုတ်အပြတ် နှလုံးသားကြီးကိုထုတ်ပြီး နှလုံးသားအသစ်နဲ့ လဲလှယ်


www.burmeseclassic.com

www.burmeseclassic.com



တော့မှာပဲ၊ ဒီနာကျင်မှုကို ငါ ခံနိုင်ရည် ရှိရမယ်”

သူ့စိတ်ကိုသူ ပြန်လှည့်စားပြီး နေရတယ်။

သူ့နှလုံးသားတစ်ခုလုံးကို ခွဲထုတ်တာကို မြင်နေရတယ်။

အသည်းခိုက်မတတ် နာကျင်မှုကိုလည်း ခံနိုင်ရည်ရှိအောင် ကြိုးစားလှည့်စားနေရတယ်။

နောက်ဆုံး…

သူ စိတ်ကို ဟော့ဒီခွဲစိတ်ခန်းထဲမှာ ရှိမနေရအောင် မေမေနဲ့ ယမုန်ဆီ ခဏပို့လွှတ်လိုက်ရပြန်တယ်။

မေမေနဲ့ ယမုန်ရော အဆင်မှပြေပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၂)

"ထောက်..."

ကြမ်းခင်းပေါ် တစ်စုံတစ်ခု ပြုတ်ကျသံကြောင့် ဒေါ်ခိုင်ကျော်အောင် သားဆီရောက်နေတဲ့ အာရုံတွေ ဆတ်ခနဲ နိုးထသွားရတယ်။

လှည့်ကြည့်လိုက်တဲ့ အချိန်မှာ ယမုန်နာဆိုတဲ့ မိန်းကလေးရှေ့မှာ ဆေးဘူးလေးတစ်ဘူး တွေ့လိုက်ရတယ်။

"ဆောရီးပါ အန်တီ"

"အဲဒီဆေးဘူးက..."

ဒေါ်ခိုင်ကျော်အောင် မနေနိုင်တော့ဘဲ ဆေးဘူးကိုကောက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြီး မေးလိုက်မိတယ်။ ဆေးဗူးက နှလုံးရောဂါသည်တွေအတွက် အရေးပေါ်ဆောင် ထားရတဲ့ ဆေးဗူးဆိုတာ သူ သိပြီးသား…။

"မောင်..အဲ..ကိုစင်ရော်အတွက် အမြဲတမ်း ဆောင်ထားပေးတာလေ"

အဘွားကြီး မျက်နှာရိပ် မျက်နှာကဲ ချက်ချင်းပြောင်းလဲသွားတယ်။ သူ အသည်းနင့်အောင်ချစ်ရတဲ့ သားလေးကို..ယမုန် ဒီလောက်ထိ ဂရုစိုက်ပေးတာ သိလိုက်ရတော့ ကျေနပ်သွားပုံရတယ်။

"သြော်…သြော်…မင်းက သားအပေါ် ဂရုစိုက်သားပဲ"

"အန်တီက ကျွန်မ သူ့အပေါ် ချူရရုံ ကပ်တယ်လို့ ထင်နေလို့လားဟင်!"

အဘွားကြီးက ပခုံးတွန့်ပြတယ်။

"သူနဲ့ကျွန်မကြားမှာ အချစ်ကလွဲလို့ တခြားဘာမှမရှိပါဘူး အန်တီရယ်၊ ကျွန်မဟာ ဂုဏ်တွေ ငွေတွေ ပကာသနတွေကြောင့် သူ့အချစ်ကို လက်ခံခဲ့တာ မဟုတ်ပါဘူး"

ယမုန် တိုးလျှလျှကလေး အယူခံဝင်တော့ အဘွားကြီး ပြုံးတယ်။

"မင်း ကိုယ့်ကို ဘာကြောင့် ဒီစကားတွေ ပြောနေရတာလဲ၊ ကိုယ့်သားနဲ့ မင်းကို သဘောတူစေချင်လို့လား!"

ယမုန် အဘွားကြီးကို မဝံ့မရဲကြည့်ပြီး သက်ပြင်းချလိုက်တယ်။

"ကျွန်မတို့အချစ်ကို အန်တီ နားလည်စေချင်တာပါ"

အဘွားကြီး နောက်တစ်ကြိမ်ထပ်ပြီး ပခုံးတွန့်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယမုန် ဖွတ်မိုတ်ပြီး ဆက်ပြောလိုက်တယ်။

"စင်ရော်ဟာ အဖေကို ဆုံးရှုံးခဲ့ပြီးပါပြီ အန်တီရယ်၊ အမေကို ထပ်ပြီးမဆုံးရှုံးစေချင်တော့ဘူး"

ဒေါ်ခိုင်ကျော်အောင်ရဲ့မျက်လုံးတွေ စိမ်းခနဲ တောက်ပသွားတယ်။

ဒီစကားတစ်ခွန်းဟာ ဒေါ်ခိုင်ကျော်အောင်ရဲ့ရင်ကို အောင်အောင်မြင်မြင်ကြီး ထိမှန်သွားတယ်ဆိုတာ ယမုန် သိလိုက်ပြီ။

ယမုန် ဆက်ပြောလိုက်တယ်။

"စင်ရော့်ဘက်က လျှော့မယ့်ပုံမရှိလို့ အန်တီ့ဘက်ကပဲ ကျွန်မတို့ကို နားလည်ပေးပါလို့ ကျွန်မ တောင်းပန်ချင်ပါတယ်"

ဒေါ်ခိုင်ကျော်အောင်ဟာ ယမုန့်ကို ဘာမှ မတုံ့ပြန်တော့ဘဲ ငြိမ်သက်သွားတယ်။

ဘာပဲဖြစ်ဖြစ် ယမုန့်ရဲ့စကားတွေကို ဒေါ်ခိုင်ကျော်အောင် အသိအမှတ်ပြုလိုက်ပြီဆိုတာ ယမုန် သိလိုက်ပါတယ်။

ယမုန် ဒေါ်ခိုင်ကျော်အောင်နဲ့ ပတ်သက်လို့ စိတ်နည်းနည်း အေးသွားပြီ။ ယမုန် စိတ်မအေးနိုင်တာက စင်ရော့်အတွက်ပဲ။

ခွဲခန်းထဲမှာ စင်ရော့်အခြေအနေ ဘယ်လိုနေမှာပါလိမ့်။

သီဟ...။ သီဟကရော ကျွမ်းကျင့်ပါ့မလား။

စိတ်ချရပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၃)

ယမုန် စိုးရိမ်တွေးပူနေသလိုပဲ သီဟဟာ စင်ရော်ရဲ့နှလုံးခွဲထုတ်ပြီးလုပြီးခင်မှာ ဦးနှောက်တွေ ထူပူမတတ် ဉာဏ်နီဉာဏ်နတ်တွေ ထုတ်နေမိတယ်။

နဂိုက လက်ဝါးရိုက် စည်းဝါးရိုက်ပြီးသား ဒေါက်တာအောင်လင်းနေရာမှာ မဖြစ်မနေ အစားထိုးလိုက်ရတဲ့ မေ့ဆေးဆရာဝန် ဒေါက်တာဟိန်းထက်ကို ဘယ်လိုပထုတ်ရမလဲလို့..ဦးနှောက်ကြီးတစ်ခုလုံးအငွေ့ပျံ လောင်ကျွမ်းမတတ် စဉ်းစားနေမိတယ်။

ဒါပေမယ့် သူတို့ ကံကောင်းတယ်ပဲ ပြောရမလားမသိဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟိန်းထက်ကပဲ စကားစလာခဲ့တယ်။

"အင်း...ကိုယ့်အပိုင်းမရောက်သေးဘူးမလား!.."

"အဟဲ...ဆီဖြည့်ရတော့မယ် ထင်တယ်"

ဒေါက်တာသီဟက တမင်နောက်သလိုနဲ့ ရယ်ကျဲကျဲ လုပ်ပြီး ပြောလိုက်တယ်။

"အမှန်ပဲ ကိုသီဟရေ၊ ကျွန်တော်က အရေးကြီးရင် အမြဲသွေးပူပြီး စိတ်လှုပ်ရှားတတ်တယ်၊ အဲ့ဒါ စိတ်လှုပ်ရှားလာရင် လက်တွေက တုန်လာရော...ဟား..ဟား..နောက်တာပါဗျာ မလုပ်ပါဘူး..နည်းနည်း ပင်ပန်းနေလို့ပါ..."

ဒေါက်တာဟိန်းထက်က သူ့စိတ်ရင်းအတိုင်း ပြောလိုက်သည်။ ဒေါက်တာဟိန်းထက်ရဲ့အပြောကြောင့် သူတို့အတွက် အကွက်ဝင်သွားတော့သည်။

"ကဲ..ခင်ဗျား သိပ်ပင်ပန်းနေပြီ ကိုဟိန်းထက်...ခဏနားလိုက်ဦး၊ ကျွန်တော့်ဟာကျွန်တော် ဆက်လုပ်လိုက်ပါ့မယ်"

"ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ်ဗျာ...ခင်ဗျား ဒီလောက်ထိ ကူညီတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ကဲ...သွားနားချေဦး"

"အေးဗျာ...ဒါဆိုလဲ ခဏနားလိုက်ဦးမယ်၊ ကျွန်တော်ဖုန်းလေးတစ်ချက်လောက်လည်း ပြောချင်သေးတယ်၊ ကျွန်တော့်ရဲ့ အရေးပေါ်လူနာတစ်ယောက်ရဲ့အခြေအနေ သိချင်လို့၊ တပည့်တွေနဲ့ လွှဲခဲ့ရတော့ သိပ်စိတ်မချဘူး"

"ဟုတ်တာပေါ့...ရပါတယ်ဗျာ..၊ အေးအေးဆေးဆေး နားချေ



www.burmeseclassic.com

www.burmeseclassic.com



ဦး"

"ဒါဆို ကျွန်တော် သွားပြီ"

ဒေါက်တာဟိန်းထက်က အားလုံးကို ခြုံပြီး..လက်ပြနှုတ်ဆက်ကာ ခွဲခန်းထဲက ထွက်သွားတော့တယ်။

အဲဒီတော့မှ သူတို့တစ်အုပ်လုံး ဟင်းချနိုင်တော့တယ်။

သူတို့ ဖြစ်ချင်တဲ့အကွက်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီ မဟုတ်လား။

"တော်သေးတယ်ဗျာ...သူ့ကိုဘယ်လိုပထုတ်ရမလဲလို့ မနည်းစဉ်းစားနေတာ"

"ဟုတ်ပ့ါ..သူ့အစီအစဉ်နဲ့သူ လိမ့်သွားတော့မှပဲ စိတ်အေးရတော့တယ်..ကဲ..ကျွန်တော်တို့ လုပ်ငန်းစဉ်ကို စရအောင်၊ သူ့ကို အသက်ပြန်ရှင်ခွင့် ပေးလို့မဖြစ်ဘူး"

ဒေါက်တာဟိန်းထက်တစ်ယောက်ကတော့ သူတို့ပြောတာကို ဘာမှမကြားနိုင်တော့သလို...သူတို့အစီအစဉ်တွေကိုလည်း ဘာမှမရိပ်မိနိုင်ခဲ့ပါဘူး။

ဒေါက်တာဟိန်းထက်က သူတို့အကြံအစည်ကို ဘာမှမကြားနိုင် မသိနိုင်ပေမယ့် ကျွန်တော်ကတော့ ရှင်းရှင်းလင်းလင်းကြီး သိလိုက်ပါပြီ။

သီဟဟာ ကျွန်တော့်ကို သူနဲ့ခွဲစိတ်ဖို့ စည်းရုံးပြီး...ကျွန်တော့် အသက်ကို လုပ်ကြံဖို့ ကြံစည်ခဲ့တဲ့သူပဲ။

ဘာကြောင့်ပါလိမ့်။

ဒါဟာ ဘာကြောင့်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာကြောင့် ကျွန်တော့်ကို သေစေချင်ရတာလဲ။
ဟင့်အင်း...ကျွန်တော် မသေချင်ဘူး။
ဟင့်အင်း...မသေနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၄)

ကျွန်တော် ရှိသမျှခွန်အားကို စုစည်းပြီး ကျွန်တော့်ရဲ့ စိတ်စွမ်းအားကို အတည်ငြိမ်ဆုံး အထက်မြက်ဆုံးဖြစ်အောင် ကြိုးစားလိုက်တယ်။

ပြီးတာနဲ့ ကျွန်တော့်ခန္ဓာကိုယ်မှာ ရှုပ်နေတဲ့ ကျွန်တော့်ကို ချည်နှောင်ထားတဲ့ ပစ္စည်းတွေအားလုံးကို ဆွဲဖြုတ်လိုက်တယ်။

အောက်ဆီဂျင်တွေ လက်မောင်းပိုက်တွေအားလုံး...သူ[illegible] ဟိုးအဝေးကို...

ပြီးတော့...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခွဲစိတ်ခန်း ကုတင်ပေါ်ကနေ အတင်းရုန်းထလိုက်တယ်။

အဲ့ဒီအချိန်မှာ ကျွန်တော်ဟာ..လေဟာနယ်ထဲ ရောက်သွားသလို ပေါ့ပါးလွင့်မျောသွားတဲ့ ခံစားချက်ကို ခံစားလိုက်ရတယ်။

ဒါပေမယ့် ကျွန်တော်ဟာ ကုတင်ပေါ်မှာ ရှိနေသေးတယ်။

ဘုရားရေ...

ဒါ ဘယ်လိုဖြစ်ရတာလဲ။

ကျွန်တော်ဟာ ခွဲခန်းကြမ်းပြင်ပေါ်မှာ မတ်တတ်ရပ်နေတဲ့ ကိုယ့်ကိုယ်ကို ငုံ့ကြည့်လိုက်...ကုတင်ပေါ်က ကျွန်တော့်နောက်တစ်ကိုယ်ကို လှမ်းကြည့်လိုက်နဲ့ အချိန်အတော်ကြာတဲ့အထိ အဲ့ဒီအဖြစ်ကို နားမလည်နိုင် ဖြစ်နေမိတယ်။

ကြမ်းပြင်ပေါ်မှာ မတ်တတ်ရပ်နေတဲ့ ကျွန်တော့်ကို သူတို့ဘာလို့ မမြင်ကြတာလဲ။

ကုတင်ပေါ်က ကျွန်တော့်ကိုပဲ သူတို့သည်းကြီးမည်းကြီး ခေါင်းချင်းဆိုင်ပြီး သတ်ဖို့ ကြံစည်နေကြတယ်။

"သီဟ...မင်း ငါ့ကို ဘာလို့ သေစေချင်ရတာလဲ!"

သူ သီဟကို လှမ်းမေးတယ်။ သီဟက လုံးဝလှည့်မကြည့်ဘူး။ သူပြောတာကို မကြားသလိုဘဲ။

သူ သီဟပခုံးကို ခပ်ဆတ်ဆတ် လှမ်းပုတ်လိုက်တယ်။

မထိဘူး၊ နောက်တစ်ချက် ထပ်ပုတ်လိုက်တယ်၊ မထိပြန်ဘူး။ သူ့လက်ဟာ လေထဲမှာပဲ မျောနေတယ်။

သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ...ဒါ...သူ့ဝိညာဉ်ပဲ၊ သူ့ဝိညာဉ်ဟာ သူ့ရုပ်ခန္ဓာထဲက ရုန်းထွက်ခဲ့တာပဲ။

ဒါဆို သူ သေသွားပြီလား။

ဟင့်အင်း...မသေချင်သေးဘူး။

သူ...သူ..ဘယ်သူ့ကို အကူအညီ တောင်းရမှာလဲ။

သူ့ကို ကယ်တင်နိုင်တဲ့သူ မရှိတော့ဘူးလား။

ယမုန်...

သူ ခွဲစိတ်ခန်းထဲကနေ ထိတ်လန့်ကြောက်ရွံ့စွာ ထွက်လာခဲ့တယ်။

ယမုန်...

ကိုယ့်ကို ကယ်ပါ ယမုန်ရယ်...။

ယမုန်...ယမုန် ဘယ်မှာလဲ။

သူ ယမုန့်ကို လှည့်ပတ်ပြီးရှာတယ်။

အခုချိန်မှာ ယမုန့်ကိုပဲ သူ အားကိုတကြီး ရှာနေမိတယ်။

ယမုန်နဲ့ မေမေဟာ အခန်းကျယ်တစ်ခုထဲမှာ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေကြတာကို တွေ့လိုက်ရတယ်။

မေမေ့မျက်နှာဟာ အရင်ထက် ပျော့ပျောင်းလာသလိုပဲ။

တူညီတာတစ်ခုက မေမေနှင့် ယမုန်တို့ရဲ့မျက်နှာပေါ်မှာ စိုးရိမ်တကြီး အရိပ်အယောင်တွေဟာ သိသာပေါ်လွင်နေတာပဲ။

"ယမုန်...ယမုန်...ကိုယ်...ကိုယ့်ကို သူတို့"

သူ အားကိုးတကြီး ပြောနေပေမယ့် ယမုန်ဟာ လုံးဝကြားရုံမပေါ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ သူရှိတာ လုံးဝ မသိသလို မမြင်သလိုပဲ။

ယမုန် သူပြောတာကြားနိုင်အောင် ဘယ်လိုလုပ်ရမလဲ။

သူ အရမ်းကို အားမလို အားမရ ဖြစ်နေမိတယ်။

"ကယ်ပါဦး ယမုန်ရဲ့၊ ကိုယ့်ကို သူတို့ သတ်ကြတော့မှာ"

ယမုန်ဟာ သူရှိနေတာကို လုံးဝ မသိဘူး၊ မမြင်ဘူး။

ထိုစဉ်..ယမုန် သူ့ကို ဆတ်ခနဲ လှည့်ကြည့်လိုက်ချိန်မှာ သူ ဝမ်းသာအားရ ဖြစ်သွားတယ်။

ဒါပေမယ့် ယမုန့်အကြည့်က သူ့ကို ကျော်သွားတယ်၊ ယမုန့် မျက်လုံးတွေဆီ သူလိုက်ကြည့်လိုက်တော့..တယ်လီဖုန်း ဆက်နေတဲ့ ဒေါက်တာဟိန်းထက်ကို တွေ့လိုက်ရတယ်။

ယမုန်က မေမေ့ဘက် လှည့်ပြောတယ်။

"သူက ဒီဆေးရုံက ဆရာဝန် မဟုတ်ဘူး၊ ကျွန်မ ကိုစင်ရော့ အခြေအနေ သွားမေးကြည့်လိုက်ဦးမယ်"

မေမေ့မျက်နှာပေါ်မှာ ယမုန့်စကားကို သံသယဖြစ်ဟန်... တစ်စွန်းတစ်စကို သူ မြင်တွေ့လိုက်ရတယ်။

ဒေါက်တာဟိန်းထက်ဟာ ဒီဆေးရုံက မဟုတ်မှန်း..ယမုန် ဘယ်လိုသိသလဲဆိုတာ သူ တွေးသလို..မေမေလည်း တွေးနေမှာ သေချာပါတယ်။

ယမုန် ဒေါက်တာဟိန်းထက်ဆီထွက်သွားတော့ မေမေဟာ ယမုန့်ကိုတစ်လှည့်၊ ဖုန်းပြောနေတဲ့ ဒေါက်တာဟိန်းထက်ကိုတစ်လှည့် ကြည့်ပြီး တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေတယ်။

သူ ဒေါက်တာဟိန်းထက် ရှိရာဆီ..ယမုန့်နောက်ကနေ လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တယ်။

ယမုန် မလှမ်းမကမ်းမှာ ရပ်လိုက်တော့ ဒေါက်တာဟိန်းထက်က ဖုန်းပြောရာကနေ ခဏရပ်ပြီး လှည့်ကြည့်တယ်။

"ကျွန်တော့်ကို ပြောစရာများ ရှိလို့လား!"

"ဟိုလေ...ကျွန်မ လူနာရဲ့အခြေအနေလေး သိချင်လို့ပါ"

"ဘယ်သူများပါလိမ့်!"

"စင်ရော်ပါ ဒေါက်တာ၊ နလုံးအစားထိုးတဲ့လူနာပါ"

"သြော်...ခဏနော်"

ဒေါက်တာဟိန်းထက်ဟာ ယမုန့်ကို လက်ကာပြပြီး ဖုန်းကို ခပ်မြန်မြန် စကားစဖြတ်လိုက်ပုံပါ။

ပြီးတော့ ယမုန့်ကို သူ့အခြေအနေကို ရှင်းပြနေတယ်။

"ခုအချိန်အထိတော့ အားလုံးကောင်းပါတယ်၊ ကျွန်တော်က ခဏနားချင်လို့ ထွက်လာတာ၊ ကျွန်တော့်လူနာအခြေအနေလည်း.. နည်းနည်းသိချင်လို့လေ"

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်၊ နှောင့်ယှက်မိသလို ဖြစ်သွားရင် ခွင့်လွှတ်ပါနော်၊ ကျွန်မကို ခွင့်ပြုပါဦး"

ယမုန်က ဦးညွှတ်ပြပြီး လှည့်ထွက်သွားတော့ ဒေါက်တာဟိန်းထက်လည်း ဖုန်းပြန်ခေါ် နေတော့တယ်။

သူ ယမုန့်နောက်ကို ထပ်ကြပ်မကွာလိုက်ပြီး ဘေးကနေ...

"ယမုန်...ယမုန်...ကိုယ့်ကို သီဟတို့ သတ်ကြတော့မယ်၊ ကိုယ် မသေချင်သေးဘူး၊ ကိုယ့်ကို ကူညီပါ။ ကိုယ့်ကို ကူညီပါဦး ယမုန်ရယ်"

သူ ဘယ်လိုပဲ တတွတ်တွတ် ပြောနေပေမယ့် ယမုန်က လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မကြား။

ထိုစဉ်..သူတို့ရှေ့မှ အလောင်းတင်ထားသော တွန်းလှည်း တစ်ခု ဖြတ်သွားသည်။

အလောင်းပေါ်မှာ ပိတ်ဖြူစ လွှမ်းထားပေမယ့်..ပိတ်ဖြူစကို ထွင်းဖောက်ပြီး အလောင်းကို သူ မြင်လိုက်ရရာ ကြောက်စိတ်များဖြင့် ဆူဝေရှိန်းထုံသွားခဲ့ရတော့တယ်။

ထို့ထက်ပိုပြီး ကြောက်စရာကောင်းလေသည်မှာ...ထိုအ လောင်းနှင့် ချွတ်စွပ်တူသော အငွေ့အမှုန်များဖြင့် ဖွဲ့စည်းထားသော လူတစ်ယောက်က အလောင်းထဲကို ပြန်ဝင်ဖို့ အတင်းကြိုးစားနေခြင်း ပင်။

ကြောက်စိတ်များ ကြီးစိုးလွန်းသဖြင့် သူ့စိတ်များ တုန်ယင် ကာနေသည်။

သူ...သူ့အဖြစ်ကရော ဒီလိုပဲ ဖြစ်နေပြီလား။

သူ့ကို သီဟတို့တတွေ လုပ်ကြံနေကြပြီဆိုတာ ခန့်မှန်းရိပ်စား မိတာနဲ့ တပြိုင်နက် သူ့စိတ်ဝိညာဉ်ဟာ သူ့ခန္ဓာကိုယ်ထဲကနေ အား ကုန်ရုန်းထွက်လာခဲ့မိတယ်။

တစ်ချိန်မှာ သူကရော ခုနက မြင်တွေ့လိုက်ရတဲ့ အလောင်း လို ကိုယ့်ခန္ဓာကိုယ်ထဲ ကိုယ့်စိတ်ဝိညာဉ် ပြန်ဝင်လို့မှ ရနိုင်ပါဦးမလား။

မိုးနှင်းမြူတွေလို အမှုန်အမွှားတွေနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာ ကိုယ်တွေကို သူ တစ်စထက်တစ်စ မြင်လာရတယ်။

ပထမတော့ တစ်ယောက်တစ်လေ မြင်ရရာကနေ...

နောက်တော့...တစ်ယောက်ပြီးတစ်ယောက် မြင်ရတဲ့အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



သူအရမ်းကြောက်လန့်သွားမိတယ်။

အဲဒါ ဝိညာဉ်တွေလား။

မကျွတ်မလွတ်နိုင်သေးတဲ့ မကောင်းဆိုးဝါးတွေလား။

တချို့တွေက သာမန်လူတစ်ယောက်နီးပါး ကိုယ်ရိပ်ထင်နေသေးတယ်။

မိုက်ကြီးဟောင်းလောင်းပွင့်ပြီး..အူတွေထွက်ကျလို့ သွေးရဲရဲသံရဲရဲ အနေအထားနဲ့..သွေးရူးသွေးတန်း လျှောက်ပြေးနေတဲ့သူတွေကိုလည်း တွေ့ရတယ်။

တချို့တွေကျတော့လည်း ပြာဟောက်ဟောက် မျက်နှာကြီးတွေနဲ့ တစ်ခုခုကို မိန်းမောတွေဝေနေသလိုမျိုး၊ လေထဲသတိလက်လွတ် လမ်းလျှောက်နေသလိုမျိုး။

ခြေပြတ်လက်ပြတ်ကြီးတွေကလည်း သွေးတွေ တစ်စက်စက်ကျနေတဲ့ ကိုယ့်ခြေအပြတ် လက်အပြတ်တွေကို ပြန်သယ်ပြီးလျှောက်နေကြတယ်။

ကြောက်လွန်းလို့ သူဟာ အဲ့ဒီလူတွေနဲ့ မထိအောင် ဘေးကပ်ပြီး လျှောက်နေရတယ်။

သူဟာ အဲ့ဒီအမှုန်အမွှားတွေနဲ့ စုစည်းထားတဲ့ ဝိညာဉ်တွေကိုကြောက်လန့်တကြား ရှောင်တိမ်းသွားလာနေမိတဲ့အချိန်မှာပဲ...

"အံမယ်လေး"

ဆိုတဲ့ ကလေးသံစူးစူးကို ကြားလိုက်ရတယ်။

အသံက သူ့အောက်နားဆီကပါ။

သူ အလန့်တကြားနဲ့ ငုံ့ကြည့်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အား!..ကြောက်စရာကြီး၊ ရင်ဘတ်ကြီး..ရင်ဘတ်ကြီးက ကွဲ-ကွဲနေတယ်"

ကလေးမလေး ခပ်ငယ်ငယ်တစ်ယောက်ဟာ သူ့ကို လက်ညှိုးတွင်တွင်ထိုးပြီး စူးစူးဝါးဝါး အော်နေတယ်။

ကလေးမလေးရဲ့အော်သံကြားမှ သူ့ရင်ဘတ်သူ ထိတ်လန့်တကြား ငုံ့ကြည့်လိုက်မိတယ်။

အား...။

ဘယ်လိုဖြစ်ရတာလဲ။

သူ့ရင်ဘတ်ဟာ ခွဲကြောင်းရာကြီးနဲ့ ဟင်းလင်းပွင့်နေတယ်။

သူ့အဖြစ်သူ ကြောက်မိလွန်းလို့ သူ့တစ်ကိုယ်လုံး ပွင့်ကွဲထွက်တော့မလားလို့တောင် ထင်မိပါတယ်။

"နှလုံးကလည်း မခုန်ဘူး၊ အား...ကြောက်တယ်..ကြောက်တယ်"

ကလေးမလေးက သူ့အဖြစ်ကို ကြောက်ရာလွန်းလို့ထင်ပါရဲ့ တဆတ်ဆတ်တုန်ပြီး အော်ဟစ်ငိုရှာတယ်။

ကလေးမလေးရဲ့ နှလုံးမခုန်ဘူးဆိုတဲ့အပြောကြောင့် သူဟာ အထိတ်တလန့်နဲ့ သူ့နှလုံးသူ ပြန်ကြည့်မိပြန်တယ်။

တကယ်ပါပဲလား။

သူ့နှလုံးဟာ တကယ်ပဲ မခုန်မလှုပ်တော့ဘူး။

ပကတိ ငြိမ်သက်နေတယ်။

ဘယ်လောက်ချောက်ချားစရာကောင်းတဲ့အဖြစ်လဲ။

ဒါ..ဒါဆို သူသေသွားခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားမှု၊ တုန်လှုပ်မှု၊ ထိတ်လန့်မှုတွေနဲ့ သူဟာ ဆောက်တည်ရာမရ ဖြစ်နေမိတယ်။

"ဟား…ဟား…ဟား"

အဲ့ဒီအချိန်မှာပဲ ရယ်သံစူးစူးလေးက ထွက်လာခဲ့ပြန်တယ်။

"ဘာ..ဘာဖြစ်လို့လဲ!"

"အစ်ကိုကြီးက တော်တော်ကြောက်တတ်တာပဲ၊ ဒီမှာ သမီးကိုကြည့်၊ ဦးနှောက်ထဲမှာ အကြိတ်ကြီး…တွေ့လား!"

ကလေးမလေးက လက်ဖြင့် ဦးခေါင်းခွံကို အသာကိုင်ကာ ဖွင့်ပြသည်။

ဖွေးနစ်နစ် ဦးနှောက်များထဲမှာ ကြက်ဥလုံးခန့် အကြိတ်ကြီးကို တွေ့လိုက်ရလျှင် သူ ကြောက်လန့်လွန်းသဖြင့် နံရံကို ကပ်လိုက်မိသည်။

"မကြောက်ပါနဲ့ အစ်ကိုကြီးရယ်၊ ဒါဟာ အမှန်တရားပါ။ လက်ခံနိုင်ဖို့ ကြိုးစားရမယ်"

ခုနက ရင်ခွဲရာကြီးနှင့် မခုန်လှုပ်သော နှလုံးပိုင်ရှင်သူ့ကို ကြောက်လန့်တကြား ငိုနေခဲ့သော ကလေးမလေးက ခုတော့ ရယ်ရင်းလှောင်ပြောင်သရော်လို့နေသည်။

ထိုစဉ်မှာပင် အက်ကွဲသော အေးစက်သော စိမ်းနက်သော ရယ်သံကြီးများက နေရာအနှံ့အပြားမှ ထွက်ပေါ်လာသည်။

"ဟား…ဟား…ဟား"

"ဟား…ဟား…ဟား"

ထိုရယ်သံများက သူ့ကို တစ်စထက်တစ်စ လှောင်ပိတ်မွန်း



www.burmeseclassic.com

www.burmeseclassic.com



ကျပ်လာစေသည်။

သူ မခံမရပ်နိုင်အောင် ကြောက်လန့်လာမိသည်။

သူ့ကို ဒီအဖြစ်ဆိုးကြီးထဲကနေ ဘယ်သူများ ကူကယ်ပေးနိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၅)

"ယမုန်...ယမုန်"

သူ့မှာ ယမုန်ကလွဲပြီး အားကိုးစရာ ဘယ်သူမှ မရှိတော့တာမို့ ယမုန့်ကိုပဲ အားကိုးတကြီး ခေါ်နေမိတော့တယ်။

တခွန်းတလေလောက်များ ယမုန် ကြားကောင်းပါရဲ့ဆိုတဲ့ မျှော်လင့်ချက်နဲ့ သူ ခေါ်နေမိတာပါ။

ဒါပေမယ့် ယမုန်ဟာ တစ်ခွန်းမှ မကြားဘဲ..တစ်ခုခုအပေါ် အပြင်းအထန် အာရုံဝင်စားနေပုံနဲ့ ခပ်သွက်သွက် လျှောက်နေဆဲပဲ။

ယမုန် ဘယ်ကိုသွားနေတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ ခွဲစိတ်ခန်းနား ရောက်လာခဲ့ပြီ။

ယမုန် ခွဲစိတ်ခန်းဆီ လာတာလား၊ သူ့ဆီလာတာပေါ့၊ ဒါဆို နီးတဲ့လမ်းကမလာဘဲ ဘာလို့ တစ်ကွေ့တစ်ပတ်ကြီး လာနေရတာလဲ၊ မေမေ မသိအောင်လား၊ ဘာလို့ မေမေ့ကို မသိစေချင်ရတာလဲ။

နားမလည်နိုင်တဲ့ မေးခွန်းပေါင်းများစွာနဲ့ သူဟာ ရှုပ်ထွေးသွားခဲ့ရတယ်။ သူ စဉ်းစားရ ခက်နေဆဲမှာပဲ....

ခွဲစိတ်ခန်းထဲက သူနာပြုအကူ အမျိုးသမီးငယ်တစ်ဦး ထွက်လာတာ တွေ့လိုက်ရတယ်။

အမျိုးသမီးဟာ ယမုန်ကိုတွေ့တာနဲ့ ဝမ်းသာအဲလဲ နှုတ်ဆက်တယ်။

"ယမုန်...ကိုယ်တို့အကြံအစည် အောင်မြင်တော့မယ်...သိလား၊ ဒေါက်တာဟိန်းထက် ထွက်သွားပြီ"

ယမုန်နဲ့ အမျိုးသမီးဟာ လက်ဝါးချင်း ရိုက်လိုက်ကြတယ်။

ဒါဟာ ဘာသဘောပါလိမ့်၊ သူ ဘယ်နည်းနဲ့မှ နားမလည်နိုင်တော့ဘူး။

"ဟိုလူကြီး ဖုန်းထွက်ဆက်တာ တွေ့တယ်၊ အဲ့ဒါကြောင့် ယမုန် အမြန်လာတာ၊ ဖုန်းဆက်ပြီးရင် ဒီလူကြီး နားပြီးမော့ဦးမှာပါ ယမုန်သိတယ်၊ ဖုန်းခလုတ်နှိပ်တဲ့ သူ့လက်ချောင်းတွေ တဆတ်ဆတ် တုန်နေတာ"

"ဒေါ်ယမုန်နာတို့ကတော့ လျင်ပါ့နော်၊ ဒါကြောင့်လည်း သူ့ငွေ ပေါက်စလေးကို အိတ်ထဲ ထည့်နိုင်ခဲ့တာပဲ"

"ကဲ...နောက်မှပြောက်၊ အချိန်က သိပ်မရှိဘူး၊ အဲ့ဒါက သိပ်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်လို့ရတာ မဟုတ်ဘူး၊ တလွဲတချော်တွေ ဖြစ်ကုန်ရင်…ယမုန် ကြိုးစားခဲ့ရသမျှ သဲထဲရေသွန် ဖြစ်သွားလိမ့်မယ်၊ လာ..ခွဲခန်းထဲ မြန်မြန်ဝင်ကြစို့"

"အိုကေ..အိုကေ..ဒေါ်ယမုန်နာ၊ မကြာခင်မှာ ပူပူနွေးနွေး မုဆိုးမဘဝနဲ့ ရောမဘီလျံနာကြီး ဖြစ်ဖို့အရေး ကျွန်တော်မျိုးမတို့ အစွမ်းကုန် ကြိုးစားပေးပါ့မယ်"

"အပိုတွေ ပြောမနေစမ်းပါနဲ့၊ ယမုန်တစ်ယောက်ထဲ ကောင်းစားဖို့လား!၊ ယူတို့အတွက်တော့ ရှယ်ယာမပါတာ ကျနေတာပဲ"

ဘုရား…ဘုရား…။

ယမုန်တို့နှစ်ယောက် အပြန်အလှန် ပြောနေကြတဲ့ စကားတွေကို နားထောင်ပြီး သူ ပိုပြီးတုန်လှုပ်လန့်ဖြတ်သွားရတယ်။

ယမုန်ဟာ သီဟတို့နဲ့အတူ သူ့ကို ပူးပေါင်းကြံစည်ခဲ့တာလား။

နူးညံ့သိမ်မွေ့လှတဲ့ ယမုန့်မျက်နှာလှလှလေးကိုကြည့်ပြီး…သူ ဘယ်လိုမှ မယုံကြည်နိုင်ဘူး။ ဟော့ဒီခွဲစိတ်ခန်းထဲကို မဝင်ခင်လေးကတင် ယမုန်ဟာ သူ့အတွက် စိုးရိမ်တကြီးနဲ့ ရှိုက်ငင်ငိုကြွေးခဲ့သေးတယ်လေ။

ယမုန်ဟာ ခွဲစိတ်ခန်းထဲကို ခပ်မြန်မြန် ဝင်လိုက်တယ်။

သီဟက ယမုန့်ကို မြင်လိုက်တာနဲ့ အံ့အားသင့်သွားပြီး…

"ဟာ…ဟော့…မင်း အတင့်ရဲလှချေလား ယမုန်၊ ဘာလို့ ဝင်လာတာလဲ!၊ ဟိုပုဂ္ဂိုလ် ပြန်ရောက်လာရင် ငါတို့အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်ဆိုတာ မစဉ်းစားမိဘူးလား!"

"သီဟ…နင် အဲ့ဒီလောက်ထိ ပူမနေနဲ့၊ နင်တို့နှစ်နစ်တကျ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်တတ်လို့ နင့်ကို စိတ်မချလို့ ငါ ဝင်လာတာ"

"ဟုတ်ရဲ့လားဟာ...ပူပူနွေးနွေး ချစ်အမျိုးသားရဲ့ မျက်နှာလေးကို အလွမ်းပြေ ကြည့်ချင်လို့ မဟုတ်ဘူးလား!"

သီဟရဲ့ခနိုးခနဲ့ ပြောလိုက်တဲ့ စကားတစ်ခွန်းက ယမုန့်ကို ထိမှန်သွားပုံရတယ်။

ယမုန့်မျက်နှာဟာ ဖျတ်ခနဲ အရောင်တောက်သွားခဲ့တယ်။

ကုတင်ပေါ်မှာ သူတို့ ဖန်တီးတိုင်း လဲလျောင်းငြိမ်သက်ပြီး ခံယူရတော့မယ့် ကျွန်တော့်ကို စိုက်ကြည့်တယ်။

ယမုန့်မျက်ဝန်းထဲမှာ ကျွန်တော့်အတွက် အချစ်တစ်စွန်းတစ်စလေးမှ မရှိတော့ဘူးလား။ ကျွန်တော် နွမ်းနယ်စွာ ရှာဖွေနေမိတယ်။

ကျွန်တော့်ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေတဲ့ ယမုန့်မျက်လုံးတွေဟာ တဖြည်းဖြည်းချင်း ပိုပြီးတင်းမာခက်ထန်လာတယ်။ ယမုန် ကျွန်တော့်ကို တကယ်မချစ်ခဲ့ဘူးလား။ ကျွန်တော့်ကို သေစေချင်တဲ့ စိတ် ယမုန့်ဆီမှာ ဘာလို့ ရှိနေရမှာလဲ။

"မောင်..."

ယမုန် နှုတ်ခမ်းလှုပ်ရုံကလေး ခေါ်တယ်။

ဘယ်သူမှ မကြားနိုင်ပေမယ့် ကျွန်တော်ကတော့ အသေအချာ ကြားလိုက်ပါတယ်။

"ယမုန်"

ကျွန်တော် စိတ်ဝိညာဉ်နဲ့ပဲ ယမုန်ကို ပြန်ခေါ်လိုက်တယ်။

ယမုန် ကြားရမှာပါ။

ကျွန်တော်ခေါ်တာကို ကြားလိုက်ရသလို ယမုန့်မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖျိုးခနဲ ဖျတ်ခနဲ လက်သွားခဲ့တယ်။

"ယမုန် အချစ်...မင်း ကိုယ့်ကို ဘာလို့ သေစေချင်ရတာလဲ ဟင်!"

သူ နှစ်ယောက်ထဲ ကြားသာရုံ တိုးဖျော့ဖျော့ကလေး မေး လိုက်မိတယ်။ ယမုန် ခေါင်းကလေး ငုံ့သွားတယ်။

"ကိုယ့်ဆီက မင်းဘာလိုချင်လို့လဲ!...ကိုယ် မသေချင်သေးဘူး ယမုန်၊ ကိုယ် မင်းနဲ့အတူတူ အကြာကြီး နေချင်သေးတယ်၊ ကိုယ် မင်းကို အကြာကြီး ချစ်ချင်သေးတယ်၊ ကိုယ် မင်းကို သိပ်ချစ်တယ် ယမုန်၊ မင်းနဲ့ အတူနေခွင့်ရဖို့အတွက်ဆို ကိုယ် ဘာမဆို ခွင့်လွှတ်ရဲ ပါတယ်၊ လောကကြီးမှာလေ..ကိုယ်မက်မောတာ တစ်ခုထဲရှိတယ်"

သူ ယမုန့်မျက်နှာကို ဆွေးဆွေးမြွေမြွေ ကြည့်ပြီး ဆက်ပြော လိုက်မိတယ်။

"ကိုယ် မင်းနဲ့အတူ ပျော်ပျော်ရွှင်ရွှင် နေချင်တယ်...၊ အဲ့ဒါ တစ်ခုပဲ"

သူ့စကားအဆုံးမှာ ယမုန့်မျက်ရည်တစ်စက် သူ့ပါးပြင်ပေါ် နွေးခနဲ ကျလာတယ်။

"ဟေး...ဒါက ဘယ်လိုဖြစ်ရတာလဲ ယမုန်နော်!"

သီဟက ခပ်ကြိတ်ကြိတ် လှမ်းအော်တယ်။

"မင်း ဘာတွေ တွေဝေနေတာလဲ၊ အသုံးမကျတဲ့မျက်ရည်တွေ ဘာလို့ကျရတာလဲ!"

"အခုလိုကျတော့လည်း...သူဟာ ဘယ်လောက်သနားစရာ ကောင်းနေသလဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တွေဝေနေပြီလား ယမုန်!၊ နင်တို့မိန်းကလေးတွေဟာ မိခင်ပီသတဲ့ စိတ်နှလုံးပိုင်ရှင်တွေဆိုတော့လေ"

သီဟရဲ့လေသံက ခနိုးခနဲ့နိုင်လှတယ်။

တစ်သက်လုံးက သူငယ်ချင်းကောင်းလို့ စွဲထင်မှတ်ယူခဲ့တဲ့ သီဟဟာ ခုတော့..ကျွန်တော်နဲ့ ပတ်သက်ပြီး ဘာခံစားချက်မှ မရှိသလိုပဲ။

ကျွန်တော့်ကို အမြန်ဆုံး သေစေချင်တဲ့ စိတ်စေတနာတစ်ခုပဲ သူ့မှာ ရှိနေတော့တယ် ထင်ပါရဲ့။

"သွားစမ်းပါ...ဒီအခြေအနေထိရောက်အောင် ငါ ဘယ်လောက် ကြိုးစားခဲ့ရသလဲ နင်တို့အသိဆုံးပါ၊ ခုကျမှ ဆုံးဖြတ်ချက်တွေ ပြန် ပြောင်းလဲရလောက်အောင် ငါမရူးသေးဘူး၊ သူ့ကိုလက်ထပ်တဲ့အထိ ကိုယ့်ဘဝကိုယ် ပေးဆပ်ခဲ့ပြီးမှ ခုနေ နောက်ဆုတ်လိုက်ရင် အပျိုစင် ဘဝ ဆုံးရှုံးလိုက်ရတာအပြင် ငါ့အတွက် ဘာကျန်ဦးမှာလဲ!"

ယမုန့်စကားတွေကို ကြားနေရတဲ့ ကိုယ့်နားကိုယ် မယုံနိုင် လောက်အောင် ဖြစ်နေမိတယ်။

ယမုန်ကတော့ သူ့ကို တစ်ချက်ကလေးမှ မကြည့်တော့ဘဲ အေးစက်တဲ့လေသံနဲ့ ဆက်ပြောနေခဲ့တယ်။

"ငါ့အမေ အသည်းအသန်ဖြစ်တော့ ကုခဲ့ရတဲ့ဆေးဖိုး၊ ဆုံး တော့ ကုန်ခဲ့တဲ့ အသုဘစရိတ်၊ လနဲ့ချီပြီး ဒီဆေးရုံမှာ အလုပ်မဆင်းနိုင် တော့ဘဲ..လူမမာကို ပြုစုခဲ့ရတဲ့အချိန်တွေမှာ ငါ့ရဲ့စားစရိတ်၊ အဲဒီ အကြွေးတွေကို ဘယ်လိုဆပ်ရမလဲ မသိဘဲ...ငါတစ်ယောက်တည်း အ သည်းအသန် ငိုပြီး..သေချင်လောက်အောင် စိတ်ဆင်းရဲခဲ့ရတဲ့ အချိန်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ငါ ဘယ်တော့မှ မမေ့နိုင်ဘူး"

ဘယ်လောက်များ ကြမ်းရှခဲ့တဲ့ဘဝလဲ။

ယမုန်ရဲ့အတိတ်ဘဝအတွက် သူ နင့်ခနဲ ဖြစ်သွားရတယ်။

အဲ့ဒီအချိန်မှာ သီဟက ဝင်ပြောတယ်။

"အေးလေ..အဲဒါကြောင့် နင့်ကို ငယ်သူငယ်ချင်းတစ်ယောက် အနေနဲ့ သနားလွန်းလို့..နင့်အခက်အခဲတွေအားလုံး အဆင်ပြေအောင် ငါက အကြံဉာဏ် ပေးခဲ့တာ"

ဩော်...လက်စသတ်တော့ သူ့ကို သေစေချင်တဲ့ နံပါတ်တစ် တရားခံဟာ သီဟပါလား။

လူယုံသတ်လို့ သေသတဲ့...။

သူ့နောက်ကျောကို ဓါးနဲ့ ထိုးသတ်ဖို့ တစ်ချိန်လုံး ကြံစည်ခဲ့ တဲ့သူကိုမှ သူက သူငယ်ချင်းကောင်းတစ်ယောက်အဖြစ် အထင်တကြီး နဲ့ ခင်မင်မိခဲ့တာပဲ။

"ဒီလိုကေ့စ်မျိုးရဖို့ ဘယ်လောက်ရှားပါးလိုက်တဲ့ အခွင့်အ ရေးလဲ!၊ ဒီကောင် ရှောတာနဲ့ ဒီကောင် ပိုင်ဆိုင်ခဲ့သမျှ အထုပ်တွေအား လုံးကို နင်သိမ်းပိုက်နိုင်ပြီပဲ"

"သီဟရယ်...ကယ်တင်ရှင်ကြီးလေသံ မပစ်စမ်းပါနဲ့၊ ငါ သိမ်း ပိုက်နိုင်တော့ အဲဒီအထုပ်တွေကို နင်တို့ရော ဝေစုမရမှာ ကျနေတာပဲ နင်တို့လဲ ဒီငွေတွေကို လိုအပ်နေကြတာပဲမဟုတ်လား!"

သူ အတော်ဝမ်းနည်းသွားရတယ်။ တကယ်ကျတော့ သူဟာ ယမုန်တို့အပေါင်းအသင်းတွေရဲ့သားကောင်ဖြစ်ခဲ့ရတာပါလား။

ယမုန်က သူ့ကို နှလုံးသားအစစ်နဲ့ ချစ်ခဲ့တာမှ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့မဘဝရဲ့အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် စတေးခဲ့တာပဲ၊ အသုံးချခဲ့တာပဲ။

ယမုန်ရဲ့ရည်ရွယ်ချက်တွေကို သိလိုက်ရတဲ့အချိန်မှာ...သူ့နှလုံးသားဟာ စူးနစ်အောင် နာကျင်သွားခဲ့ရတယ်။

ဘယ်လောက်များ ရက်စက်လိုက်တဲ့ မိန်းမတစ်ယောက်လဲ။

"ကဲ...တော်တော့ဟာ၊ ယမုန် နင်လည်းပြန်တော့၊ သီဟလည်း လုပ်စရာရှိတာဆက်လုပ်..အချိန်မရှိဘူး၊ ဒေါက်တာဟိန်းထက် ပြန်ရောက်လာရင် အားလုံး ပြဿနာတက်ကုန်လိမ့်မယ်"

ယမုန်ဟာ မေဒေးစကားကို နားမထောင်ဘဲ ပေကတ်ပြီး ရပ်မြဲရပ်နေတယ်။

"ကဲ...နှလုံးအသစ်ကို ထည့်ရအောင်"

သီဟက အရေးကြီးတဲ့ အစိတ်အပိုင်းတွေအားလုံးကို စစ်ဆေးအပြီးမှာ နှလုံးသားအသစ်ကို ထည့်ဖို့ပြင်တယ်။

"ကဲ..."

ဒီတစ်ခါ သီဟရဲ့ "ကဲ" ဆိုတဲ့အသံက ခွဲစိတ်ခန်းတစ်ခုလုံး ဟိန်းထသွားမတတ် အရှိန်အစော်တစ်မျိုးနဲ့ မြည်ဟည်းသွားတယ်။

အဲ့ဒီကဲဆိုတဲ့အသံဟာ ကျွန်တော့်စိတ်ဝိညာဉ်ကို သေမိန့်ပေးလိုက်တဲ့အသံလို တုန်လှုပ်သွားစေတယ်။ ချောက်ချားသွားစေတယ်။

ကျွန်တော် အရမ်းကို ကြောက်ရွံ့တုန်လှုပ်သွားမိတယ်။

သီဟက လက်ဝါးကို ဖြန့်ပေးလိုက်တယ်။

မေဒေးဆိုတဲ့..သူနာပြုအကူက ဖြန့်ထားတဲ့ လက်ဝါးထဲကို ဆေးထိုးအပ်တစ်ချောင်း ထည့်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးထိုးအပ်...

အဲ့ဒီဆေးထိုးအပ်ဟာ ကျွန်တော့်ကို သေစေနိုင်တဲ့ လက်နက် တစ်ခုမှန်း ကျွန်တော်သိနေတယ်။

ဆေးထိုးအပ်ထဲက ဆေးရည်တွေ...။

သီဟဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲကိုထည့်မယ့် နှလုံးအသစ် ထဲကို ဆေးထိုးအပ်ကို စိုက်သွင်းဖို့ လက်ရွယ်လိုက်တယ်။

ဒါပေမယ့် သီဟရဲ့လက်ချောင်းတွေဟာ တဆတ်ဆတ် တုန် ယင်နေတယ်။

အဲ့ဒီအချိန်မှာ ကျွန်တော် ဘယ်လိုမှ မထင်မှတ်နိုင်တဲ့ အပြု အမူကို ယမုန် လုပ်လိုက်တာပဲ ဖြစ်တယ်။

"ကြာလိုက်တာ သီဟရာ"

ယမုန်ဟာ သီဟလက်ထဲက ဆေးထိုးအပ်ကို ဆွဲလုလိုက် တယ်။

"ဟာ...နင်ဘာရှုပ်တာလဲ ယမုန်!"

သီဟက အတော်စိတ်ဆိုးသွားတဲ့လေသံနဲ့ ယမုန့်ကို အော် တယ်။

"ယမုန်..ယမုန် ကိုယ့်ကို ကယ်ပါ၊ ကိုယ့်ကိုကယ်ပါ ယမုန်"

သူကလည်း ယမုန့်ကို အားကိုးတကြီး အော်ဟစ်အကူအညီ တောင်းနေမိတယ်။

"ရှုပ်တာ မဟုတ်ဘူး...နင့်ကို ကြည့်ရတာ စိတ်မရှည်လို့..."

ယမုန်ဟာ ပြောပြောဆိုဆိုနဲ့ နှလုံးအသစ်ထဲကို ဆေးထိုးအပ် ကို စိုက်ချလိုက်တယ်။ ပြီးတော့...



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို အေးခဲစွာ တစ်ချက်စိုက်ကြည့်တယ်။

ပြီးတော့ ဘာခံစားချက်မှ မရှိတော့တဲ့လေသံနဲ့ သူ့ကို နှုတ်ဆက်တယ်။

"ဆောရီးပဲနော် မောင်၊ ကျွန်မတို့နှစ်ယောက် ဘယ်တုန်းကမှ မတွေ့ဖူးကြဘူးနော်...ဟုတ်ပြီလား၊ အဲ့လိုပဲထားလိုက်ပါ"

ယမုန်လေသံက စိမ့်ပြီး ကြောက်စရာကောင်းလောက်အောင် အေးစက်နေတယ်။

ယမုန်ဟာ သူ့တာဝန် ပြီးစီးသွားသလို ခွဲစိတ်ခန်းဝတ်စုံချွတ်ပြီး ကျောခိုင်းလှည့်ထွက်သွားတယ်။

"မင်း သိပ်ရက်စက်တယ် ယမုန်"

သူ မချိတင်ကဲ ပြောလိုက်ပေမယ့်...ယမုန် ကြားတော့မှာ မဟုတ်ပါဘူး။

သွားပြီ၊ သူဟာ အလုပ်မလုပ်တော့တဲ့ နှလုံးသား အသစ်ကြီးကို ခန္ဓာကိုယ်ထဲ အထည့်ခံရတော့မယ်။

သူ ဘယ်နည်းနဲ့မှ မရှင်သန်နိုင်တော့ပါဘူး။

ယမုန်...

မေမေ...

အားလုံးကို သူ ခွဲရတော့မှာပါ။

သူ အရမ်းကို ကြေကွဲနင့်ဆွေးသွားရတယ်။ အလုပ်မလုပ်တဲ့ နှလုံးသားအသစ်ကြီးကို သူ့ခန္ဓာကိုယ်ထဲ ထည့်လိုက်ကြပြီ။

သူ သေပြီပေါ့။

စင်ရော်လွင်ဆိုတဲ့နာမည်နဲ့ တွဲဖက်ထားတဲ့ ခန္ဓာကိုယ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို သူ လက်လွှတ်ဆုံးရှုံးလိုက်ရပြီပေါ့။

မေမေ...

မေမေ အသက်နဲ့ ရင်းပြီး မွေးဖွားပေးခဲ့တဲ့ ဘဝတစ်ခုကို သား ထားခဲ့ရတော့မယ်။

ကျွန်တော် မေမေ ပြောခဲ့တဲ့စကားတွေကို ပြန်ကြားယောင် လာခဲ့တယ်။

*(သား...မေမေလေ ဖြစ်နိုင်ရင် မေမေ့နှလုံးကို သားကို အစား ထိုးပေးချင်လိုက်တာ သားယုံလား!၊ အမေတွေဟာ သူတို့သားသမီး အတွက်ဆို အသက်ကို ပေးဝံ့တယ်၊ အသက်ကို လဲဝံ့တယ်)*

*(မင်း မေမေ့ရင်ခွင်ထဲက ထွက်သွားရင် တစ်နေ့ နောင်တရ လိမ့်မယ်)*

ဟုတ်ပါတယ် မေမေ...။

သားဟာ မေမေ့ရဲ့မေတ္တာ စူးခဲ့ပါပြီ။

မေမေ့မေတ္တာကို ခြေရာကောက် လွဲပြီး...မေမေ့စေတနာကို မနာခံတတ်တဲ့ သားတစ်ယောက်ရဲ့ နောက်ဆုံး ထိုက်တန်တဲ့ဆုလဒ် ဟာ ဆုံးရှုံးခြင်း၊ ဘဝတစ်ခုလုံးရင်းပြီး ဆုံးရှုံးခြင်းပဲပေါ့ မေမေရယ်။

မေမေ့စကားကို လက်မခံမိခဲ့တဲ့ သူ့အပြစ်တွက် သူ နာကျင် ကြေကွဲနေမိတယ်။

သူ့စိတ်ဝိညာဉ်ဟာ မေမေ့အနားကို လေးကန်စွာ ရောက်သွား ပြန်တယ်။

မေမေ့နံဘေးမှာ သူ ငြင်သာစွာ ထိုင်ချလိုက်ပြီး...

"မေမေ..."



www.burmeseclassic.com

www.burmeseclassic.com



လို့ တိုးသဲ့သဲ့ ခေါ်လိုက်တယ်။

မေမေဟာ ဆတ်ခနဲ တောင့်မတ်သွားတယ်။

ဖြန်းဆို သူရှိရာဘက် လှည့်ကြည့်တယ်။

မေမေဟာ သူ့ကိုမမြင်ဘူး၊ ဒါပေမယ့် သူခေါ်လိုက်တဲ့ အသံကို ကြားလိုက်ပုံပဲ။

မေမေဟာ သိသိသာသာကို လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

မေမေ သူ့အတွက် အရမ်းကို စိုးရိမ်တကြီး ဖြစ်သွားရာတဲ့ပုံပဲ။

"သား...သားလေး...ဘုရား...ဘုရား၊ သားလေး အခြေအနေမှ ကောင်းရဲ့လား၊ သားလေး ဒုက္ခတွေ့နေပြီလား၊ သားလေး မေမေ့ သားလေး အသက်ရှင်ပါစေ...ဘေးကင်းပါစေ"

မေမေ မေတ္တာပို့တဲ့အသံ ကြားရတော့ သူဟာ နာနာကျင်ကျင်ကို ကြေကွဲရတော့တယ်။

သူ့ပါးပြင်ဟာ နွေးခနဲ ဖြစ်သွားရတယ်။

ဟင်...

ဒါ...ဒါ...ဘာကြောင့်လဲ။ သူဟာ ဝိညာဉ်ဖြစ်နေပြီပဲ...ဘာကြောင့် မျက်ရည်ကျရတာလဲ။ သူ့ပါးပြင်ကို သူ မယုံကြည်နိုင်လွန်းလို့ လက်ချောင်းထိပ်နဲ့ တို့ထိကြည့်တယ်။

သူ့လက်ချောင်းဟာ စိုစွတ်သွားတယ်။

သူ အရမ်းအံ့ဩသွားတယ်။ စိုစွတ်သွားတဲ့ လက်ချောင်းထိပ်ကို အသေအချာ ထပ်ကြည့်လိုက်မိတယ်။

သူ တကယ်ပဲ မျက်ရည်ကျနေမိတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ...

သူ့ရှေ့ကနေ ဒေါက်တာဟိန်းထက် ဖြတ်လျှောက်သွားတယ်။

သူဟာ မျက်ရည်တွေကို ခဏမေ့ပြီး ဒေါက်တာဟိန်းထက် နောက် လိုက်သွားမိတော့တယ်။

ဒေါက်တာဟိန်းထက်ဟာ သီဟတို့အဖွဲ့ထဲက မဟုတ်ဘူးဆို တာ သူသိထားတာမို့ ဒေါက်တာဟိန်းထက်ကို ကောက်ရိုးတမျှင်အဖြစ် သူ အားကိုးဖို့ စဉ်းစားမိလိုက်သလားပဲ။

ဒေါက်တာဟိန်းထက်နဲ့အတူ ခွဲစိတ်ခန်းထဲ သူ လိုက်ဝင်သွား ခဲ့မိတယ်။

"အခြေအနေ ဘယ်လိုရှိသလဲဗျို့!"

ဒေါက်တာဟိန်းထက်က အာစရှင်ရှင်လေးနဲ့ လှမ်းမေးလိုက် တော့ ဟန်ဆောင်ကောင်းလှတဲ့ သီဟဟာ ခေါင်းကို ခပ်လေးလေး ယမ်းပြပြီး...

"နှလုံးအသစ်ကို လက်မခံဘူး ဖြစ်နေတယ်၊ ဘော်ဒီက ဘာမှ မတုန့်ပြန်ဘူး"

"ဘာ...ဒါ ဘယ်လိုဖြစ်ရတာလဲ!၊ ဟာ...မဟုတ်သေးဘူး.. တစ်ခုခုတော့ မှားယွင်းနေပြီ"

ဒေါက်တာဟိန်းထက်ဟာ ချက်ချင်းပျာယာခတ်ပြီး အလုပ်ရှုပ် သွားတယ်။

ဒေါက်တာဟိန်းထက်ဟာ အသစ်ထည့်ထားတဲ့ နှလုံးကို..အ သည်းအသန် စစ်ဆေးတော့တယ်။

သီဟတို့အုပ်စုဟာ တစ်ယောက်တစ်ပေါက်စီ ဝိုင်းငြီးရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



နေကြတယ်။

သူတို့အားလုံးရဲ့အသံကို လွှမ်းသွားအောင် အော်ပြီး...ဒေါက်တာဟိန်းထက်ကို လှမ်းပြောလိုက်တယ်။

"ဒေါက်တာ..မယုံနဲ့..လုံးဝမယုံပါနဲ့၊ သူတို့တွေအားလုံး လူလိမ်တွေ"

သူ ဘယ်လောက်အော်အော် ဒေါက်တာဟိန်းထက်ဟာ လုံးဝကြားပုံမပေါ်ဘူး။ သူ အားမလျှော့ဘဲ ထပ်အော်တယ်။

"သူတို့တွေ ကျွန်တော့်ကို ဝိုင်းသတ်ကြတာ၊ နှလုံးအသစ်ကို ဆေးထိုးထားတယ်"

ဒေါက်တာဟိန်းထက်ဟာ ကျွန်တော်ပြောတာကို လုံးဝဂရုမစိုက်ဘူး။

ကျွန်တော့်နှလုံးသားအသစ်ကို အလုပ်လုပ်ဖို့ကိုပဲ သည်းကြီးမည်းကြီး ကြိုးစားနေတယ်။

ဘယ်လိုမှ ကြိုးစားလို့ မရတဲ့အဆုံးကျမှ...

"ကဲ...မတတ်နိုင်တော့ဘူးဗျာ"

လို့ အားလျှော့စကားဆိုတယ်။

ဟင့်အင်း..ဒေါက်တာရယ်...အားမလျှော့လိုက်ပါနဲ့ဦး။

"ဒေါက်တာ..ဒေါက်တာ..ကျွန်..ကျွန်တော် မသေသေးပါဘူး မယုံရင် ကျွန်တော့်မျက်လုံးတွေကို ကြည့်လိုက်ပါ၊ ကျေးဇူးပြုပြီး ကျွန်တော့်မျက်လုံးတွေကို ကြည့်လိုက်ပါ"

ကျွန်တော် သွေးရူးသွေးတန်းနဲ့ ဒေါက်တာဟိန်းထက်ရဲ့လက်ကို အတင်းလှုပ်ယမ်းပြီး ကုတင်ပေါ်မှာ ငြိမ်သက်လဲလျောင်းကာ ညာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်မျက်လုံးထောင့်က ဖြည်းလေးစွာ စီးကျလာတဲ့ မျက်ရည်တွေကို ပြနေမိတယ်။

ကျွန်တော့် စိတ်ဝိညာဉ်ဟာ မျက်ရည်ကျနေမိတဲ့အချိန်မှာ ကုတင်ပေါ်က ခန္ဓာကိုယ်ကနေ မျက်ရည်အတူကျနေမိပါလား။

ကျွန်တော့်မျက်ရည်တွေကို ဒေါက်တာဟိန်းထက် မမြင်နိုင်တဲ့ အခါမှာတော့ ကျွန်တော်ဟာ လုံးဝစိတ်လျှော့လိုက်ပါတော့တယ်။

ကျွန်တော့်အဖြစ်ကို ကယ်နိုင်တဲ့သူ မရှိတော့ပါဘူး။

ကျွန်တော်ဟာ..စိုစွတ်နေဆဲ မျက်ရည်တစ်စနဲ့ ပကတိ ငြိမ်သက်နေတဲ့ ကုတင်ပေါ်က ကျွန်တော့်ကို..တစ်ချက်စိုက်ကြည့်ခဲ့ပြီး...

ကျွန်တော့်ရဲ့ကြေမွသိမ်ငယ်နေတဲ့ ဝိညာဉ်ဟာ ဦးတည်ရာမဲ့ လွင့်မျောနေမိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၉)

"သား..."

ရင်ထဲ ထိတ်ခနဲ။

ခုနကလည်း မေမေဆိုတဲ့ အသံတိုးသဲ့သဲ့လေးကို..နားနဲ့ဆတ်ဆတ် ကြားလိုက်ရရဲ့။

ရင်ထဲ ပူလောင်လို့လာသည်။

"သားလေး အခြေအနေ"

ဘယ်သူ့ကို တိုင်တည်ရမှန်း မသိတတ်တော့ပြီမို့ နံဘေးမှာ ရောက်လာသော ယမုန်နာဆိုတဲ့ မိန်းကလေးကိုပဲ စကားစကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



မိတော့သည်။

အို…သူလေးလည်း မျက်နှာမကောင်းပါလား။

မျက်လုံးတွေလည်း ရဲရဲနီ စိုစွတ်လို့။

"ကံတရားအတိုင်းပေါ့ အန်တီရယ်၊ ကျွန်မတို့အားလုံး သူ့အတွက် အကောင်းဆုံး လုပ်ပေးထားတာပဲ""

မိန်းကလေးရဲ့အသံမှာ တိုးဖျော့တုန်ခါလို့နေသည်။

ဒါဟာ သူမကို နှစ်သိမ့်နေတာလား။

မိန်းကလေးဟာ သူ့ကိုယ်သူ ပြန်အားပေးနေတာလား။

"အန်တီ သူ့အတွက် အရမ်းစိုးရိမ်နေမယ်ဆိုတာ ကျွန်မ သိပါတယ်၊ ကျွန်မတောင် ဒီလောက်ခံစားနေရတာ အမေဖြစ်တဲ့အန်တီက ကျွန်မထက် အများကြီး ပိုခံစားနေရမှာပေါ့"

တစ်မျိုးပဲ…သူမကို နှစ်သိမ့်နေတဲ့ မိန်းကလေးရဲ့ မျက်လုံးတွေက တစ်မျိုးပဲ။

တစ်ခုခုကို ဖုံးကွယ်ထားသလိုမျိုး။

သူမ မိန်းကလေးရဲ့မျက်လုံးထဲက တစုံတခုကို ဖော်ထုတ်ဖို့ အသေအချာ စိုက်ကြည့်ဖို့ ကြိုးစားလိုက်တယ်။

မိန်းကလေးက သူမ မျက်လုံးတွေနဲ့ ရင်မဆိုင်ရဲသလို အကြည့်ချင်း မဆုံဘဲ ရှောင်လွှဲတယ်။

သူမ ရုတ်တရက် သတိရလိုက်မိပြီး…မျက်မှောင်ကြုတ်လိုက်မိတယ်။

"မင်း ခုန ဘယ်ကိုပျောက်သွားတာလဲ ယမုန်နာ!"

မိန်းကလေးမျက်လုံးထဲမှာ သူ ဖုံးကွယ်ထားတဲ့ဖြစ်မှုအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်တွေ အထင်းသား ဖြတ်ပြေးနေတယ်။

"ကျွန်မ...ကျွန်မ..."

မိန်းကလေးဆီက အထစ်ထစ်အငေါ့ငေါ့နဲ့ ဘာစကားမှ ဆက်ထွက်မလာနိုင်ဘူး။

မိန်းကလေးကို မယုံသင်္ကာစိတ် ပိုပြီးကြီးထွားလာခဲ့တယ်။

ဒါပေမယ့် မိန်းကလေး ကံကောင်းသွားခဲ့တယ်။ သူတို့အနားကို ဆရာဝန်တစ်ယောက် ရောက်လာခဲ့တယ်။

"ဒေါက်တာဟိန်းထက်လေ အန်တီ၊ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ်"

မိန်းကလေးက ခပ်တိုးတိုး ပြောရင်း မတ်တတ်ထရပ်လိုက်တယ်။

"စင်ရော်လွင်ရဲ့မိသားစု ထင်ပါရဲ့နော်"

"အန်တီက သူ့အမေပါကွယ်၊ သားလေး အခြေအနေ"

သူမ ဆရာဝန်ရဲ့အနား ချက်ချင်းရောက်သွားတယ်။

ဆရာဝန်လေးက သူမလက်ကို ညင်ညင်သာသာ ဆုပ်ကိုင်လိုက်ရင်း...

"ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားခဲ့ကြပါတယ် အန်တီ"

"ဟင်!!..."

သူမတစ်ကိုယ်လုံး လေဟာနယ်ထဲ လွင့်မျောက်သွားသလိုပဲ။

ဟင့်အင်း...မဖြစ်ရဘူး၊ အဲ့လို မဖြစ်ရဘူး၊ သားလေးဟာ သိပ်ငယ်လွန်းပါသေးတယ်...ဘာလို့ လောကထဲက ထွက်သွားရဦးမှာလဲ။

"သူ့နှလုံးသားအသစ်ကို သူ့ကိုယ်က လက်မခံဘူး အန်တီ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မတုံ့ပြန်ဘူး"

"မင်းတို့..မင်းတို့..တကယ်ဆို သူ့ကို မခွဲစိတ်သင့်ဘူး၊ မင်းတို့ မကျွမ်းကျင်လို့ ဖြစ်ရတာ၊ အသက်တစ်ချောင်းဟာ လွယ်လွယ်နဲ့ ရတယ်လို့များ မင်းတို့ထင်နေလား!"

သူမ သတိလက်လွတ်နဲ့ ဒေါက်တာဟိန်းထက်ဆိုတဲ့ ဆရာဝန်ကို ရန်တွေ့နေမိတယ်။

ဆရာဝန်လေးက သူမအဖြစ်ကို နားလည်စွာနဲ့ ငြိမ်သက်နေခဲ့ပြီးမှ...

"အခု သူဟာ စက်နဲ့ လည်ပတ်နေရတာပါ အန်တီ၊ အဲ့ဒါ သွေးပတ်လမ်းဖြုတ်ဖို့ အန်တီ့ဆီက ခွင့်ပြုချက် လာတောင်းတာပါ"

"ဟင့်အင်း...မဖြုတ်ရဘူး၊ ခွင့်မပြုဘူး၊ သားလေးကို ဘာဖြစ်လို့ အသေခံရမှာလဲ၊ မင်းတို့ နှလုံးအသစ် မရှာကြတော့ဘူးလား!"

"အန်တီ...သူနဲ့ သွေးအမျိုးအစားတူတဲ့ နှလုံးဟာ ချက်ချင်းရှာဖို့ မလွယ်ကူပါဘူး"

"အို...ဘာပဲဖြစ်ဖြစ် မင်းတို့ မဖြုတ်ရဘူးနော်..၊ လုံးဝ မဖြုတ်ရဘူး၊ ငါ့ကို ကတိပေးပါ...လုံးဝ မဖြုတ်ပါဘူးလို့"

ကမ္ဘာပျက်သလို သွေးရူးသွေးတန်းဖြစ်နေရှာတဲ့ ဒေါ်ခိုင်ကျော်အောင်ကို ကြည့်ပြီး..ဒေါက်တာဟိန်းထက်ဟာ စိတ်မကောင်းခြင်းကြီးစွာနဲ့ ခေါင်းညိမ့်ပြလိုက်မိတယ်။

"စိတ်ချပါ အန်တီ၊ အန်တီတို့ လူနာရှင် မိသားစုက ခွင့်မပြုမချင်း ကျွန်တော်တို့ သူ့ကို ဒီအတိုင်းပဲ ထားပါ့မယ်"

ဒေါက်တာဟိန်းထက်ဆီက ကတိစကားရတာနဲ့...ဒေါ်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်အောင် ယမုန်နာကို လှည့်ကြည့်လိုက်တယ်။

သူမ မသိအောင် ယမုန်နာ ခွင့်ပြုချက် ပေးလိုက်မှာကို စိုးရိမ်နေမိတယ်။

ဒါပေမယ့် ယမုန်နာဟာ အနားမှာ မရှိတော့ဘူး၊ မျက်နှာကို လက်ဝါးနှစ်ဘက်နဲ့အုပ်ပြီး ရှိုက်ငင်ရင်း ပြေးထွက်သွားတာ တွေ့လိုက်ရတယ်။

ဒေါ်ခိုင်ကျော်အောင် ဆောက်တည်ရာမရ ဖြစ်နေမိတယ်။

သားလေး မသေရဘူး။

သားကို မေမေ လောကကြီးထဲကနေ အရှုံးနဲ့ ထွက်ခွာခွင့်မပေးနိုင်ဘူး။

သားကို မေမေ ရအောင်ကယ်မယ်။

မေမေ ဘာလုပ်ရမလဲ။

ဘာလုပ်ရမလဲ။

ထူပူနေတဲ့ ဦးနှောက်ထဲမှာ လင်းခနဲ တစ်ချက်ဖြစ်သွားတယ်။

ဒေါက်တာထင်အောင်...။

ဒေါက်တာထင်အောင် တစ်ယောက်ပဲ သားကို ကူညီနိုင်လိမ့်မယ်။

သူမ ဖုန်းဆီ အမြန်ပြေးသွားလိုက်တယ်။

ရင်ထဲ တလှပ်လှပ် ခါနေတယ်။ နှလုံးသားတစ်ခုလုံး ဆုပ်ခြေထားသလို နာကျင်နေတယ်။

မေမေ ရင်ကွဲတော့မယ် သားရယ်။

ဒေါက်တာထင်အောင်ဆီက ဖုန်းထူးသံ ကြားလိုက်ရတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ အသက်မရှူစတမ်း မောမောဟိုက်ဟိုက် ဖွင့်ဟတိုင်တည်မိတော့တယ်။

"ဒါဟာ လုပ်ကြံမှုပဲ ကိုထင်အောင်၊ လုံး၀ မရိုးသားဘူး၊ သေချာတယ်၊ အရမ်းကို သေချာပါတယ်၊ ကျွန်မ ဘာမှလက်ဆုပ်လက်ကိုင်မပြနိုင်ပေမယ့် ကျွန်မ အလိုအလျောက် သိနေတယ်၊ အဲ့ဒါ မိခင်တစ်ယောက်ရဲ့ရင်ထဲက အသိတရားပဲ ကိုထင်အောင်ရဲ့...

ကျွန်မသားလေးဟာ ရိုးရိုးသားသား သေရတာ မဟုတ်ဘူး၊ သူတို့ ဝိုင်းလုပ်ကြံကြတာ၊ သားလေးပိုင်ဆိုင်တဲ့ ဥစ္စာစည်းစိမ်ကို သိမ်းပိုက်ချင်လို့ သူတို့ ခုလို ကြံစည်ကြတာ...

ယမုန်နာဆိုတဲ့မိန်းကလေးကို စမြင်လိုက်ကတည်းက သူဘာကြောင့် သားကို ချဉ်းကပ်ခဲ့သလဲဆိုတာ ကျွန်မ သံသယ ဖြစ်နေတာ၊ ပြီးတော့ ဒေါက်တာသီဟ၊ သူလည်း သားရဲ့အပေါင်းအသင်းအစစ် မဟုတ်နိုင်ပါဘူး၊ သူတို့ ပူးပေါင်းပြီး စနစ်တကျ အကွက်ချပြီး သားကို လုပ်ကြံကြတာဖြစ်မှာ...

သေချာတယ်...ဒေါက်တာဟိန်းထက် အပြင်ကို ဖုန်းထွက်ပြောတဲ့အချိန်မှာ ယမုန်နာ ပျောက်သွားတယ်၊ အဲ့ဒါ..အဲ့ဒါ..ကျွန်မတို့အတွက် သဲလွန်စပဲ"

စကားတွေ အများကြီး တရစပ် ပြောနေရင်းက သူမရဲ့ရင်ထဲမှာ တုန်ဟိုက်ပြီး မောလာတယ်။

မေမေ့တစ်သက်မှာ ဟော့ဒီလောက် ကြေကွဲမှုမျိုး တစ်ခါမှ မခံစားခဲ့ရဖူးဘူး သားရယ်။

မေမေဟာ လင်ယောက်ျားကို ဆုံးရှုံးခဲ့ဖူးတယ်။ သေကွဲ ကွဲခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ဒါပေမယ့် အဲ့ဒီအချိန်မှာ မေမေ့ရင်ခွင်ထဲမှာ သားလေးရှိနေတဲ့အတွက် မေမေ့ရဲ့ကြေကွဲမှုကို ထိန်းချုပ်နိုင်ခဲ့တယ်။ သားလေးနဲ့အတူ ရှေ့ဆက်ရမယ့် ဘဝခရီးအတွက် အားမာန်အပြည့်နဲ့ ဆက်လက်ချီတက်နိုင်ခဲ့တယ်။

သားလေးကို ဆုံးရှုံးရတော့မယ်ဆိုရင်တော့ မေမေဘယ်လိုဆက်လက်ရှင်သန်ရပ်တည်နိုင်မှာလဲ သားရယ်...

မေမေ့ဘဝမှာ သားလေးပဲ ရှိတာ...။

သားကိုသာ နှုတ်လိုက်ရင် မေမေ့ဘဝဟာ သုညပဲ၊ ဘာမှမကျန်တော့ဘူး။

မေမေ့ရင်ထဲ အရမ်းနာကျင်တယ် သား။

အား...အောင့်လိုက်တာ၊ အသက်ရှူရလည်း ကျပ်လိုက်တာ။

သူမ အားတင်းပြီး ဒေါက်တာထင်အောင်ကို စကားဆက်လိုက်တယ်။

"အမြန်လာခဲ့ပါ...သားကို ကယ်ပါ၊ သူနဲ့ သွေးအမျိုးအစားတူတဲ့ နှလုံးအသစ်ကိုလဲ..."

အား...မရ...မရတော့ဘူး။

အသက်ရှူလို့ မရတော့ဘူး။

ကျွန်မနှလုံးသားတွေ မခံမရပ်နိုင်တော့အောင် နာကျင်နေပြီ။

အသက်ရှူလို့မရ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၈)

## သား...

သားလေး ဘယ်မှာလဲ...မေမေ့သားလေး ဘယ်မှာလဲ...၊

သူမ သားကို နေရာအနှံ့ လိုက်ရှာဖွေနေမိတယ်။

ခွဲစိတ်ခန်းထဲမှာ...၊

ဟင့်အင်း...မရှိဘူး။

ဘယ်များ လျှောက်သွားနေလဲ သားလေးရယ်...။

သူမ မမောနိုင် မပန်းနိုင် သားလေးကို လိုက်ရှာမိတယ်။

ကြည့်စမ်း...၊ သားလေးက အိမ်ပြန်ရောက်နေတယ်။

သူမနဲ့ စကားပြောနေကျနေရာလေးမှာ...



www.burmeseclassic.com

www.burmeseclassic.com



"သား..."

သူမ သားဆီ ဝမ်းသာအားရ ပြေးသွားမိတယ်။

တကယ်တော့ ပြေးသွားတာ မဟုတ်ပါဘူး။

ပြေးလိုက်မယ်လို့ ရည်စူးမိတာနဲ့ အလိုအလျောက် လေနဲ့အတူ လွင့်သွားတော့တာ။

"ဟင်...မေမေ"

သားက အတော်အံ့ဩထိတ်လန့်သွားပုံပဲ။

"မေမေ ဘာလာလုပ်တာလဲ!"

လို့ မေးတယ်။

သားကြည့်ရတာ သူမ ဒီကိုရောက်လာတာကို နားမလည်နိုင်တဲ့ပုံနဲ့ ထိတ်လန့်တကြား ဖြစ်နေရှာတယ်။

"သားရယ်...သားမသိဘူးလားဟင်!၊ သားမရှိရင် မေမေလဲ မနေချင်ဘူး"

သားရဲ့မျက်လုံးတွေ ချက်ချင်း ညို့ရီမှိုင်းပြာလို့သွားတယ်။

"ဟင့်အင်း မေမေ၊ ဒီလို မလုပ်ရဘူး"

"သားလေး...သား အသက်ရှင်ရမယ်"

"သားအတွက် မကြိုးစားပါနဲ့တော့ မေမေရယ်၊ သား ကံကြမ္မာကို သားသိပါတယ်""

"သားသမီးတွေရဲ့ကံကြမ္မာကို မိခင်တွေက ကူညီကယ်တင်ပေးလို့ရပါတယ် သားရယ်၊ သားအတွက် မေမေ့မှာ သန်မာတဲ့ နွေးထွေးတဲ့ နလုံးသားရှိပါတယ်"

"မေမေရယ်...သား...သားလေ"



www.burmeseclassic.com

www.burmeseclassic.com



သားလေးဟာ အထစ်ထစ် အငေါ့ငေါ့နဲ့ အသံတွေလည်း တုန်လှိုက်လို့ နေရှာတယ်။

"မေမေ့စကားကို လက်မခံမိခဲ့လို့ မနာခံမိခဲ့လို့..သား ခုလိုဖြစ်ရတာ၊ သား တကယ် နောင်တရပါပြီ မေမေ၊ ဒါပေမယ့် မေမေ သားအတွက် အနစ်နာမခံပါနဲ့၊ မေမေ သားအတွက် မစတေးပါနဲ့၊ သား ဘဝသက်တမ်းက ဒီလောက်ပဲပါလာတယ်လို့ သား ဖြေတတ်ပါပြီ"

"ဟင့်အင်း ...မဟုတ်ဘူး၊ ဒါ သား ဘဝသက်တမ်း မဟုတ်ဘူး၊ ဒါ မေမေ မွေးဖွားပေးထားတဲ့ သားဘဝရဲ့သက်တမ်း မဟုတ်ဘူး၊ ဒါ ဟိုလူယုတ်မာတစ်စုရဲ့ လုပ်ကြံမှုပဲ၊ မေမေ့သားက သူတို့ရဲ့ထောင်ချောက်ထဲမှာ မိရမှာလား!၊ သူတို့ကို အရှုံးပေးရမှာလား!၊ သူတို့ဖြစ်စေချင်သလို အဖြစ်ခံရမှာလား!...

မေမေ သိတယ်...အစောကြီးကတည်းက သိတယ်၊ သားကို တားမရလို့သာ မေမေ လက်ပိုက်ကြည့်နေခဲ့ရတာ၊ သီဟဟာ သားအတွက် သူငယ်ချင်းကောင်းတစ်ယောက် မဟုတ်မှန်းလည်း မေမေ ရိပ်မိခဲ့တယ်...

ပြီးတော့ ယမုန်နာ၊ ယမုန်နာဟာလည်း တရားခံပဲ၊ ဆေးရုံမှာ သူ့ကို မေမေ မယုံသင်္ကာဖြစ်ခဲ့ရတာ သုံးခါတိတိ""

"ဟင်...မေမေသိတယ်!"

"ဟုတ်တယ် သား၊ နံပါတ်တစ် မေမေ ဒေါက်တာထင်အောင်ဆီ အကျိုးအကြောင်း ဖုန်းဆက်တော့ ဖုန်းခလုတ် ကပ်နေတယ်၊ နောက် သူက နံပါတ်(၅)ခလုတ်ဟာ ကပ်တတ်တဲ့အကြောင်း နှစ်ခါသုံးခါ နှိပ်မှ ရတတ်ကြောင်း ပြောတယ်၊ အဲ့ဒီထဲက မေမေ သူ့ကို သံသယဝင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူဟာ ဒီဆေးရုံနဲ့ မစိမ်းဘူး၊ ရင်းနှီးနှင့်ပြီးသားလူပဲ ဖြစ်ရမယ်"

သားရဲ့မျက်လုံးတွေထဲမှာ သူ့ဖနီးရဲ့မရိုးသားမှုကြောင့်... မလုံမလဲ ရှက်ရွံ့သွားပုံရတယ်။

"နံပါတ်နှစ်က ဆေးရုံဝန်ထမ်းတစ်ယောက်ဟာ သူ့ကို မြင်ဖူးကြောင်း လာပြောတယ်၊ အဲဒီတုန်းက သူ ငြင်းလိုက်တဲ့ပုံတွေက...ဖွတ်ညာပြီး ငြင်းတယ်ဆိုတာ သိသာတယ်...

နံပါတ်သုံးအနေနဲ့ ဒေါက်တာဟိန်းထက် ဖုန်းပြောနေတော့ ဒေါက်တာဟိန်းထက်ဟာ ဒီဆေးရုံက ဆရာဝန်မဟုတ်မှန်း သူသိနေတယ်၊ ဒါဟာလဲ ဒီဆေးရုံနဲ့သူ ပတ်သက်ဖူးကြောင်း သက်သေပဲ... အဆိုးရွားဆုံးက ဒေါက်တာဟိန်းထက် အပြင်ကို ထွက်လာတော့ သူ အကြာကြီး ပျောက်သွားခဲ့တယ်"

ကျွန်မပြောတဲ့စကားတွေကို သားဟာ ငြိမ်သက်ပြီးနားထောင်နေခဲ့တယ်။

"ကဲ...သားရေ"

သားအတွက် အချိန်ဟာ သိပ်မရှိတော့ဘူး။

ကျွန်မတို့ စကားတွေ အများကြီးပြောဖို့ အချိန်မရှိတော့ဘူး။

"သား...မေမေတို့ ခွဲခန်းထဲ ပြန်သွားရအောင်"

"ဟင့်အင်း မေမေ"

"မငြင်းပါနဲ့ သားရယ်၊ မေမေ့ကိုချစ်ရင် မငြင်းလိုက်ပါနဲ့ မေမေ ဒေါက်တာထင်အောင်ဆီ ဖုန်းဆက်ထားတယ်၊ သူ သားကို အကောင်းဆုံးဖြစ်အောင် ကူညီပေးဖို့ ရောက်လာလိမ့်မယ်၊ ကဲ...မေမေတို့ ခွဲခန်းထဲ ပြန်သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူ မေမေ့ကို ဘယ်လိုမှ ငြင်းလို့မရတော့ဘူး...

သူ မေမေ့ကို ဘာမှထပ်မပြောလိုက်နိုင်ခင်မှာပဲ သူနဲ့ မေမေဟာ ခွဲစိတ်ခန်းထဲကို ပေါ့ပါးမြန်ဆန်စွာ ရောက်ရှိလို့သွားတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၈)

ဘုရား...ဘုရား...

သူ အရမ်းကို တုန်လှုပ်အံ့ဩသွားတယ်။

မေမေ...

မေမေဟာ ခွဲစိတ်ခန်းထဲက ကုတင်ပေါ်မှာ။

သူ့ကိုယ်ခန္ဓာထားရာ ကုတင်ရဲ့ဘေးချင်းကပ်က ကုတင်ပေါ်မှာ။ ဒါ...ဒါဆို မေမေက...။

သူ ထိတ်လန့်တကြားနဲ့ ခွဲစိတ်ခန်းကို လှည့်ပတ်ကြည့်ရှုလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ခန်းထဲမှာ သီဟတို့အဖွဲ့တွေ မရှိတော့ဘူး။

ဒေါက်တာထင်အောင် ရောက်နေတယ်၊ နောက် ဒေါက်တာ ဟိန်းထက်..။

"ကျွန်တော် ရောက်သွားတဲ့အချိန်မှာ ဒေါ်ခိုင်ကျော်အောင် ဟာ အသက်မရှိတော့ဘူးဆရာ၊ ဘေးမှာ ဖုန်းခွက်တန်းလန်းနဲ့၊ ဖုန်း ပြောလက်စနဲ့ တွေ့တယ်"

"ဟုတ်တယ်...သူ ကိုယ့်ဆီ ဖုန်းဆက်နေတာ၊ သူ့သား ကော့စ် ကို ရင်ဖွင့်နေတာ၊ ကိုယ်လဲ အရမ်းစိုးရိမ်လို့ ချက်ချင်းလိုက်ချလာခဲ့ တာပဲ"

"ဒေါ်ခိုင်ကျော်အောင်ဟာ သားအတွက် ရင်ကွဲနာကျပြီး ဆုံး ရရှာတာ ထင်ပါရဲ့"

ဒေါက်တာထင်အောင်ဟာ စိတ်မကောင်းခြင်းကြီးစွာနဲ့ ခေါင်း တဆတ်ဆတ်ညိမ့်ကာ...

""သူသိပ်ချစ်တဲ့ သားအတွက် အကောင်းဆုံး ပေးဆပ်ခဲ့တာ ပဲ၊ အခုတော့ သူ့သားဟာ သိပ်ချစ်တတ်တဲ့အမေရဲ့နှလုံးသားနဲ့ ဆက် လက်ရှင်သန်ခွင့်ရတော့မယ်လေ၊ စင်ရော့်အတွက် သိပ်ရှားပါးတဲ့ သွေး အမျိုးအစားတူတဲ့နှလုံးဟာ သူ့အမေဆီက ရလိုက်ဖို့ ဖြစ်လာတာပဲ"

ဟင်...မေမေ...။

သူ ထိတ်လန့်တုန်လှုပ်စွာနဲ့ မေမေ့ကို လှည့်ကြည့်လိုက် တယ်။

မေမေက သူ့ကို ပြုံးပြီးကြည့်နေတယ်။

"ဟင့်အင်း...ဟင့်အင်း...မေမေ အဲ့လို မလုပ်ပါနဲ့၊ အဲ့လိုမလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ သားတစ်သက်လုံး ကြေကွဲပြီး ကျန်ရစ်ခဲ့ရအောင် မလုပ်ပါနဲ့၊ သား မေမေနဲ့ တမလွန်မှာပဲ အတူနေပါရစေ၊ သားဘဝဟောင်းကို ပြန် မသွားပါရစေနဲ့တော့"

သူ မေမေ့ကို တင်းတင်းဖက်ထားမိတယ်။

သူ ခုလို ဝိညာဉ်ဘဝနဲ့ပဲ မေမေနဲ့အတူ တမလွန်ကမ္ဘာမှာ နေခဲ့ချင်ပါတယ်။

မေမေ မရှိတော့တဲ့ လူ့ဘဝဟောင်းကို ပြန်မသွားချင်တော့ ပါဘူး။ မေမေက သူ့ကို ပြန်ခွာထုတ်တယ်။

"စင်ရော်..."

မေမေ့အသံက မာထန်နေတယ်။

"ဘာလို့ စိတ်ပျော့ညံ့နေရတာလဲ သား။ မင်းစိတ်ကိုမင်း ပြန် တင်းထားမှပေါ့၊ မင်းဟာ အမြိတမ်း တော်ခဲ့တဲ့သူပါ၊ မင်းဟာ အရွယ်နဲ့ မလိုက်အောင် ပါးနပ်ထူးချွန်ခဲ့တဲ့သူ၊ သား..ခွန်အားအပြည့်နဲ့ အောင် မြင်စွာ ကြီးပြင်းလာတာကို မေမေဂုဏ်ယူတယ်"

မေမေက ပြောလက်စ စကားကို ခဏနားလိုက်ပြီး သူ့ပခုံးကို ဖျစ်ညှစ်တယ်။

"သား မေမေမရှိဘဲ ရပ်တည်နိုင်ပါပြီကွာ"

သူ မေမေ့ကို ဘာမှပြန်မပြောနိုင်တော့ဘူး။

မေမေ့မျက်နှာဟာ ကြည်စင်တောက်ပနေတယ်။

မိခင်တစ်ယောက်ရဲ့ အလှပဆုံး ချစ်ခြင်းတရားနဲ့ သူ့ဝင် တောက်ပနေတယ်။

"သားအပေါ် အပြည့်အဝ နားလည်ချစ်ခင်နိုင်မယ့် ဇနီးမယား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သိပ်ချစ်စရာကောင်းတဲ့ သားသားမီးမီးလေးတွေနဲ့ ပျော်ရွှင်ကြည်နူး စရာကောင်းတဲ့ သားရဲ့မိသားစုဘဝလေးကို တမလွန်ကနေ ကြည့်ပြီး မေမေက ပီတိဖြစ်နေမှာပေါ့၊ ကဲ...သွားတော့ သားလေး"

မေမေ့နှုတ်ခမ်းပါးတွေ ပြုံးပြနေပေမယ့် မေမေ့မျက်ဝန်းထဲမှာ မျက်ရည်စတွေနဲ့ ပိတ်ဖုံးနေတယ်။

မေမေက ကျွန်တော့်ကို ညင်သာစွာ တွန်းလွှတ်လိုက်တယ်။

အဲ့ဒီအချိန်မှာပဲ ဒေါက်တာထင်အောင်ဟာ မေမေ့ရဲ့ မွန်မြတ် သန့်စင်လှတဲ့ ချစ်ခြင်းမေတ္တာဓါတ်တွေ ကြီးမားလှတဲ့ နှလုံးသားကို ကျွန်တော့်ရင်ဘတ်ထဲ ထည့်သွင်းပြီးစီးခဲ့ပါတယ်...

ကျွန်တော်ဟာ မျက်ရည်စတွေနဲ့ မေမေ့ကို လက်တစ်ချက်ပြ နှုတ်ဆက်လိုက်အပြီးမှာ ကျွန်တော့်ရဲ့ခန္ဓာကိုယ်အပေါင်းထဲကို နူးညံ့ ညင်သာစွာ ပြန်သက်ဆင်းလိုက်ပါတယ်။

သိမ့်ခနဲ ညိမ့်ခနဲ အေးမြတုန်ခိုက်သွားတာကို ခံစားလိုက် ရတယ်။

အဲ့ဒီအချိန်မှာ ဆေးရုံတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို ခံစားသိနဲ့ ကျွန်တော် သိလိုက်ရတယ်။

"သူတို့ကို ခေါ်သွားကြပြီလား!"

"ခေါ်သွားကြပြီ...ပြေးဖို့အချိန်မရလိုက်ကြပါဘူး"

ဒေါက်တာထင်အောင်နှင့်အတူပါလာသော စစ်ဆေးရေးအဖွဲ့ ကြောင့် သီဟတို့အုပ်စု ပြေးဖို့ကြိုးသော်လည်း မလွတ်တော့ပေ။

သူတို့နဲ့ ထိုက်တန်တဲ့လမ်းကို ဥပဒေက စီရင်ခဲ့ပြီပေါ့။

ယမုန်နာဆိုတဲ့ သိပ်ကိုရက်စက်တတ်တဲ့ မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါသွားခဲ့ပြီပေါ့။

အဲ့ဒီမိန်းမအတွက် သူ ဘာမှခံစားမနေမိတော့ပါဘူး။

သူမနဲ့ထိုက်တန်တဲ့ အကျိုးရလာဒ်အတွက် သူ့ဘက်က တုံ့ပြန်မှုဟာ ဥပေက္ခာတရားသက်သက်ပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၉)

အဖြူရောင်ဝတ်စုံနဲ့ သိပ်ကိုကျက်သရေရှိပြီး လှပနေတဲ့ မေမေ့ပုံရိပ်ဟာ တဖြည်းဖြည်းချင်း သူနဲ့ ဝေးဝေးသွားတယ်။

သူ့ မျက်ခွံတွေရဲ့လေးလံမှုဒဏ်ကို စိတ်ညစ်ညူးစွာနဲ့ ဖြည်းဖြည်းချင်း တွန်းမ ဖွင့်ဟကြည့်လိုက်တယ်။

ဖြူစင်တောက်ပလွန်းတဲ့ အလင်းရောင်က သူ့မျက်လုံးတွေကို ကျိန်းစပ်သွားစေတယ်။

"ဟဲလို...စင်ရော်"

ဒေါက်တာဟိန်းထက်က သူ့ကို ဝမ်းသာကြည်နူးစွာနဲ့ နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တယ်။

သူ ပြုံးပြဖို့ ကြိုးစားလိုက်တယ်။

ဒေါက်တာထင်အောင်က သူ့နားရွက်နားဆီ ငုံ့ကိုင်းလို့...ခပ်တိုးတိုးပြောတယ်။

"တို့ဆီ ပြန်လာတာကို ကြိုဆိုပါတယ် စင်ရော်"

ဟုတ်ပါတယ်...။

ဒေါက်တာထင်အောင် ပြောသလိုပဲ သူဟာ ပြန်လာခဲ့တဲ့သူပါ။

တမလွန်ကမ္ဘာကနေ ညင်သာသိမ်မွေ့စွာ ပြန်လာခဲ့တဲ့သူပါ။

မေမေ...ပေးတဲ့...

အသည်းနှလုံးနဲ့...

သူ...

နိုး..ထ..လာ..ခဲ့..ပါ..ပြီ။

သားသမီးအတွက် အသက်ကိုပင် ပေးဝံ့သော
မိဘတို့ကို..သားသမီးတိုင်း ချစ်ခြင်းမေတ္တာတွေ
ပြန်ပေးနိုင်ကြပါစေ။



www.burmeseclassic.com